# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


ကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း မိမိပြုသောကောင်းမှု အကျိုးမပေးသေး သမျှ မကောင်းကျိုးနှင့် တွေ့ရသေး၏၊ ကောင်းမှု အကျိုးပေးသောအခါ ထို ကောင်းမှုပြုသောသူသည် ကောင်းကျိုး ချမ်းသာနှင့် တွေ့ရ၏။

ဓမ္မပဒ-၁၂၀၊ အရှင်သေဋ္ဌိလ


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၂၃)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ ၂၀၁၆ ခုနှစ် မေ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် အာဆီယံ- ရုရှားဆက်ဆံရေး နှစ်(၂၀) ပြည့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဘာသာဝင်အသီးသီးတို့အနေဖြင့် မိမိတို့ဘာသာ၏ စစ်မှန်သောအဆုံးအမများ လိုက်နာကျင့်သုံးပြီး ငြိမ်းချမ်းညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ရေး ရှေးရှုလျက် နိုင်ငံတော်ဖွံ့ဖြိုးအောင်ကြိုးပမ်းသွားမည်

စာမျက်နှာ - ၅

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် MPC သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**သတင်း - မြတ်သန္တာမောင် ၊ ဓာတ်ပုံ - ကိုနေအောင်ခိုင်**

**ရန်ကုန် မေ ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ယနေ့ MPC သို့ လာရောက်ကြည့်ရှုစစ်ဆေးမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC) မှ ဦးလှမောင်ရွှေက "နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် အနေနဲ့ အရင်အစိုးရလက်ထက်က လည်ပတ်ခဲ့တဲ့ မြန်မာ ငြိမ်းချမ်းရေးစင်တာကို လာရောက်ကြည့်ရှုစစ်ဆေးတဲ့ သဘောပါပဲ။ အဓိကကတော့ မြန်မာငြိမ်းချမ်းရေးစင်တာမှာရှိတဲ့ အဆောက်အအုံတွေ သုံးစွဲမှုကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က သိလိုတာတွေကို မေးပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့က မေ ၉ ရက်နေ့တုန်းက NRPC ကို ပြန်လည်ဖွဲ့စည်းမယ်ဆိုတာမျိုး ပြောခဲ့တော့ အဲ့ဒါနဲ့လည်း ဆက်စပ်နိုင်ပါတယ်။ ကျွန်တော်တို့ နားလည်တာက နေပြည်တော်မှာလည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် လက်အောက်မှာ ဒီလိုရုံးမျိုး ရှိနိုင်သလို ရန်ကုန်မှာလည်း ရုံးခွဲတွေ ရှိနိုင်တယ်လို့ ထင်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ နှင့်အတူ

*စာမျက်နှာ ၃ ကော်လံ ၁* ❀



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) သို့ သွားရောက်ကြည့်ရှုစဉ်




မြန်မာ့အလင်း

# ဖြဟ္မစိုရ်ကျင့်စဉ်အခြေခံ

မတူကွဲပြားခြားနားသည့် လောကကမ္ဘာတွင် လူသားအားလုံး နေထိုင်နေကြရသည်။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ နိုင်ငံရေးစနစ်မတူ၊ စီးပွားရေး စနစ်မတူ၊ လူမျိုးမတူ၊ ယဉ်ကျေးမှုမတူ။ လူမျိုးတစ်မျိုးနှင့် တစ်မျိုးမှာ လည်း ဘာသာစကားမတူ၊ ဓလေ့ထုံးစံမတူ၊ ကိုးကွယ်ယုံကြည်မှုမတူ။ လူတစ်ဦးနှင့်တစ်ဦးမှာလည်း အကျင့်စရိုက်မတူ၊ စိတ်နေစိတ်ထားမတူ၊ အပြုအမူအနေအထိုင်တို့မတူ။

မတူညီသူများ အတူနေထိုင်ကြသည့် လောကကြီး တည်တံ့ခိုင်မြဲအောင် ထိန်းညှိတည့်မတ်ပေးသော၊ လောကကြီးကို စောင့်ရှောက်လျက်ရှိသော တရားများရှိနေသဖြင့်သာ လူသားတို့၏ လောကကမ္ဘာကြီး ပျက်စီးမသွားခြင်းဖြစ်သည်။ ပျောက်ကွယ်မသွားခြင်းဖြစ်သည်။ လောကကိုစောင့်ရှောက်သဖြင့် လောကပါလဟု ခေါ်ဆိုအပ်သော တရားလေးပါးရှိသည်။ အဆိုပါတရားလေးပါးတို့မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူ၍ ဖြစ်သည်။ ဤတရားလေးပါးကိုပင် မြတ်သောနေခြင်းဖြစ်၍ ဖြဟ္မဝိဟာရဟူ၍ လည်းကောင်း၊ မြတ်သော အကျင့်တို့ဖြစ်၍ ဖြဟ္မစရိယ (ဖြဟ္မစိုရ်) ဟူ၍လည်းကောင်း ခေါ်ဆိုပါသေးသည်။

မေတ္တာ၏သဘောမှာ သတ္တဝါအများ၏ ကောင်းကျိုးချမ်းသာကို လိုလားခြင်း၊ သူတစ်ပါး၏ ကောင်းကျိုးကို လိုလားခြင်းဖြစ်သည်။ မခက်ထန်ခြင်း၊ မကြမ်းတမ်းခြင်းသဘောလည်းဖြစ်၍ တစ်လောကလုံးက အနှစ်သက်ဆုံးလည်းဖြစ်သည်။

ကရုဏာ၏သဘောမှာ ဆင်းရဲသော၊ နိမ့်ကျသောသတ္တဝါများအပေါ် သနားကြင်နာခြင်းဖြစ်သည်။ ဆင်းရဲဒုက္ခရောက်သူကို ကယ်ဆယ်လိုခြင်း၊ စောင့်ရှောက်လိုခြင်း၊ ကူညီထောက်ပံ့လိုခြင်းသည် ကရုဏာဖြစ်သည်။

မုဒိတာ၏သဘောမှာ ပြည့်စုံကြွယ်ဝ ချမ်းသာကြသူများအပေါ် ဝမ်းမြောက်ခြင်းဖြစ်သည်။ ဥစ္စာစည်းစိမ်ဂုဏ်သိန်တို့ သမ္ပတ္တိဆိုက်နေသူများအပေါ် အဘိဇ္ဈာနှင့်ဣဿာစသည့်ယုတ်မာသောတရားတို့ မဖြစ်ပေါ်ဘဲ ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်ခြင်းဖြစ်သည်။

ဥပေက္ခာ၏သဘောမှာ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ သောမနဿ၊ ဒေါမနဿသဘောတို့မှ လျစ်လျူရှုခြင်းဖြစ်သည်။ မကောင်းခြင်း၊ ကောင်းခြင်းတို့သည် ပြုသူ၏ကံအဖြစ်သာ ရှုမြင်ကာ ချစ်ခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်း၊ မုန်းခြင်းတို့ကို စွန့်ခွာထားသည့်သဘောဖြစ်သည်။

ဆိုခဲ့ပြီးသော ဖြဟ္မစိုရ်တရားသဘောတို့ကို မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်၊ မည်သည့်အသားအရောင်ရှိသူတို့မဆို ကျင့်သုံးနိုင်ကြပြီး ဖြဟ္မစိုရ်တရား ထွန်းကားသည်နှင့်အမျှ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့်လူ့အဖွဲ့အစည်းမဆို ငြိမ်းချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ သာယာဝပြောခြင်းတို့ကို ရယူပိုင်ဆိုင်နိုင်ကြမည်မှာ ကေန်မလွဲပင်ဖြစ်သည်။

မည်မျှပင် မတူကွဲပြားစေကာမူ၊ ပဋိပက္ခများ၊ အကျပ်အတည်းများ၊ အတိုက်အခိုက်များ မည်မျှဖြစ်နေစေကာမူ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့လွှမ်းခြုံလာသည်နှင့်အမျှ မတူကွဲပြားမှုတို့အကြား ညီညွတ်မှုတို့ တည်ဆောက်နိုင်ကာ ပျော်ရွှင်ချမ်းမြေ့ဖွယ်လောကကမ္ဘာကို မျက်မှောက်ပြုနိုင်ကြမည်ဖြစ်ပါကြောင်း။ ။



# အောင်စိတ်

* ခါးသီးတဲ့
အတားအဆီးလည်း
ကျော်ဖြတ်မယ်။
* အခက်အခဲဆိုလည်း
လက်တွဲလို့ ဖြေရှင်းမယ်။
* ဓားတောင်နဲ့ မီးပင်လယ်
ကွယ်ပါစေ ဖြတ်မှာမို့။
* နေ့ရက်တို့
ရှေ့ဆက်ဖို့ အားမာန်မွေး
သွေးစည်းကြစို့။ ။

ကိုမြင့်ထွန်း (Quality)

## မိုးဆက်လက် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၄

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ (မိုး/ဇလ)

## ကြေးနီစီမံကိန်းကို စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာနှင့်အညီ ဆောင်ရွက်ရန်ဆန္ဒထုတ်ဖော်

**ကျောက်တံတား မေ ၁၄**

ကျောက်တံတားမြို့နယ် ဆူးလေဘုရားအနီး မဟာဗန္ဓုလပန်းခြံရှေ့၌ မေ ၁၄ ရက် နံနက် ၉ နာရီ က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအား စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာနှင့်အညီ ဆောင်ရွက်ရန် ဆန္ဒထုတ်ဖော်တောင်းဆိုမှုဖြစ်ခဲ့သည်။

ကြေးနီစီမံကိန်းကို ၂၀၁၆ ခုနှစ် မေ ၅ ရက်တွင် ပြန်လည်စတင်မည်ဟု ဝမ်ပေါင်ကုမ္ပဏီက ကြေညာပြီးနောက် ဒေသခံပြည်သူများက အစီရင်ခံစာကို လိုက်နာဆောင်ရွက်ရန် သက်ဆိုင်ရာသို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း လျစ်လျူရှုခံရမှုကြောင့် ယင်းဒေသ၌ ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပွားခဲ့သည်။

ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့တွင် ဆန္ဒထုတ်ဖော်သူ ဦးဝင်းချိုက "စီမံကိန်းကို ကန့်ကွက်နေတာ မဟုတ်ပါဘူး။ ဒေသခံပြည်သူတွေနဲ့ လုံခြုံရေးတာဝန်ခံတွေ အကြားမှာ ပဋိပက္ခတွေဖြစ်နေပါတယ်။ ဒေသခံတွေတောင်းဆိုတာက ရိုးရိုးလေးပါ။ ကုမ္ပဏီဘက်က အစီရင်ခံစာပါ စည်းကမ်းချက်တွေအတိုင်း လုပ်ပါ့မယ်လို့ ကတိတွေပေးခဲ့ပေမယ့် ဒေသခံတွေအဆိုအရ ဒီကတိတွေကို ဖောက်ဖျက်နေပါတယ်လို့ဆိုပါတယ်။ အဲဒီအစီရင်ခံစာပါအတိုင်း လုပ်ပါသလားဆိုတာကို အစိုးရသစ်ကတာဝန်ရှိသူတွေ စုံစမ်းပေးဖို့ပါ" ဟု ပြောသည်။

"ကြေးနီတောင်စီမံကိန်းပြဿနာကို အခု နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တင်ပြ သွားခဲ့တာပါ။ ဒါကြောင့် အစီရင်ခံစာဟာ သမာသမတ်ကျတယ်လို့မြင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောခဲ့သည်။



ဆန္ဒထုတ်ဖော်မှုကို ကျောက်တံတားမြို့မရဲစခန်းမှ ဒုတိယရဲမှူး ဝင်းတင် လာရောက်တားမြစ်စဉ်

ဆန္ဒထုတ်ဖော်ခြင်းအား ငြိမ်းချမ်းစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပန်းခြံသံပန်းများ၌ "လက်ပံတောင်းတောင်ဒေသခံများ တောင်းဆိုသော(စုံ/ ကော်) အစီရင်ခံစာနဲ့အညီ စီမံကိန်းလုပ်ဆောင်ပါ တောင်းဆိုမှုအား ကြိုဆိုထောက်ခံပါသည်" စသည်ဖြင့် ရေးသားထားသည့် ဗီနိုင်းများကို ချိတ်ဆွဲထားသည်။

ဆန္ဒထုတ်ဖော်ခွင့်အား မဟာဗန္ဓုလပန်းခြံရှေ့၌ ပြုလုပ်ရန် ဦးဝင်းချိုက ကျောက်တံတားမြို့မရဲစခန်းတွင် ခွင့်ပြုမိန့်တောင်းခံခဲ့သော်လည်း ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်အားကစားကွင်း၌သာ ခွင့်ပြုမိန့်ပေးထားခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကျောက်တံတားမြို့မရဲစခန်းမှ ဒုတိယရဲမှူး ဝင်းတင်က "ဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ဆေးမှုတွေပြုပြီးမှ အရေးယူမှုအပိုင်းကို ပြောလို့ရမှာပါ"ဟု မီဒီယာများ၏ အမေးစကားကို ဖြေကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ -ကိုကြီးတင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၄-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၈.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၄၉.၈၉ |
| ထိုင်း | တစ်ဘတ် | ၃၃.၀၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၉၆ |
| တရုတ် | တစ်ယွမ် | ၁၇၉.၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၄၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

❀ *ရှေ့ဖုံးမှ*

ဒေါက်တာ တင်မျိုးဝင်းလည်းလိုက်ပါပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် MPC အဆောက်အအုံမှ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။

ပြီးခဲ့သည့် မေ ၉ ရက်က အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre – NRPC) ဖွဲ့စည်းရေးဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်၏ သမ္မတအိမ်တော်၌ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာတင်မျိုးဝင်း၊ အစိုးရကိုယ်စားလှယ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကိုယ်စားလှယ် အဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာနမှ ကိုယ်စားလှယ်အဖြစ် ဦးမြင့်စိုး၊ ဦးခင်ဇော်ဦး၊ ဒေါက်တာ မင်းဇော်ဦးတို့ တက်ရောက်ခဲ့ကြသည်။

ယခင် အစိုးရလက်ထက်၌ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံငြိမ်းချမ်းရေးစင်တာ၏ လုပ်ငန်းများကို ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်တွင် ရပ်ဆိုင်းခဲ့သည်။

## နေပြည်တော်နှင့်မန္တလေး မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အမြင့်ဆုံးအပူချိန်အနေဖြင့် မန္တလေးမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်နှင့်ရန်ကုန်မြို့တို့ တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်အရှေ့ပိုင်း၊ တနင်္သာရီ၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**



## ဓာတ်ပုံစောဖိုးခွား၏ တစ်ကိုယ်တော်ဓာတ်ပုံပြပွဲပြသ

**ရန်ကုန် မေ ၁၄**

ဓာတ်ပုံစောဖိုးခွား၏ တစ်ကိုယ်တော်ဓာတ်ပုံပြပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလ စည်းရုံးရေးခရီးစဉ် အတွင်း ရိုက်ကူးထားသောဓာတ်ပုံများ ပြသထားသည်။

ဒေါ်အောင်ဆန်းစုကြည် ၇၁ နှစ်မြောက်မွေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောင်းရငွေအားလုံးကို သောက်ရေအတွက် အခက်အခဲရှိသော ဒေသများသို့ စက်ရေတွင်းတူးရန်လှူဒါန်း မည်ဖြစ်ပြီး ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် နဝဒေးလမ်းရှိ Think Art ပန်းချီ ခန်းမ၌ မေ ၁၃ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသထားမည်ဖြစ်သည်။

**ဓာတ်ပုံ - ရွှေအင်းသားခင်မောင်ဝင်း**

## မတူကွဲပြားခြားနားမှုများကို ချုပ်ငြိမ်းစေရေး ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးလမ်းလျှောက်မှုဖြင့် ပုံဖော်

**ရန်ကုန် မေ ၁၄**

မြန်မာနိုင်ငံတွင် ကိုးကွယ်ယုံကြည်ရာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ အတူနေထိုင်လျက်ရှိခြင်းကြောင့် မတူကွဲပြားခြားနားမှုများရှိသော်လည်း ပြည်သူအများစုမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုကြသည်။ သို့ဖြစ်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုကြောင်း ပြသသည့် နိုင်ငံရေးသိပ္ပံကျောင်းသားလူငယ်များ ဦးဆောင်ပါဝင်သော ဘာသာပေါင်းစုံငြိမ်းချမ်းရေးလမ်းလျှောက်ပွဲကို **(ယာပုံ)**ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်းပေါ်ရှိ ကျောက်မြောင်းမီးပွိုင့်လမ်းဆုံမှ စတင်ခဲ့သည်။



အဆိုပါ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး လမ်းလျှောက်အဖွဲ့သည် မေ ၁၄ရက် ညနေ ၃ နာရီတွင် ကျောက်မြောင်းမီးပွိုင့်မှ စုရပ်အဖြစ် စတင်ကာ ဗညားဒလလမ်းတစ်လျှောက် ပလာဇာရှေ့ မင်္ဂလာဈေးဟောင်းရှေ့၊ သိမ်ဖြူလမ်းမှတစ်ဆင့် ကုန်သည်လမ်း ယင်းမှတစ်ဆင့် ဆူးလေဘုရားလမ်းအတိုင်း မဟာဗန္ဓုလ ပန်းခြံရှေ့၌ အဆုံးသတ်သည်။ ယင်းမဟာဗန္ဓုလပန်းခြံရှေ့၌ ကျေးဇူးတင်လွှာနှင့်အတူ ငြိမ်းချမ်းရေးလမ်းလျှောက်ပွဲသို့ ဘာသာကြီးလေးခုမှ ပေးပို့သော သဝဏ်လွှာများကို ဖတ်ကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး လမ်းလျှောက်ပွဲကြီးကို ရန်ကုန်နိုင်ငံရေး သိပ္ပံကျောင်းသားများ အနေဖြင့် တစ်လကျော်ကတည်းက စီစဉ်လျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများကိုလည်း တစ်ပတ်အလိုကတည်းက ခွင့်ပြုမိန့်တင်ခဲ့ကြောင်း သိရသည်။ သို့သော် သတ်မှတ်လမ်းကြောင်းအတိုင်း ခွင့်မပြုခဲ့သော်လည်း ကြိုတင်စီစဉ်ထားပြီးဖြစ်သောကြောင့် ယခင်မူလ ရွေးချယ်ထားသည့် လမ်းကြောင်းအတိုင်းသာ လျှောက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## သီပေါ၌ တိုက်ပွဲရှောင်ဒေသခံများအား ကျန်းမာရေးစစ်ဆေးကုသမှုများဆောင်ရွက်

**သီပေါ မေ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် အယ်နီညိုရာသီဥတုနှင့်အတူ မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိရာ ဘော်ကြိုဘုရားကြီးနှင့် ရတနာရွှေဂူဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်းများ၌ တိုက်ပွဲရှောင်ခိုလှုံနေကြသော ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးဆိုင်ရာပညာပေးဟောပြောပွဲနှင့် စစ်ဆေးကုသမှုများကို မေ ၁၂ ရက်မှ စတင်၍ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာနန်းရှုပတန်က မိုးကာလတွင်ဖြစ်ပေါ်တတ်သော သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် နေထိုင်စားသောက်ရမည့် ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

၁၄-၅-၂၀၁၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယနေ့မွန်းလွဲမှ နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**(မိုး/ဇလ)**

## အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး အခမဲ့ထိုးပေး

**ချောက် မေ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းမှ ပံ့ပိုးသည့် အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးကို ဒုတိယအသုတ်(ပထမအကြိမ်) အဖြစ် ချောက်မြို့ရွှေပါရမီမေတ္တာဆေးခန်း၌ မေ ၁၄ ရက်က အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ချောက်မြို့နယ်)၊ ရွှေပါရမီမေတ္တာ ကျန်းမာရေးအလှူဆေးခန်း(ချောက်)၊ သွေးမေတ္တာပရဟိတအသင်း(ချောက်ရုံးခွဲ)၊ မိခင်မေတ္တာ မိဘမဲ့ကလေးဂေဟာနှင့် အမေ့အိမ်ပညာ ဒါနကျောင်း(ချောက်မြို့နယ်)တို့ပူးပေါင်း၍ ကာကွယ်ဆေးများ ထိုးပေးခဲ့ခြင်းဖြစ်ကာ စုစုပေါင်းလူဦးရေ ၅၀၀ ကို ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးပေးခြင်းမှာ လူထုတစ်ရပ်လုံးထိုးပေးရန်ဖြစ်ပြီး လူငယ်များကြားတွင် ကူးစက်မှုနှုန်းမြန်လျက်ရှိသောကြောင့် ဆယ်ကျော်သက်လူငယ်လူရွယ်များဖြစ်သော ကျောင်းသား ကျောင်းသူများ၊ မိဘမဲ့ကလေးများနှင့် သွေးလှူရှင်များကို ဦးစားပေးထိုးပေးကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## နမ့်ဆန်မြို့နယ်တွင် ပြည်သူများ၏ ကျန်းမာရေးအတွက် အခမဲ့လာရောက်ကုသပေး

**နမ့်ဆန် မေ ၁၄**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မြို့မဂိုဏ်းချုပ်ကျောင်းတွင် နမ့်ဆန်မြို့ပေါ်နှင့် ကျေးရွာများမှ မိဘပြည်သူများ၏ ကျန်းမာရေးကို အထူးကုဆရာဝန်ကြီးများမှ မေ ၁၂ ရက်မှ ၁၄ ရက်အထိ အခမဲ့ လာရောက်စစ်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။



ကျေးရွာအသီးသီးမှ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအပြင် အထွေထွေရောဂါများအတွက် အခမဲ့ ကုသဆောင်ရွက်ပေးလျက်ရှိပြီး ခွဲစိတ်ရန်လိုအပ်သည့် လူနာများနှင့် ရောဂါပြင်းထန်သည့် လူနာများကို နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိသည်။

တစ်နေ့လျှင် လူနာ ၅၀၀ ခန့် လာရောက် ဆေးကုသလျက်ရှိပြီး နေထိုင်စားသောက်ရေးအတွက် အခက်အခဲမဖြစ်စေရေး ဆရာတော်ဦးညာဏိတ ဦးဆောင်သည့် ကာလဒါန လူမှုကူညီရေးအသင်းသားများက ချက်ပြုတ်ကျွေးမွေးလျက်ရှိသည်။

ယခုကဲ့သို့ လာရောက်ဆေးကုသသောလူနာများအတွက် အခမဲ့ဆေးကုသပေးနိုင်ရန် အလှူရှင် ကပ္ပတိန်သန်းဦးနှင့် အဖွဲ့၊ ဒေါက်တာလှသိန်း-ဒေါ်နန်းမွန်ခမ်း (Royal Parkview Hotel)တို့က အကုန်အကျခံ လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဝါဒခံယူ

**ရန်ကုန် မေ ၁၄**

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဖန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညှော်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ (ယာပုံ)

**(နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ သာသနာရေးဆိုင်ရာ လျှောက် ထားလွှာကို သီးခြားဖော်ပြထားပါသည်။)**





ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဖန်းမော်ဆရာတော်က ဩဝါဒချီးမြှင့်ရာ၌ မိမိတို့သည် သာသနာအတွက် ဆောင်ရွက်ရာတွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုသာ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံရေးနှင့် နီးနွယ်သည့်ကိစ္စရပ်များကို ဆောင်ရွက်ခြင်းမပြုကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံလူဦးရေ ၅၁ သန်းကျော်အနက် ၄၇ သန်းကျော်သော ပြည်သူများသည် ဗုဒ္ဓဘာသာ ကိုးကွယ်သဖြင့် ကိုးကွယ်သည့် ဒကာ၊ ဒကာမများ၏ ဆန္ဒနှင့် လိုလားချက်များကို သာသနာတော်နှင့် ဒကာ၊ ဒကာမများ၏ အရေးအတွက် ဆောင်ရွက်ပေးရခြင်းလည်း ရှိကြောင်း၊ ဒကာမကြီး၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောခဲ့သော ဒကာမကြီး၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သည့် စကားလေးကို မိမိတို့လည်း အလွန်နှစ်ခြိုက်ပါကြောင်း၊ ယင်းမှာ နိုင်ငံကို မေတ္တာ၊ သစ္စာနှင့် အုပ်ချုပ်မည်ဆိုသည့် စကားဖြစ်ကြောင်း။

မင်းကောင်းမင်းမြတ်တို့မည်သည် ပြည်သူပြည်သားများ၏ အကျိုးကို ဆောင်ရွက်ရာ၌ ရင်ဝယ်သားကဲ့သို့ မေတ္တာထားပြီး နိုင်ငံတော်၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ကို စောင့်သိရှိသေရန် အထူးလိုအပ်ကြောင်း။

ဒကာမကြီး၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောသည့်အတိုင်း နိုင်ငံကို မေတ္တာ၊ သစ္စာနှင့် အုပ်ချုပ်မည် ဆိုထားသဖြင့် အတိုင်းထက်အလွန်ဖြစ်ကြောင်း၊ ယခုပဲ အစိုးရသစ်လွှဲပြောင်းပြီး လပိုင်းမျှအကြာ ဒကာမကြီးကိုယ်တိုင်လာပြီး မိမိတို့၏ ဩဝါဒကို နာခံသည် ဆိုသည်မှာ မြန်မာနိုင်ငံရှိ ၈၈ ရာခိုင်နှုန်းကျော်သော ဗုဒ္ဓဘာသာများက ဒကာမကြီးအပေါ် ချစ်ခင်အားကိုး ယုံကြည်မှုပိုလာကြမည် ဖြစ်ကြောင်း။

ဘာသာ သာသနာဆိုသည်မှာ ဘုရင်မင်းတို့က ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ပါမှ တိုးတက်စည်ပင်ဖွံ့ဖြိုးသည်ကို သမိုင်းကြောင်းအရ သိရှိပြီး ဒကာမကြီးလည်း အလားတူစွာ ဘာသာသာသနာကို စောင့်ရှောက်လိမ့်မည်၊ ချီးမြှောက်အားပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း မိန့်ကြားသည်။

ယင်းနောက် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး (ဝဲပုံ) နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ သန်လျင် မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ရေစက်ချ အနုမောဒနာတရားဟောကြား ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပညာရေးကောလိပ်များသည် ဆရာအတတ်ပညာများလေ့ကျင့်သင်ကြားမွေးထုတ်ပေးသော ဌာနကြီးဖြစ်

**နေပြည်တော် မေ ၁၄**

ပညာရေးကောလိပ်များသည် ဆရာအတတ်ပညာများကို လေ့ကျင့်သင်ကြားပေးရင်း စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး အရည်အသွေးရော အရည်အချင်းပါ ပြည့်မီသည့် ဆရာ ဆရာမများဖြစ်ပေါ်လာအောင် လေ့ကျင့်သင်ကြား မွေးထုတ်ပေးနေကြရသူများဖြစ်သည့်အတွက် လေးစားဂုဏ်ယူပါကြောင်း၊ ပညာရေးတွင် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာများအဆင့်မီကောင်းမွန်ရန်အတွက် အခြေခံပညာရေးကို ကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မူလတန်းပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်၍ အထူးကောင်းမွန်ရန် လိုအပ်ပါကြောင်း မန္တလေးပညာရေးကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား မေ ၁၃ ရက် နံနက် ၉ နာရီတွင် တွေ့ဆုံစဉ် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ အခြေခံပညာရေးကို လူတိုင်းသင်ယူခွင့်ရရှိအောင် ဆောင်ရွက်ရန်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး သီတင်းပတ် လုပ်ငန်းစဉ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အတွင်း ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျောင်းဝင်ကြေးအပါအဝင် မည်သည့်ငွေကြေးမှ ကောက်ခံခြင်းမပြုရန် တားမြစ်ထားကြောင်း၊ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်အပြင် ပညာရေးဝန်ကြီးဌာနက ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု အသိစိတ်ဓာတ်ဖြင့် မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အခြားသော ဝန်ကြီးဌာနများ၊ နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စာသင်ခန်းအတွင်းမှာပင် ကျောင်းသင်ခန်းစာများ ကျေညက်တတ်ကျွမ်းအောင်၊ အကျင့်စာရိတ္တကောင်းမွန်အောင် သင်ကြားပေးနိုင်သည့် သင်ကြားမှုစွမ်းရည်မြင့်မားအောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးဗိုလ်မြင့်က မန္တလေးပညာရေးကောလိပ်ဆိုင်ရာ အကြောင်းအရာများနှင့် မန္တလေးပညာရေးကောလိပ်အား ဒီဂရီကောလိပ်အဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေး၊ စာကြည့်တိုက် ထူထောင်ခွင့်ရရှိရေး ကိစ္စများကို ရှင်းလင်းတင်ပြပြီး ဆရာ ဆရာမများက သိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်လျက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ မန္တလေး အစိုးရစက်မှုလက်မှုသိပ္ပံ၊ မန္တလေးနည်းပညာတက္ကသိုလ်များသို့ ရောက်ရှိကာ ပါမောက္ခချုပ်၊ ကျောင်းအုပ်နှင့် ဆရာ ဆရာမများအားတွေ့ဆုံကာ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးပြီး ဝန်ထမ်းများအတွက် ဆက်လက်စီမံဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သက်မွေးအထောက်အကူပြု သင်တန်းဖွင့်

**ဂွ မေ ၁၄**

ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်နှင့် လက်သမားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေလပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသား ၅၀ တက်ရောက်ကာ သင်တန်းကို မေ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



**ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ဝန်ထမ်းမိသားစုများ မေ ၁၄ ရက်က သနပ်ပင်မြို့နယ်အတွင်းရှိ သောက်သုံးရေ ရှားပါးပြတ်လပ်နေသော ကသစ်ခုံ၊ ရွာသစ်နှင့် ဝဲပျံ ကျေးရွာများသို့ သောက်သုံးရေ ဂါလန် ၄၀၀၀ ကျော် သွားရောက်လှူဒါန်းစဉ်**

သန့်စင်(ပဲခူး)

# ဘာသာဝင်အသီးသီးတို့အနေဖြင့် မိမိတို့ဘာသာ၏ စစ်မှန်သောအဆုံးအမများ လိုက်နာကျင့်သုံးပြီး ငြိမ်းချမ်းညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ရေး ရှေးရှုလျက် နိုင်ငံတော်ဖွံ့ဖြိုးအောင် ကြိုးပမ်းသွားမည်

ရန်ကုန် မေ ၁၄

**နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လျှောက်ထားခဲ့သည့် သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဥက္ကဋ္ဌဆရာတော်ဘုရားကြီး အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများဘုရား-

သာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုတော်မူကြပြီး သိက္ခာတော်သုံးရပ် အကျင့်မြတ်ကို မပြတ်ဆည်းပူးအားထုတ်တော်မူလျက်ရှိကြသည့် သက်တော်ရှည်သာသနာ့ ဦးသျှောင်ဆရာတော်ဘုရားကြီးများအား လာရောက်ဖူးမြော်ဆည်းကပ်ကြည်ညိုခွင့်ရရှိပါသဖြင့် စိတ်နှလုံးကြည်နူးအထူးဝမ်းမြောက်၍ ကုသိုလ်တရားဖြစ်ပွားရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်သည် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းလက်ခံ၍ငြိမ်းချမ်းစည်ပင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန် ကြိုးပမ်းအားထုတ်လျက် ရှိကြပါသည်ဘုရား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်မှု ဘာသာဝင်ပေါင်းစုံတို့ဖြင့် ပေါင်းစုဖွဲ့စည်းထားသည်နှင့် လျော်ညီစွာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော တိုင်းရင်းသားကိုယ်စားလှယ်များက ပြည်သူလူထုအများစု၏ ဆန္ဒနှင့်အညီ ငြိမ်းချမ်းစည်ပင်ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကို တည်ဆောက်ရန် သန္နိဋ္ဌာန်ချမှတ်ကြပြီးဖြစ်ပါသည်ဘုရား။ ပြည်သူလူထု၏ ရွေးချယ်ခံအစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံအတွင်းရှိ တိုင်းရင်းသား မျိုးစုံ၊ ကိုးကွယ်မှု ဘာသာဝင်မျိုးစုံတို့ ၏ ဓမ္မနှင့်လျော်ညီ၍ သမာသမတ်ကျသော ဆန္ဒနှင့်မျှော်မှန်းချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းကူညီပေးရန် တာဝန်ရှိနေပါသည်ဘုရား။

ပိဋကတ်တော်စာပေ၌ မင်းအစိုးရတို့ လိုက်နာကျင့်ဆောင်ရမည့် ဒါန၊ သီလ အစရှိသော မင်းကျင့်တရား ဆယ်ပါး (ဒသရာဇဓမ္မ)တွင် အထူး ကျင့်ဝတ်တစ်ခုဖြစ်သည့် **“ရဟန်းရှင်လူ ပြည်သူလူထုနှင့် မဆန့်ကျင်ရခြင်း”(အဝိရောဓနကျင့်ဝတ်)** ကို အစိုးရအဖွဲ့အနေဖြင့် အစွမ်းနိုင်ဆုံးဖြည့်ဆည်းပေးရန် တာဝန်လည်း ရှိနေပါသည်ဘုရား။ ထိုတာဝန်ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါလျှင် နိုင်ငံသားအားလုံး မျှော်မှန်းလျက်ရှိကြသည့် အမျိုးဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို တစ်ပြိုင်နက်တည်း ထမ်းဆောင်ရာရောက်သည်ဟု မှတ်ယူထားကြပါသည်ဘုရား။

ဘုရားတပည့်တော်တို့သည် မြန်မာနိုင်ငံသားမိဘနှစ်ပါးမှ ပေါက်ဖွားဆင်းသက်လာသော ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ မြတ်ဗုဒ္ဓ၏ အနှိုင်းမဲ့အဆုံးအမတော်တို့ကို အစွမ်းနိုင်ဆုံး လိုက်နာကျင့်သုံးလျက်ရှိသည့် ဗုဒ္ဓဘာသာဝင်များဖြစ်ပါသည်ဘုရား။ မြတ်ဗုဒ္ဓဒေသနာတော်များသည် အစအလယ်အဆုံး ကောင်းကျိုးနှင့် ပြည့်စုံ ညီညွတ်ကြောင်း ကိုယ်တိုင်ခံစားသိရှိ မှတ်သားထားပါသည်ဘုရား။ အမှန်တကယ် လိုက်နာကျင့်ဆောင်သူတစ်ဦးအတွက် အခြေခံအကျဆုံး ဒါန၊ သီလ စသည့်လူ့လောက ဘဝနေနည်းမှအစ တစ်ကိုယ်ရေဘဝ အေးချမ်းသာယာရေး လက်တွေ့သမထကျင့်စဉ်နှင့် ဘဝအမြင် ထွင်းဖောက်ရှုမြင်ရေး လက်တွေ့ဝိပဿနာကျင့်စဉ်တို့၏ ကောင်းကျိုးများသည် ဗုဒ္ဓဘာသာဝင်များ၏ ဘဝမှီခိုအားထားရာ အကောင်းဆုံးနှင့် အမွန်မြတ်ဆုံး တရားများဖြစ်ကြောင်း လက်တွေ့ခံစားသိရှိခဲ့ရပါသည်ဘုရား။

မြတ်ဗုဒ္ဓဒေသနာတော်လာ မေတ္တာ-ကရုဏာ-မုဒိတာ- ဥပေက္ခာဟု ဆိုသော ဗြဟ္မစိုရ်တရားလေးပါးသည် သက်ရှိလောကတစ်ခုလုံးကို တစ်ပြေးညီဖြစ်စေရန် ထိန်းညှိတည့်မတ်ပေးသော တရားများဖြစ်၍ ထိုဗြဟ္မစိုရ်တရား လေးပါးကို လက်တွေ့ကျင့်သုံးခြင်းဖြင့် အမျိုးဇာတ်ခွဲခြားခြင်း၊ အသားအရောင် ခွဲခြားခြင်း၊ မိတ်ဆွေရန်သူခွဲခြားခြင်း၊ ယုံကြည်မှု အယူဝါဒခွဲခြားခြင်းစသည်တို့အပေါ် ကောင်းစွာ ချဉ်းကပ်မှုပြု နိုင်ပါသဖြင့် မြတ်ဗုဒ္ဓ၏ ဗြဟ္မစိုရ်ကျင့်စဉ် တရားတော်သည် လူ့လောကကြီးအတွက် လွန်စွာ အားကိုးမြတ်နိုးဖွယ်ဖြစ်ကြောင်း ခံစားနိုင်ပါသည်ဘုရား။ အစိုးရအဖွဲ့အနေဖြင့် ဘုရားရှင်၏ အဆုံးအမ ဗြဟ္မစိုရ်ကျင့်စဉ် အခြေခံဖြင့် မြန်မာနိုင်ငံတော်၏ အမျိုးဘာသာသာသနာ အကျိုးစီးပွားကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ခံယူထားပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ယင်းဗြဟ္မစိုရ် ကျင့်စဉ်ကိုပင် အခြေခံလျက် တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေး၊ အဂတိလေးပါး လိုက်စားမှုကင်းရှင်းရေး၊ လူတိုင်း၏ မွေးရာပါအခွင့်အရေးများ မဆုံးရှုံးရစေရေးစသည်တို့ ထွန်းကားလာအောင် ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ အမြဲကြိုးပမ်းထမ်းဆောင်သွားကြမည်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှု အများဆုံးဖြစ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်ဘုရား။ နိုင်ငံအတွင်း မြန်မာလူမျိုးများအပါအဝင် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ကိုးကွယ်ရာဘာသာဝင် အသီးသီးအားလည်း ဗြဟ္မစိုရ်ကျင့်စဉ်ဖြင့်ကူညီ အားပေးစောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ယုံကြည်ထားပါသည်ဘုရား။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမများအချင်းချင်း၊ ကိုးကွယ်ရာဘာသာ အယူဝါဒရှိသူအချင်းချင်းတို့အကြားတွင် ယုံကြည်ခြင်း၊ စာနာနားလည်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ အကျိုးလိုလားခြင်းတို့ကို အခြေခံလျက်အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ခွင့်ရှိကြမှသာလျှင် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ကြမှာ ဖြစ်ပါသည်ဘုရား။ ဘာသာဝင် အသီးသီးတို့အနေဖြင့်လည်း မိမိတို့ဘာသာ၏ စစ်မှန်ငြိမ်းချမ်းသော အဆုံးအမများကို လိုက်နာကျင့်သုံး နေထိုင်ကြပြီး ငြိမ်းချမ်းညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို ရှေးရှုလျက် နိုင်ငံတော်ငြိမ်းချမ်းဖွံ့ဖြိုးအောင် ကြိုးပမ်းသွားမည်ဖြစ်ပါသည် ဘုရား။

**နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများဘုရား-**

၁၉၈၀ ပြည့်နှစ်တွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပခဲ့ပြီးနောက် ထိုကာလမှစတင်၍ ငါးသိန်းကျော်ရှိသော သံဃာထုကိုယ်စားဖွဲ့စည်းထားသည့် နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့က တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့များကို ဦးဆောင်မှုပေးလျက် **“သံဃာ့ ကိစ္စ သံဃာဆောင်ရွက်ရေးမူ”** ဖြင့် ယနေ့ထက်တိုင် သံဃာ့အဖွဲ့ကြီးကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်မှာ အားရဂုဏ်ယူဖွယ်သမိုင်းမှတ်တိုင်ကြီး ဖြစ်ပါသည်ဘုရား။ နိုင်ငံတော်တစ်ဝန်းလုံးရှိ သံဃာထုကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက ဦးဆောင်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စများကို ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်စေဘဲ ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်လျက်ရှိသဖြင့်လည်း စင်စစ်အားဖြင့် မြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြုလျက်ရှိသည်ဟု မှတ်ယူကြရပါသည် ဘုရား။

ဘုရားတပည့်တော်တို့ အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်ခွင့်ရရှိသည့်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးမှု၌ ထင်သာမြင်သာရှိသော တိုးတက်မှုတစ်စုံတစ်ရာ ပြသနိုင်လိမ့်မည်ဟု မမိုတ်မသုန်ယုံကြည်ပါကြောင်းနှင့် ယင်းတိုးတက်ဖြစ်ထွန်းမှုကို ကြည့်ရှုလျက် ပြည်သူပြည်သားအားလုံး၏ “သာဓု” အကြိမ်ကြိမ်ခေါ်သံကို ဝမ်းမြောက်ရွှင်လန်းစွာ နာကြားခွင့်ရရှိအောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်သွားကြမည်ဖြစ်ကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့အနေဖြင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်ကြီးများအား ဖူးမြော်ခွင့်ကြုံတုန်းအခိုက်တွင် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံး အစဉ်ထာဝရ စည်းလုံးညီညွတ်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော် ကြီးပွားတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း လိုအပ်သောဩဝါဒများကို အချိန်အခါမရွေး ချီးမြှင့်ပေးနိုင်ပါရန် ရိုသေ လေးမြတ်စွာ လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ် အပ်ပါသည်ဘုရား။

**(သတင်းစဉ်)**

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ဦးဆောင်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စများကို ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်စေဘဲ ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်လျက်ရှိသဖြင့်လည်း စင်စစ်အားဖြင့် မြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြုလျက်ရှိ**

# စာအုပ်များကို အများပြည်သူစိတ်ဝင်စားပြီး ဖတ်ချင်စဖွယ်ဖြစ်အောင် ပုံနှိပ်ထုတ်ဝေရေးဆွေးနွေး

**ရန်ကုန် မေ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် (၂၂/၂၄)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)သို့ သွားရောက်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပညာအလင်းခေတ်မီစာကြည့်တိုက်၏ ကလေးစာဖတ်ခန်း၊ ရည်ညွှန်းစာဖတ်ခန်း၊ အများပြည်သူစာဖတ်ခန်း၊ အင်တာနက်ခန်း၊ သင်တန်းခန်းမနှင့် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်ကို လှည့်လည်ကြည့်ရှုပြီး စာအုပ်အရောင်းဆိုင် တိုးချဲ့မြှင့်တင်ရေးနှင့် စာအုပ်များ စနစ်တကျထားရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာပေဗိမာန်အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ စာပေဗိမာန်စာအုပ်ဆိုင် တိုးချဲ့မြှင့်တင်ရေးနှင့် စာအုပ်စာတမ်းများ အစုံအလင်ထားရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် စာပေဗိမာန် စာတည်းမှူးချုပ်က စာပေဗိမာန်ဖွဲ့စည်းပုံနှင့် စာပေဗိမာန်ထုတ်စာအုပ်များ ထုတ်ဝေရောင်းချမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စာပေဗိမာန် စာမူဆုနှင့် စာပေဆုရွေးချယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မြန်ဆန်ဆန် လုပ်ဆောင်ရေး၊ စာအုပ်ထုတ်ဝေသူက မိမိစာအုပ်ရောင်းရမှုကို သိနိုင်ရန် ဝက်ဘ်ဆိုက်တစ်ခုထားရှိရေး၊ ပြည်ပ ပညာရှင်များခေါ်ယူပြီး စာအုပ်လောက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး၊ စာအုပ်များကို အများပြည်သူ ပိုမိုစိတ်ဝင်စားပြီး ဖတ်ချင်စဖွယ်ဖြစ်အောင် ပုံနှိပ်ထုတ်ဝေရေး၊ စာပေဆုရွေးချယ်ရာတွင် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်နှစ်အတွင်း ထုတ်ဝေသော စာအုပ်များကိုသာ စဉ်းစားရွေးချယ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



# ထိန်းချုပ်ကာကွယ် ကြက်ငှက်တုပ်ကွေးအန္တရာယ်

**တိရစ္ဆာန်ဆေးကုသုတေသီတစ်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်၌ မွေးမြူထားသော ကြက်များသည် (၃၁-၃-၂၀၁၆)ရက်မှစ၍ ပုံမှန်မဟုတ်သော ကြက်သေဆုံးမှုရှိကြောင်း သတင်းပေးပို့မှုအရ မုံရွာမြို့နယ် တိရစ္ဆာန်ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်းမှ Rapid Test Kit ဖြင့် စမ်းသပ်ခဲ့ရာ သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

**ကြက်မွေးမြူရေးဇုန်၏ သမိုင်းအနေအထား**

မုံရွာမြို့၌ ၂၀၀၆ ခုနှစ်၊ မတ်လအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့၍ ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းပြီးနောက် ပြန်လည်မွေးမြူမှုအစီအစဉ်နှင့် ရေရှည် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအရ ဇီဝလုံခြုံမှုကောင်းမွန်သော မွေးမြူရေး အလေ့အကျင့်များရရှိစေရန် မွေးမြူရေးပြန်လည်ထူထောင်ရေးအတွက် ကြက်/ငုံးမွေးမြူရေး အထူးဇုန်ကို (၄-၁-၂၀၀၇) ရက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ကြက်/ငုံး မွေးမြူရေးအထူးဇုန်သည် မုံရွာမြို့အရှေ့ဘက် ခြောက်မိုင်အကွာ အက်တောကျေးရွာနှင့် ကျောက်စစ်ပုံ(တောင်) ကျေးရွာကြား ဦးပိုင် အကွက်အမှတ်၊ (၃၄၀/၃၄၁/၆၆၁) ကျောက္ကာဖျိုင်းခြေရာကွင်း၌ တည်ရှိပြီး မြေဧရိယာ ၁၂၃ ဒသမ ၄၅ ဧက ကျယ်ဝန်းပါသည်။ မွေးမြူရေးအထူးဇုန်တွင် မွေးမြူရေးခြံကွက်ပေါင်း ၃၃၀ ရှိ၍ ခြံတစ်ခြံ၏ အကျယ်အဝန်းမှာ ပေ ၁၀၀ ပတ်လည်ရှိပြီး ၂၀၁၅ ခုနှစ်အထိ ကြက်/ငုံးမွေးမြူရေးအထူးဇုန်အဖြစ်တည်ရှိ၍ ၂၀၁၅ ခုနှစ် H5N1 ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားပြီးနောက် ဥစားကြက်များအား သီးသန့်မွေးမြူသော ကြက်မွေးမြူရေးဇုန်အဖြစ် ပြောင်းလဲမွေးမြူထားရှိပါသည်။ မွေးမြူရေးအထူးဇုန်တွင် မွေးမြူရေးအထောက်အကူပြု အစာဆိုင်၊ ဥဒိုင်များနှင့် လူနေအိမ်များရှိနေခြင်းသည် ဇီဝလုံခြုံမှုဆောင်ရွက်ရာတွင် ကြီးစွာသော အဟန့်အတားဖြစ်လျက်ရှိပါသည်။

**ရောဂါထိန်းချုပ်ရေးဆောင်ရွက်ချက်များ**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့၊ သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ ဓာတ်ခွဲခန်းတာဝန်ခံများသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်တားဆီးရေးအဖွဲ့ဝင်များ၊ မုံရွာခရိုင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ် အဆင့်အဖွဲ့ဝင်များ၊ ဇုန်ကော်မတီအဖွဲ့ဝင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့ကြပါသည်။

**ဖြစ်ပွားသောရောဂါ**

ရန်ကုန်နှင့် မန္တလေးတိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများ၏ အဖြေအရ အချို့ခြံများ၏ ကြက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ H5၊ H9N2 ဗိုင်းရပ်စ်ပိုးတွေ့ရှိ၍ အချို့ခြံများတွင် H9N2 ဗိုင်းရပ်စ်ပိုးကို တွေ့ရှိရပါသည်။ ဓာတ်ခွဲခန်းအဖြေအား အတည်ပြုနိုင်ရန်အတွက် ဩစတြေးလျနိုင်ငံ ဂျီလောင်းရှိ အပြည်ပြည်ဆိုင်ရာကိုးကားဓာတ်ခွဲခန်းသို့ နမူနာပစ္စည်းများ ပေးပို့စစ်ဆေးခဲ့ရာတွင် ကနဦးအစီရင်ခံစာအရ H9N2 ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ရကြောင်းနှင့် (၁၁-၅-၂၀၁၆) ရက်တွင် H5 ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ရကြောင်း ပြန်ကြားအတည်ပြုပေးခဲ့ပါသည်။

**OIE သို့ အရေးပေါ် အသိပေးချက်အစီရင်ခံစာပေးပို့ခြင်း**

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ OIE သို့ (၁၆-၄-၂၀၁၆) ရက်တွင် ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားခဲ့ကြောင်း အရေးပေါ်အသိပေးချက်အစီရင်ခံစာ ပေးပို့ခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ အမျိုးသားရေးမူဝါဒ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် နိုင်ငံ၏မွေးမြူရေးလုပ်ငန်းများတိုးတက်မြင့်မားရန်နှင့် တိရစ္ဆာန်ရောဂါများ ကင်းဝေးစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။ အဓိကရည်မှန်းချက်မှာ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ HPAI ကို ရောဂါဖြစ်ပွားရာ

> **၂၀၀၃ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဧပြီလအထိ ကမ္ဘာပေါ်တွင် H5N1 လူသို့ကူးစက်မှု အကြိမ်(၈၅၀) ရှိခဲ့ပြီး ၄၄၉ ဦး သေဆုံးခဲ့ပြီးဖြစ်ပါသဖြင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ကမ္ဘာတစ်ဝန်းတွင် အလေးထားဆောင်ရွက်လျက်ရှိ**

ဒေသ (ဇုန်) နှင့် နေရာဌာန (Compartment) များအားလုံးမှ ကင်းစင်ပပျောက်သွားရန် ဖြစ်ပါ သည်။ မြန်မာနိုင်ငံတွင် အပျော့စား ကြက်ငှက်တုပ်ကွေးရောဂါ LPAI သည် သတင်းပေးပို့ရန် ရောဂါတစ်ရပ်အဖြစ် မပြဋ္ဌာန်းသေးပါ။ သို့ရာတွင် သတင်းပေးပို့ရမည့် HPAI ဖြစ်စေ LPAI ဖြစ်စေ စောလျင်စွာ ဖော်ထုတ်ခြင်း၊ ချက်ချင်းတုံ့ပြန်ခြင်း (ဇီဝလုံခြုံမှုများမြှင့်တင်ခြင်း၊ ပိုးသတ်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ထိန်းချုပ်၍ဈေးကွက်တင်ခြင်း၊ စနစ်တကျဖယ်ရှားခြင်း) မရှိခဲ့သော် မွေးမြူရေးလောကတွင် ကြီးမားသော ဆိုးကျိုးကြီးများနှင့် ကြုံတွေ့လာမည်ဖြစ်ပါသည်။ ပြည်သူ့ကျန်းမာရေး ရှုထောင့်အရလည်း စိုးရိမ်ပူပန်ရနိုင်ပါသည်။ လူသားဆန်စွာ ကြက်ငှက်များဖယ်ရှားခြင်း၊ ရောဂါဖြစ်နေရာ၌ ရှင်းလင်းခြင်းသည် ရောဂါဖြစ်ရာခြံမှ နောက်ထပ်ရောဂါပျံ့နှံ့မှု မရှိစေရန် အထောက်အကူပြုပါသည်။ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် အများပြည်သူ့အခန်းကဏ္ဍတို့သည် ရောဂါကာကွယ်ရေး၊ ရောဂါကူးစက်မှုကို လျော့ပါးအောင် ဆောင်ရွက်သည့် မဟာဗျူဟာများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကြက်မွေးမြူရေးလောကတွင် ပါဝင်ပတ်သက်နေကြသူလူတန်းစားလွှာအသီးသီးအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။

**အပြင်းစား H5N1နှင့် H5 မျိုးကွဲများ ရောဂါဖြစ်ပွားမှု**

အာရှဒေသတွင်တွေ့ရှိရသော Asian Lineage H5N1 ဗိုင်းရပ်စ်ပိုးကို အရေးပေါ်အသိပေးအစီရင်ခံစာပေးပို့ရမည့် အပြင်းစား ကြက်ငှက်တုပ်ကွေးပိုး HPNAI အဖြစ် သတ်မှတ်ထားပါသည်။ ၂၀၁၆ ခုနှစ်အတွင်း အပြင်းစားကြက်ငှက်တုပ်ကွေးပိုး HPNAI များဖြစ်သော H5N1၊ H5N2 နှင့် H5N6 ရောဂါဖြစ်ပွားမှုများ အိမ်နီးချင်း တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားတွေ့ရှိခဲ့ပါသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဧပြီလအထိ ကမ္ဘာပေါ်တွင် H5N1 လူသို့ကူးစက်မှု အကြိမ် (၈၅၀) ရှိခဲ့ပြီး ၄၄၉ ဦး သေဆုံးခဲ့ပြီးဖြစ်ပါသဖြင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ကမ္ဘာတစ်ဝန်းတွင် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

**အပျော့စား H9N2 ဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှု**

H9N2 သည် သမိုင်းကြောင်းအရလည်းကောင်း OIE *Terrestrial Animal Health Code* အရလည်းကောင်း အပျော့စား ကြက်ငှက်တုပ်ကွေးပိုး LPAI အဖြစ် သိရှိထားခဲ့သော်လည်း ၁၉၉၀ ပြည့်လွန်နှစ်များမှစတင်၍ နိုင်ငံများစွာ (ဂျာမနီနိုင်ငံ၊ အီတလီနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနိုင်ငံ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၊ အီဂျစ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများရှိ ကြက်၊ ဘဲနှင့် ကြက်ဆင်မွေးမြူရေးခြံများတွင် ရောဂါဖြစ်ပွားမှုများနှင့်ထုတ်လုပ်မှု စီးပွားရေးဆိုးရွားစွာ ထိခိုက်စေသည့် ကူးစက်မြန်ရောဂါအသွင် တွေ့ကြုံလာခဲ့ရပြီး နည်းမျိုးစုံဖြင့် ထိန်းချုပ်လာခဲ့ကြရပါသည်။ H9N2 လူသို့ကူးစက်မှု ဟောင်ကောင်တွင် ၁၉၉၉ ခုနှစ် တွင် နှစ်ကြိမ်၊ ၂၀၀၃ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၃ ခုနှစ်တွင် လူအချို့သို့ ကူးစက်မှုရှိခဲ့ကြောင်း အထောက်အထားများ တွေ့ရှိခဲ့ပါသည်။ စိုးရိမ်လာကြသည့် ပထမအချက်မှာ H9N2 သည် ကြက်ငှက်များအတွက် ယခင် အပျော့စား ဗိုင်းရပ်စ်ဟု ယူဆထားခဲ့ကြသော်လည်း ဓာတ်ခွဲခန်းတွင် ရောဂါပြင်းထန်မှုလေ့လာချက်များအရ အချို့ မျိုးကွဲများသည် သေဆုံးမှု ၃၀ ရာခိုင်နှုန်းအထိဖြစ်ပေါ်စေနိုင်ပြီး မျိုးရိုးဗီဇပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသဖြင့် H9N2 အကြောင်းကို ပိုမိုသိရှိလာနိုင်ရန် သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြပါသည်။ ဒုတိယအချက်မှာ လူသို့ ကူးစက်မှုဖြစ်ပွားခဲ့ပြီး ကပ်ရောဂါအတွက် စိုးရိမ်ခဲ့ရသော ၁၉၉၇ ခုနှစ် ဟောင်ကောင် H5N1 နှင့် ၂၀၁၃ ခုနှစ်နောက်ပိုင်း တရုတ်နိုင်ငံတွင်တွေ့ရှိခဲ့ရသော H7N9 ဗိုင်းရပ်စ် (ကြက်ငှက်အတွက် အပျော့စားဗိုင်းရပ်စ်)၏ မျိုးရိုးဗီဇအစိတ်အပိုင်း ရှစ်ခုအနက် အတွင်းပိုင်း မျိုးရိုးဗီဇအစိတ်အပိုင်း ခြောက်ခုသည် H9N2 မှ ရရှိခဲ့ကြောင်း၊ သိပ္ပံနည်းကျအထောက်အထားများအရ H9N2 ဗိုင်းရပ်စ်သည် HPAI ဆင့်ကဲပြောင်းလဲမှု (Evolution) ဖြစ်စဉ်များတွင် Gene Donor အဖြစ် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း လက်ခံယူဆလာပါသည်။ OIE *Terrestrial Health Code* စာရင်းမဝင် ဗိုင်းရပ်စ်ဖြစ်သော်လည်း အကယ်၍ H5 နှင့် H9 ဗိုင်းရပ်စ်မျိုးကွဲများ ကြက်များတွင် လှည့်လည် ကူးစက်မှုကို သင့်လျော်သည့် နည်းလမ်းများဖြင့် မထိန်းချုပ်လျှင် Gene Assortment ရောနှောပေါင်းစပ်မှုများ ဖြစ်ပေါ်ပြီး ကပ်ရောဂါ အသွင်ဖြစ်ပေါ်လာနိုင်ပြီး အဆိုပါအန္တရာယ်မှ ကာကွယ်ရန်နှင့် မွေးမြူရေးလုပ်ငန်းများတွင် ဆုံးရှုံးမှုများမှကာကွယ်ရန် အချို့နိုင်ငံများတွင် ဇီဝလုံခြုံမှု အစီအမံများ တိုးမြှင့်ခြင်းနှင့် Controlled Depopulation များ ဆောင်ရွက်ကြပါသည်။ အထက်ပါအစီအမံများအပြင် သင့်လျော်သောကာကွယ်ဆေးဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရန် ကြိုးစားဆောင်ရွက်ကြသော နိုင်ငံအချို့လည်း ရှိပါသည်။

**ရောဂါထိန်းချုပ်ရန်လိုအပ်သည့် အခြေခံအကြောင်းအရင်းများ**

ကျွမ်းကျင်သူများလက်ခံထားကြသည့်အချက်မှာ အန္တရာယ်ရှိသော ကြက်ငှက်တုပ်ကွေးပိုးများ တွေ့ရှိခဲ့သည့် ကြက်များတွင် ထိန်းချုပ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းသည် စီးပွားဖြစ်နှင့် တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေးလုပ်ငန်းများတွင် ဆုံးရှုံးမှုမှ ကာကွယ်ရန်နှင့် ပြည်သူ့ကျန်းမာရေးကာကွယ်ရာတွင် အထိရောက်ဆုံးနည်းလမ်းဖြစ်ပါသည်။ ဆောလျင်စွာ ရောဂါရှာဖွေခြင်း၊ အချိန်မီထိန်းချုပ်ခြင်းဖြင့် လူမှုစီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်မှုအနည်းဆုံးဖြစ်စေနိုင်ကြောင်းတင်ပြအပ်ပါသည်။



**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးမှ စီမံချက်အရ မိုးမကျမီကာလအတွင်း ရေကြောင်းပို့ဆောင်ရေး ဘေးကင်းလုံခြုံမှုရှိရေး၊ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ဆွေးနွေးပွဲကို မေလဒုတိယပတ်က တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အထက်မြန်မာပြည်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်ဝန်ထမ်းများအား ဟောပြောဆွေးနွေးစဉ်**
(မြန်မာ့အလင်း)

## ပြောင်းရွှေ့နေထိုင်သူများကို နိုင်ငံသားကတ်နှင့် အိမ်ထောင်စုစာရင်းထုတ်ပေးရေးဆွေးနွေး

**ကျွန်းလှ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ရက်(၁၀၀)သစ္စာစီမံချက်ဖြင့် ပြောင်းရွှေ့နေထိုင်သူများအား နိုင်ငံသားစိစစ်ရေး ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းကို မေ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်မြင့်က ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြီး တိုက်နယ်မှူးများက ရပ်ကွက်/ကျေးရွာအလိုက် စာရင်းပြုစုထားမှုအခြေအနေအား တင်ပြကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူတို့က အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## အရည်အသွေး အာမခံမှုဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် မေ ၁၄**

အရည်အသွေးအာမခံမှုစနစ်နှင့် ပတ်သက်သည့် ISO 9001;2015 Internal Auditor Training-Risk- Based Thinking Approach towards Sustainability and Business Excellence သင်တန်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် ရွှေရတုခန်းမ၌ မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ပြုလုပ်ရာ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်ရှစ်ခုမှ သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**






အယ်နီညိုနှင့် လာနီညာ နှိုင်းယှဉ်ချက် ဂရပ်ပုံ

*✻ ကျောဖုံးမှ*

**မေး ။ အခုဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပွားနိုင်တဲ့ လေဖိအားနည်းရပ်ဝန်းနဲ့ပတ်သက်တဲ့ အကျိုးသက်ရောက်မှုကို သိပါရစေ။**

ဖြေ ။ ခုလောလောဆယ် ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းအဆင့်ကို မရောက်သေးပါဘူး။ ဒီနေ့အတွက် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေထုတွေ မငြိမ်မသက်ဖြစ်နေတယ်။ သူ့မှာရှိတဲ့ တိမ်တွေရဲ့အပူချိန်ဟာ လေဖိအားနည်းရပ်ဝန်းဖြစ်ဖို့ အင်္ဂါပြည့်စုံနေတယ်။ လေထုလည်ပတ်မှုမရှိသေးတဲ့အတွက် ဒီနေ့ည ဒါမှမဟုတ် မေ ၁၅ ရက်မှာ လေဖိအားနည်းရပ်ဝန်းအဆင့်ရောက်နိုင်ပါတယ်။

**မေး ။ ဒီလေဖိအားနည်းရပ်ဝန်းနဲ့ပတ်သက်လို့ နိုင်ငံတကာ မိုးလေဝသအေဂျင်စီတွေရဲ့ခန့်မှန်းချက်တွေကိုလည်း သိလိုပါတယ်။**

ဖြေ ။ နိုင်ငံတကာ မိုးလေဝသအေဂျင်စီတွေရဲ့ခန့်မှန်းချက်ကတော့ မေ ၁၅ ရက်မှာ လေဖိအားနည်းရပ်ဝန်းအနေနဲ့ရောက်ရှိပြီး မေ ၁၆ ရက် ည မေ ၁၇ ရက် နံနက်ပိုင်းမှာ မုန်တိုင်းငယ်အဆင့်ကိုရောက်ပြီး အိန္ဒိယနိုင်ငံတောင်ပိုင်းကို ဝင်သွားမယ်လို့ခန့်မှန်းထားပါတယ်။ အိန္ဒိယနိုင်ငံမိုးလေဝသဌာနကတော့ အိန္ဒိယနိုင်ငံတောင်ပိုင်းကို မုန်တိုင်းဝင်ရောက်ပြီး ဘင်္ဂလားပင်လယ်အော်ထဲကို ပြန်ထွက်လာမယ်။ ပြီးရင် ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းအတိုင်း လျှောက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းစပ်နဲ့ ကျွန်တော်တို့နိုင်ငံကို ဝင်နိုင်တယ်လို့ ခန့်မှန်းထားတယ်။

ဥရောပမိုးလေဝသအေဂျင်စီရဲ့ခန့်မှန်းချက်ကတော့ ဘင်္ဂလားပင်လယ်အော်ထဲမှာဖြစ်မယ့် လေဖိအားနည်းရပ်ဝန်းဟာ မေ ၁၇ ရက်မှာ မုန်တိုင်းငယ်အဆင့်ကိုရောက်ပြီး မေ ၁၈ ရက်မှာ အိန္ဒိယနိုင်ငံကိုဝင်မယ်။ အဲဒီကမှတစ်ဆင့် အာရေဗီယံပင်လယ်ထဲကို ဝင်သွားမယ်လို့ ခန့်မှန်းထားပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ သချာ်ပုံစံပြုမော်ဒယ်တွေကို ခန့်မှန်းတွက်ချက်ပြီး မိုးလေဝသ သတင်းတွေကို ထုတ်ပြန်ပါတယ်။ ကျွန်တော်တို့ရဲ့ ခန့်မှန်းချက်ကတော့ နောက်နှစ်ရက်မှာ မုန်တိုင်းငယ်အဆင့်ကို ရောက်ပြီး အိန္ဒိယနိုင်ငံကမ်းခြေကိုဝင်ကာ မေ ၁၈၊ ၁၉ မှာ ပြန်ထွက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ အဓိကကတော့ မုန်တိုင်းဟာ ဘင်္ဂလားပင်လယ်ထဲမှာဖြစ်တဲ့အတွက် မြန်မာကမ်းရိုးတန်းမှာ နေထိုင်လုပ်ကိုင်စားသောက်နေကြတဲ့ ပြည်သူတွေအနေနဲ့ သတိထားသင့်ပါတယ်။

**မေး ။ မုန်တိုင်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုအဆင့်တွေ ခွဲခြားသတ်မှတ်ထားတယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ မုန်တိုင်းတွေနဲ့ပတ်သက်ပြီး မုန်တိုင်းဘယ်နားရောက်နေတယ်ဆိုတာ အလွယ်တကူသိနိုင်ဖို့ အရောင် ငါးမျိုး ခွဲခြားသတ်မှတ်ထားတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းစဖြစ်ပြီဆိုရင် အဝါရောင်၊ မုန်တိုင်းဟာ မြန်မာနိုင်ငံဘက်ကို ဦးတည်လာပြီဆိုရင် လိမ္မော်ရောင်၊ မြန်မာနိုင်ငံကမ်းရိုးတန်းကို ၁၂ နာရီအတွင်းဝင်ရောက်နိုင်တယ်ဆိုရင် အနီရောင်၊ ဝင်ရောက်ပြီဆိုရင် အညိုရောင်နဲ့ မုန်တိုင်းကင်းစင်သွားပြီဆိုရင် အစိမ်းရောင်ဆိုပြီး ပြည်သူတွေအလွယ်တကူသိနိုင်အောင် သတင်းတွေ ထုတ်ပြန်ပေးလျက်ရှိပါတယ်။ မိုးလေဝသနဲ့ ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဖေ့စ်ဘွတ်ခ်မှာလည်းဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

**မေး ။ မိုးလေဝသခန့်မှန်းချက်ဆိုတာမှာ ဘယ်လိုခန့်မှန်းချက်မျိုးဟာ အနီးစပ်ဆုံးဖြစ်နိုင်မလဲ။**

ဖြေ ။ သချာ်ပုံစံပြုမော်ဒယ်တွေရဲ့ ဖော်ပြချက်မှာ ခန့်မှန်းရက်တွေများနေတယ်၊ စောနေတယ်ဆိုရင် ခန့်မှန်းချက်မှန်ကန်မှု နည်းပါတယ်။ ၁၀ ရက်လောက် ကြိုတင်ခန့်မှန်းထားတဲ့ခန့်မှန်းချက်ဟာ ၃၀ ရာခိုင်နှုန်းနဲ့ ၅၀ ရာခိုင်နှုန်းသာဖြစ်ပြီး နှစ်ရက် သုံးရက်ပဲ စောတဲ့ ခန့်မှန်းချက်က ၈၀ ရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်းမှန်ကန်ပါတယ်။ မုန်တိုင်းတစ်ခုနဲ့ပတ်သက်တဲ့ သတင်းကိုထုတ်ပြန်မယ်ဆိုရင် သူ့ရဲ့လမ်းကြောင်းအရ နှစ်ရက်ကြိုတင်ခန့်မှန်းတာဟာ အကောင်းဆုံး မှန်ကန်မှုအနီးစပ်ဆုံးဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မုန်တိုင်းတွေဟာ ပင်လယ်ပြင်မှာဖြစ်တဲ့အတွက် သူတို့မှာရရှိလာမယ့် ရေခိုးရေငွေ့တွေ၊ တိုက်လေတွေဟာ ဦးတည်ရာနဲ့ ပုံသဏ္ဌာန်အမျိုးမျိုး အမြဲပြောင်းလဲနေတဲ့အတွက် မုန်တိုင်းလမ်းကြောင်းတွေဟာ ပြောင်းလဲသွားနိုင်တဲ့အတွက် မုန်တိုင်းအတွက်လမ်းကြောင်းတွေအရ နှစ်ရက်လောက်ပဲ ကြိုတင်ခန့်မှန်းတာ အကောင်းဆုံးဖြစ်ပါတယ်။ နိုင်ငံတကာက ဖော်ပြတဲ့ခန့်မှန်းချက်တွေမှာ သူ့ရဲ့လမ်းကြောင်းသာမက Boundary လေးနဲ့မုန်တိုင်းသွားနိုင်တဲ့ လမ်းကြောင်းကိုပြပါတယ်။ ဘယ်နေရာကို ဝင်မယ်ဆိုတာကတော့ အခုချိန်အထိ ခန့်မှန်းချက်တွေ အတိအကျမပေးသေးပါဘူး။ ဂျပန်နိုင်ငံမှာတောင် မုန်တိုင်းလမ်းကြောင်း ဖော်ပြတဲ့နေရာမှာ မုန်တိုင်းလမ်းကြောင်းသွေဖည်သွားနိုင်တဲ့ ထောင့်နှစ်ထောင့်ကို ဖော်ပြခန့်မှန်းပါတယ်။

**မေး ။ မြန်မာနိုင်ငံကို အဲဒီမုန်တိုင်း ဝင်ရောက်နိုင်ပါသလား။**

ဖြေ ။ ကြိုတင်ဖော်ပြနေတဲ့သတင်းတွေကို မမှန်ဘူးလို့ မပြောပါဘူး။ သချာ်ပုံစံပြုမော်ဒယ်တွေဟာ ခန့်မှန်းချက်ရာခိုင်နှုန်းအနည်းနဲ့အများ ကွာခြားတဲ့အနေအထားရှိပါတယ်။ ဒီခန့်မှန်းချက်တွေကို နေ့စဉ်ဖော်ပြပေးသွားနိုင်တယ်ဆိုရင်အကောင်းဆုံးပါပဲ။ မိုးကြိုကာလတွေမှာ မုန်တိုင်းတွေ ဖြစ်တတ်တယ်။ မြန်မာနိုင်ငံကိုလည်း ဝင်တတ်တဲ့အတွက် ပြည်သူတွေ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့တွေအနေနဲ့ ကြိုတင်ပြင်ဆင်ထားရပါတယ်။ မဝင်ခဲ့ရင်တောင် ဝင်လာရင် ဘယ်လိုလုပ်မယ်ဆိုတဲ့ အစီအမံတွေ ကြိုတင်ရေးဆွဲဇာတ်တိုက်လေ့ကျင့်ထားသင့်ပါတယ်။ မိုးလေဝသဌာနအနေနဲ့ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်တဲ့ သတင်းတွေ၊ မုန်တိုင်းဖြစ်ပေါ်လာနိုင်တဲ့ သတင်းတွေကို ပြည်သူတွေ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ဖို့ ထုတ်ပြန်ပေးလျက်ရှိပါတယ်။

**မေး ။ အယ်နီညိုနဲ့ လာနီညာအပေါ် ပညာရှင်တွေရဲ့ဝေဖန်သုံးသပ်မှုကို သိပါရစေ။**

ဖြေ ။ ပညာရှင်တွေက အယ်နီညိုနဲ့ လာနီညာရာသီဥတုဖြစ်ပေါ်မှုတွေကို သမုဒ္ဒရာ ရေအေးစီးကြောင်းနဲ့ ရေနွေးစီးကြောင်းတွေကို တွက်ပြီးပြောဆိုကြတယ်။ ဒီနှစ်မှာ အယ်နီညိုအကျိုးသက်ရောက်မှုဟာ ပင်လယ်ရေမျက်နှာပြင်အပူချိန်ထက် ၂ ဒသမ ၃ အထိ ရောက်သွားတယ်။ အပူချိန်အား အကောင်းဆုံးဖြစ်တယ်။ စက်တင်ဘာလကုန်ပိုင်းမှာ လာနီညာဖြစ်ပေါ်လာနိုင်မှုအခြေအနေတွေဟာ ၇၅ ရာခိုင်နှုန်းသေချာတယ်လို့ နိုင်ငံတကာ မိုးလေဝသပညာရှင်တွေက သုံးသပ်ထုတ်ပြန်ထားကြတာကို တွေ့ရမှာဖြစ်ပါတယ်။

**မေး ။ ပုံမှန်မဟုတ်တဲ့ ရာသီဥတုဖြစ်စဉ်တွေ မဖြစ်အောင် ဘာတွေလုပ်ဆောင် သင့်ပါသလဲ။**

ဖြေ ။ ပုံမှန်မဟုတ်ဘဲ ပြင်းထန်တဲ့ရာသီဥတုတွေ ဖြစ်တယ်ဆိုတာ လူတွေရဲ့ ပယောဂမကင်းပါဘူး။ လူတွေဟာ သဘာဝပတ်ဝန်းကျင်ကို စားဝတ်နေရေးအတွက် အသုံးပြုကြတယ်။ သစ်ပင်တွေ၊ စွမ်းအင်တွေ ပုံမှန်ထက်နည်းပါးလာတယ်။ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေဟာ ကမ္ဘာ့လေထုထဲမှာ များလာတယ်။ ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေတယ်။ အဲဒီတော့ ကမ္ဘာကြီးဟာ ပူနွေးမှုတွေ၊ အအေးပိုတာတွေ ဖြစ်လာတယ်။ ဒါတွေမဖြစ်ပွားအောင် ကမ္ဘာ့ပြည်သူတွေအနေနဲ့ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ရောက်ရှိမှု နည်းအောင် ဆောင်ရွက်ရမယ်။ သစ်တောတွေ သစ်ပင်တွေများများစိုက်ရမယ်၊ သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။




သမုဒ္ဒရာ ရေစီးကြောင်း ပုံရိပ်များ ပြပုံ

သတ္တဝါများတွင် လူသားတို့သည် စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်အမြင့်မားဆုံးဖြစ်သည်။ ထိုမြင့်မားသောစွမ်းရည်များဖြင့် ကမ္ဘာ့ကျန်းမာရေးအခြေအနေဖြစ်သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ နည်းပါးစေရန် စွမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုဆောင်ရွက်မှုများသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့များနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

# မင်းဘူးမြို့၌ သက်ကြီးဘိုးဘွား ၂၀၀ ခန့် နားနေနိုင်ရန် အပူရှောင်စခန်းဖွင့်

**မင်းဘူး မေ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် နဂါးနီပုဂ္ဂလိကဆေးရုံဝင်းအတွင်း၌ သက်ကြီးရွယ်အိုများအပေါ် အယ်နီညိုရာသီဥတုဒဏ်သက်ရောက်မှု လျော့ပါးစေရေးနှင့် အပူဒဏ်ကြောင့် ကျန်းမာရေးချို့ယွင်းမှုများကို ကာကွယ်နိုင်ရေးအတွက် အပူရှောင်စခန်းတစ်ခု ဖွင့်လှစ်ထားရှိပြီး သက်ကြီးဘိုးဘွား ၂၀၀ ခန့် နားနေနိုင်ရန် စီစဉ်ထားရှိသော်လည်း လတ်တလောတွင် လာရောက်နားနေသူ ဘိုးဘွား ၄၀ ကျော်သာ ရှိသေးကြောင်း ကုသိုလ်ဖြစ် အပူရှောင်စခန်းဖွင့်လှစ်သူ ဒေါက်တာ သန်းထိုက်ရှိန်ထံမှ သိရသည်။

"အယ်နီညိုက တစ်လလောက်ကျန်နေသေးတယ်။ အပူရှိန်ကလည်း အလွန်ပြင်းနေတော့ ကျွန်တော့်ဆေးရုံဝင်းထဲမှာပဲ အဆောက်အအုံဆောက်ပြီး မြို့ပေါ်က ဘိုးဘွားတွေအတွက် အပူရှောင်နေရာတစ်ခု စီစဉ်ဖြစ်တာပါ။ မြို့နယ်နဲ့ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့အစည်းတွေအကူအညီနဲ့ ရပ်ကွက်တွေထဲက ဓမ္မာရုံလိုနေရာမျိုးမှာ စုရပ်တွေလုပ်ပြီး ဘိုးဘွားတွေကို မနက် ၉ နာရီမှာ ကားနဲ့ သွားကြိုတယ်။ နေ့ခင်းစာနဲ့ အအေးဖျော်ရည် ဒါနပြုတယ်။ တရားနာဖို့အတွက် တီဗွီတွေ စီစဉ်ပေးထားပါတယ်။ ညနေ ၆ နာရီထိုးမှ စုရပ်တွေကို ပြန်ပို့ပေးပါတယ်" ဟု ဒေါက်တာ သန်းထိုက်ရှိန်က ပြောသည်။



မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သော အပူရှောင်စခန်းပထမရက်တွင် ဘိုးဘွား ၃၀ ခန့် လာရောက်နားနေခဲ့ကြပြီး လူသိများလာ၍ ဘိုးဘွား ၄၀ ကျော်ထိ လာရောက်နားနေမှုများရှိကာ အနားယူနိုင်သည့် ဦးရေမှာ ၂၀၀ ခန့်ဖြစ်သည့်အတွက် အသက် ၆၀ နှစ်အထက်ဘိုးဘွားများ အယုတ်၊အလတ်၊အမြတ်မရွေး လာရောက်နားခိုစေချင်ပါကြောင်း၊ စာရင်းပေးမထားလည်း လာရောက်နားနေနိုင်ပြီး လာရောက်သည့် ဘိုးဘွားတိုင်းကို ကုသိုလ်ပြုခွင့်ပေးသည်ဟုသာ ယူဆပါကြောင်း ၎င်းက ဆက်လက် ပြောသည်။

"အိမ်မှာနေတာနဲ့တော့ အလွန်ကွာတာပေ့ါသားရယ်၊ အိမ်ကပူတာပေ့ါ။ ဒီမှာက အမိုးကလည်းအမြင့်ကြီး၊ ကွပ်ပျစ်ပေါ်မှာ ဖျာကြမ်းလေးတွေခင်းလို့၊ မိုးထားတဲ့ ထန်းလက်အနံ့လေးကသင်းပြီး ရေတွေ ဖျန်းထားတာလည်း အေးစိမ့်နေတာပဲ။ တရားနာချင်လည်း နာလို့ရတယ်။ အစားအသောက်လည်း ကျွေးတယ်။ ကျန်းမာရေးစောင့်ရှောက်ဖို့ သူနာပြုတွေလည်း ခေါ်ထားပေးတယ်။ အမေ့အနေနဲ့ကတော့ ကျေးဇူးလည်းတင်တယ်၊ သာဓုလည်းခေါ်ပါတယ်"ဟု အပူရှောင်လာသည့် အသက် ၈၆ နှစ်အရွယ်အဘွား ဒေါ်ပုစိန်က ပြောသည်။

အပူရှောင် နားနေစခန်းကို အဆောက်အအုံကုန်ကျစရိတ်မပါ သိန်း ၅၀ မတည်၍ ဒါနပြုပေးလျက်ရှိပြီး ထမင်းတစ်နပ်စာငါးသောင်း ဒါနပြုလိုသူများက ကမ်းလှမ်းလာ၍ လက်ခံစီစဉ်ပေးမှုများရှိကြောင်း၊ လတ်တလော မင်းဘူးမြို့နေ့အပူချိန်သည် ၄၆ ဒီဂရီထိ မြင့်တက်နေပြီး သက်ကြီးဘိုးဘွားများ လာရောက်နားနေရန် တစ်လခန့်လျာထားသော်လည်း လိုအပ်ချက်ရှိပါက ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အခြားအလှူရှင်များရှိလာ၍ မတည်ငွေပိုနေပါက သက်ကြီးဘိုးဘွားများအတွက် မျက်စိအခမဲ့စမ်းသပ်ကုသခြင်း၊ မျက်မှန်လှူဒါန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နဂါးနီဆေးရုံ အလှူရှင်မိသားစုထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံက မီးသတ်စက်ယာဉ်နှင့် အပေါ့စားမီးသတ်စက်များ လှူဒါန်း

**နေပြည်တော် မေ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံ Tohatsu Corporation နှင့် Myanmar Trillion Group Co., Ltd တို့မှ နီဆန်းအမျိုးအစား မီးသတ်စက်ယာဉ်တစ်စီးနှင့် Tohatsu အပေါ့စားမီးသတ်စက် ၁၄ လုံး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ မီးသတ်ဦးစီးဌာန၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

ဂျပန်နိုင်ငံ Tohatsu Corporation, Sale Director Mr. Aoyoma နှင့် Myanmar Trillion Group Co;Ltd မှ ဒေါက်တာ ဇော်မျိုးဆွေတို့က မီးသတ်စက်ယာဉ် တစ်စီးနှင့် Tohatsu အပေါ့စား မီးသတ်စက် ၁၄ လုံး ပေးအပ်လှူဒါန်းရသည့်အကြောင်း ရှင်းလင်းတင်ပြကာ ပေးအပ်လှူဒါန်းသည့် ပစ္စည်းနှင့် စာရွက်စာတမ်းများကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးထံ ပေးအပ်ခဲ့သည်။ ထို့နောက် မီးသတ်စက်ယာဉ်နှင့် အပေါ့စား မီးသတ်စက်များ၏ စွမ်းရည်များအား သရုပ်ပြသသည်။ အပေါ့စားမီးသတ်စက်များသည် ဂျပန်နိုင်ငံထုတ်ဖြစ်ပြီး အထပ်မြင့်တိုက်များ မီးငြိမ်းသတ်ရာတွင် အမြင့်ပေ ၂၀၀ ကျော် ရေဖိအားမြှင့်တင်ပေးပို့နိုင်ကာ ရေကိုတိုက်ရိုက်စုပ်ယူ ငြိမ်းသတ်အသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါ ဂျပန်နိုင်ငံ Tohatsu Corporation မှ ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၁ ရက်နှင့် ၁၂ ရက်များတွင် နေပြည်တော်ကောင်စီနယ်မြေရှိ မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်စက်ယာဉ်နှင့် အပေါ့စားမီးသတ်စက်များ လေ့ကျင့်မောင်းနှင်မှုနှင့် ယာဉ်စက်ကြံ့ခိုင်ထိန်းသိမ်းနည်းများကို ပူးပေါင်းလေ့ကျင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဂျပန်နိုင်ငံကလှူဒါန်းသော အပေါ့စားမီးသတ်စက်ကို ကြည့်ရှုစဉ်




# မကွေးတိုင်းဒေသကြီး ရေလိုအပ်သော ကျေးရွာသို့ ခရိုင်ရဲတပ်ဖွဲ့က သောက်သုံးရေများလှူဒါန်း

**မကွေး မေ ၁၄**

မကွေးတိုင်းဒေသကြီးအတွင်း အချို့ကျေးရွာများတွင် သောက်သုံးရေများ နည်းပါးခြင်း၊ ခန်းခြောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိကာ ရေအခက်အခဲ ကြုံတွေ့နေရသော ကျေးရွာတစ်ရွာဖြစ်သည့် သက်ရင်းတောကျေးရွာအုပ်စု သက်ရင်းတောကျေးရွာသို့ သောက်သုံးရေများကို မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ မေ ၁၁ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မင်းဟန် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မကွေးမြို့နယ် ခေတ္တမီးသတ်ဦးစီးမှူး ဦးစိုးညွန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး သက်ရင်းတောကျေးရွာရှိ အိမ်ခြေ ၁၈၇ အိမ်မှ လူဦးရေ ၈၀၀ ကျော်အတွက် သောက်ရေ ၅၀ လီတာဘူးကြီး ၁၅၀ နှင့် သုံးရေဂါလန် ၄၀၀၀ ကို မီးသတ်ရေသယ်ယာဉ်များဖြင့် သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

သက်ရင်းတောကျေးရွာသည် မကွေးမြို့မှ အရှေ့မြောက်ဘက် ၃၃ မိုင်အကွာတွင် တည်ရှိပြီး သဘာဝရေကန်လေးကန်၊ ကျောက်ခွေချထားသော လက်ဆွဲရေတွင်းကိုးတွင်း၊ စက်ရေတွင်းတစ်တွင်းရှိပြီး ယခုနှစ်တွင် ရာသီဥတုပူပြင်းမှုကြောင့် ရေတွင်းရေကန်များတွင် သောက်သုံးရေလျော့နည်းမှုရှိသော်လည်း သုံးစရာမရှိအောင် ရေပြတ်လပ်မှုမရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဖြိုးက ပြောသည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာအုပ်စု ရုံးကုန်းကျေးရွာတွင်လည်း မကွေးတိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်ကျော်မင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သောက်သုံးရေ ဂါလန် ၂၇၀၀ ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထုတ်ပေးထားသော ဂါလန် ၂၇၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အစိုးရသစ်လက်ထက် ကျေးလက်တောင်သူလယ်သမားများ ပုံစံ (၇) ပေါင်နှံခွင့်ထားရှိနိုင်ရန် မျှော်လင့်လျက်ရှိ

**ညောင်ဦး မေ ၁၄**

မြန်မာနိုင်ငံတွင် ကျေးလက်တောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်းခွင်အတွက် နေ့စဉ်လုပ်ကိုင်နေကြရသည်။ ထိုသို့ လုပ်ကိုင်ရာတွင် အရင်းအနှီး စိုက်ထုတ်ငွေများသလောက် အကျိုးအမြတ်နည်းပါးလျက်ရှိသည်။

ယခုအခါ မြစ်ရေတင်များနှင့် တစ်မျိုး၊ ဆယ်ရေသောက်တစ်ဖုံ၊ မိုးကောင်းကြိုက်စိုက် တောင်သူများက တသွယ်နှင့် လယ်ယာလုပ်ငန်းခွင် အမျိုးမျိုးတို့တွင် နှစ်ရှည်ပင် နှစ်တိုပင် ကောင်းနိုးရာရာအမျိုးမျိုး စိုက်ပျိုးလျက်ရှိသည်။ သာမန်မိုးကောင်ကြိုက် တောင်သူများကလည်း ပဲ၊ နှမ်း၊ ပြောင်း၊ ဝါ၊ ပဲတီစိမ်း၊ ပဲကြီးအမျိုးမျိုးတို့ကို စိုက်ပျိုးသကဲ့သို့ လယ်သမားများကလည်း စပါးပြီး စပါးနှင့် အခြားသီးနှံများ တွဲဖက်စိုက်ပျိုးနေကြသည်။ ထိုကဲ့သို စိုက်ပျိုးလျက်ရှိရာတွင် မြန်မာနိုင်ငံ စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပေးသော် လည်း လုံလောက်မှုမရှိသည့်အတွက် အတိုးနည်းနည်းနှင့် နှစ်ရှည်ထုတ်ချေးပေးသော ပုံစံ(၇)ပေါင်နှံခွင့် ထားရှိနိုင်ရေးမျှော်လင့်နေကြကြောင်း ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာ တောင်သူထံမှ သိရှိရသည်။

"ကျွန်တော်ကတော့ မြေပဲစိုက်တောင်သူပါ စိုက်ဘဏ်က ကျွန်တော်တို့ မြေပဲစိုက်တောင်သူတွေကို တစ်ဧက ၂၀၀၀၀ ထုတ်ချေးပါတယ်။ မလောက်ပါဘူး၊ မြေပဲဆန် တစ်တင်းကို လေးသောင်ကျော်ပေးရတယ်။ မြေတစ်ဧကကို မြေပဲဆန် တစ်တင်းခွဲစိုက်ရပါတယ်။ ဘဏ်ကထုပ်ပေးတာက ၂၀၀၀၀ ဆိုတော့ မလောက်ပါဘူး၊ ငွေအရင်းအနှီး လိုအပ်ပါတယ်။ အဲဒီတော့ ပုဂ္ဂလိကငွေပိုင်ရှင်ဆီချေးရပါတယ်၊ ပုဂ္ဂလိကငွေပိုင်ရှင်ဆီက တစ်လအတိုး ၁၀၀ ကို ရှစ်ကျပ်နှုန်း ပေးရတယ်။ အတိုးကြီးတယ်၊ ငွေတိုးပေးတဲ့သူကို လုပ်ကျွေးရသလိုဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့ တောင်သူတွေကလည်း သီးနှံပေါ်လာရင် ငွေထုတ်ပေးတဲ့သူကို ဆပ်ကြရပါတယ်။ ငွေထုတ်ချေးတဲ့သူကလည်း တစ်နှစ်ဆိုရင် ပြန်လိုချင်ပြီ သီးနှံကလေးရောင်းရလိုက်နှင့် ပုဂ္ဂလိက ငွေပိုင်ရှင်ဆီ သွားရောက်ဆပ်လိုက်၊ ပုဂ္ဂလိကငွေပိုင်ရှင်ဆီက ပြန်ယူပြီး အရင်းသွင်းလိုက်၊ ပေါ်လာတော့ အတိုးနှင့် ပြန်ဆပ် လိုက်နှင့် ဒီလိုနဲ့ လုံးချာလိုက်နေပါတယ်"ဟု ကျေးလက်တောင်သူတစ်ဦးက ပြောသည်။

"ကျွန်မတို့ကတော့ စပါးစိုက်လယ်သမားတွေပါ၊ စပါးစိုက်ရတာကလည်း အရင်းဝင်ပါတယ်၊ စပါးအလုပ်သမားတွေက ဈေးကောင်းပါတယ်။ ပျိုးစရိတ်၊ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးပေါင်းသင်၊ စပါးရိတ်၊ စပါးပုတ်၊ စပါးလှေ့စရိတ်တွေနဲ့ ကုန်ကျပါတယ်။ ကျွန်မတို့လယ်မြေတွေကို ဘဏ်တခုခုမှာ စည်းကမ်းတကျ ပုံစံခွင်(၇) အပေါင်ထားခွင့်ရှိမယ်ဆိုလျှင် အဆင်ပြေနိုင်တာပေါ့"ဟု စပါးစိုက်လယ်သမားတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ အစိုးရကတော့ နံပတ်တစ် တောင်သူလယ်သမားအရေး ဦးစားပေးမယ် ပြောတာပဲ၊ အဲဒီတော့ ကျွန်တော်တို့ တောင်သူလယ်သမားတွေကလည်း နံပါတ်တစ် ပုံစံ(၇) ပေါင်နှံထားရှိနိုင်မယ့်အရေးကို တောင်းဆိုရမှာပဲ၊ ကျွန်တော်တို့ တောင်သူလယ်သမားတွေက ဆင်းရဲပါတယ်။ လူကလည်း မိုးရွာမရှောင် နေပူမရှောင် အလုပ်လုပ်ရပါတယ်"ဟု ညောင်ဦးမြို့နယ် တောင်သူလယ်သမား တစ်ဦးကပြောသည်။

**ကျော်ငွေး(ညောင်ဦး)**



စိုက်ပျိုးသီးနှံများ စိုက်ပျိုးထားခြင်းမရှိသည့် ညောင်ဦးမြို့ ကျေးလက်ဒေသရှိ ယာမြေတစ်ကွက်ကို တွေ့ရစဉ်

✪ ကျောဖုံးမှ

နောက်ဆုံးပွဲတွင် ရှုံးခဲ့သောကြောင့် ၁၃ ပွဲဆက် နိုင်ပွဲစံချိန်မှာ ၁၄ ပွဲ မြောက်တွင် ရပ်တန့်ခဲ့ရသည်။ PU အသင်းနှင့် MIC အသင်းတို့၏ နောက်ဆုံးပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းနှင့် အနုပညာရှင်များအသင်းတို့၏ သရုပ်ပြ ခြေစမ်းပွဲကိုကျင်းပခဲ့ပြီး မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းက ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လက်ရွေးစင်ဟောင်းများအသင်းတွင် မျိုးလှိုင်ဝင်း၊ ကြည်လွင်၊ ဌေးမြင့်၊ ထွန်းမြင့်လွင်၊ ခင်မောင်ထွန်း၊ သန်းဝဏ္ဏ အောင်စသည့် ကစားသမားများပါဝင်ခဲ့ပြီး အနုပညာရှင်များ အသင်းတွင် ပိုင်ဇေရဲထွန်း၊ အစ္စဏီ၊ ဖိုးတာ၊ စည်သူမောင် စသည့် ကစားသမားများ ပါဝင်ကစားခဲ့သည်။ လက်ရွေးစင်ဟောင်းများအသင်းအတွက် ဂိုးများကို မျိုးလှိုင်ဝင်းက နှစ်ဂိုး၊ မောင်မောင်ဌေး၊ အေးမင်းဝင်း၊ ထွန်းမြင့်လွင်နှင့် ကြည်လွင်တို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး အနုပညာရှင်များအသင်းအတွက် ဂိုးများကို ပိုင်ဇေရဲထွန်းက နှစ်ဂိုး၊ မင်းသူနှင့် နိုင်မျိုးဝင်းတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံးကစားသမားဆုရ အောင်အောင် (VUC)၊ အကောင်းဆုံးဂိုးသမားဆုရ- ဇွဲပြည့်စုံ (PU)၊ အသန့်ရှင်းဆုံးအသင်းဆုရ ရန်ကုန်စီးတီးအသင်း၊ စတုတ္ထဆုရYZ အသင်း၊ တတိယဆုရ VUC အသင်း၊ ဒုတိယဆုရ PU အသင်း၊ ပထမဆုရ MIC အသင်းတို့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။ ဆုကြေးများအဖြစ် ပထမဆုရ- MIC အသင်းက ဆုဖလားနှင့် ငွေကျပ်သိန်း ၅၀၊ ဒုတိယဆုရ -PU အသင်းကို ငွေကျပ်သိန်း ၃၀၊ တတိယဆုရ VUC အသင်းကို ငွေကျပ်သိန်း ၂၀၊ စတုတ္ထဆုရ YZ အသင်းအား ငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့သည်။

# ရေတစ်ခွက်သောက်ပြီးမှ ရေချိုးပါ

လွန်ခဲ့သောရက်ပိုင်းအတွင်းက စာရေးသူ၏ လူနာမိတ်ဆွေ အသက် ၅၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ရာသီဥတုအလွန်ပူသဖြင့် အဲယားကွန်းဖွင့်ထားသောအခန်းတွင် ညဘက်အိပ်စက်ပြီး နံနက်စောစော အိပ်ရာထချိန်တွင် ရေချိုးခန်းဝင်ကာ ရေချိုးသည်။ ရေချိုးနေရင်း တစ်ကိုယ်လုံးလေးလံလာသဖြင့် ရေချိုးခန်းတံခါးကိုဖွင့်ပြီး အိမ်ရှေ့ခန်းတွင်ရှိနေသော ခင်ပွန်းဖြစ်သူကို လှမ်းခေါ်လိုက်သည်။

ခင်ပွန်းဖြစ်သူသည် သူမကိုပွေ့ယူပြီး အိပ်ရာပေါ်တွင်အသာချ၍ ရေစိုဝတ်များ လဲပေးနေစဉ်မှာပင် စကားမပြောနိုင်၊ ခေါ်မရ။ လုံးဝမလှုပ်ရှားတော့ဘဲ အသက်မရှူတော့။ လည်ပင်းသွေးကြောကို စမ်းသပ်ကြည့်ရာ သွေးမတိုး၍ မောင်နှမတော်သူများကို ဖုန်းဆက်ခေါ်လိုက်ရာ ရောက်လာပြီး ဆေးရုံပို့ရန် ကားစီစဉ်ကြသော်လည်း လုံးဝမလှုပ်ရှားတော့သဖြင့် သေဆုံးမှန်းသိရှိကြပြီး ဆေးရုံမပို့ဖြစ်တော့ဟု ဆိုသည်။

အမှန်မှာ အိပ်ရာထချိန်တွင် အဲကွန်းခန်းမှ ထွက်လာပြီး ချက်ချင်းရေချိုးသဖြင့် သေဆုံးခြင်းမဟုတ်ပါ။ သေသေချာချာ မေးမြန်းကြည့်မှသိရသည်မှာ သူတို့နေသည်မှာ တိုက်ခန်းအသစ် ဖြစ်သည်။ မနေ့ကမှပြောင်းလာရာ တစ်ညအိပ်ပြီး နံနက်အိပ်ရာထတွင် သေဆုံးရခြင်းဖြစ်သည်။ နံနက် အိပ်ရာထပြီးနောက် အိမ်ရှေ့ခန်းတွင် တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်သည်။ ဘုရားခန်းတွင်လည်း သန့်ရှင်းရေးလုပ်သည်။ သောက်တော်ရေနှင့် ဘုရားပန်းများ လဲရန်ပြင်ဆင်ပြီးမှ ရေချိုးခန်းအတွင်းဝင်ပြီး ရေချိုးသည်။ ရေချိုးနေရင်းမှ နေမကောင်းဖြစ်လာသဖြင့် ခင်ပွန်းဖြစ်သူကို လှမ်းခေါ်ခြင်းဖြစ်သည်။

ရောဂါ၏ အခြေခံအကြောင်းလည်း ရှိသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က သူ့တွင် ဆီးချိုရောဂါဝင်လာသည်။ ဆီးချိုအထူးကုဆရာဝန်နှင့်လည်း ပြသည်။ ကုသမှုခံယူသည်။ ဆီးချိုကျဆေးလည်း သောက်နေသည်။ သို့သော် သူ့အားနည်းချက်မှာ အစားမရှောင်၊ အစားအသောက်မဆင်ခြင်ခြင်းဖြစ်သည်။ စားချင်ရာစားပြီး ဆေးသောက်လိုက်မည်ဟု အတွေးအခေါ်မျိုး သူ့တွင်ရှိသည်။

သေဆုံးမည့်နံနက်က အိပ်ရာထချိန်တွင် မိမိဘာသာ လက်ထိပ်သွေးဖောက်ပြီး ဆီးချိုစစ်သည့် ကိရိယာဖြင့် စစ်ဆေးသည်။ အိုကေသည်၊ ကောင်းသည်ဟု ဆိုသည်။ သို့သော် သူသတိမထားမိသည်မှာ သွေးတိုးဖြစ်သည်။ အဲကွန်းဖွင့်ထားသော အအေးခန်းမှထွက်လာသူသည် အပူချိန်မတူသည့် ပြင်ပသို့ရောက်လာလျှင် သွေးပေါင်တက်လာတတ်သည်။ သတိပြုသင့်သည့် အရာဖြစ်သည်။

သွေးတိုးသည် တိတ်တဆိတ်လူသတ်သမား၊ အလစ်ချောင်းနေသော လူသတ်သမားဖြစ်သည်။ သတိရှိကြစေချင်သည်။

သွေးတိုး၊ လေဖြတ်၊ ဦးနှောက်သွေးကြောပြတ်၍ ရုတ်တရက် သေဆုံးရသူ အများအပြားရှိသည်။ အချို့ကလည်း ဝေဒနာမခံစားရဘဲ ရက်ရှည်လများလေဖြတ်ပြီး ဒုက္ခိတမဖြစ်ဘဲ ယခုလို သေသွားရခြင်းကို ကောင်းသည်ဟုဆိုကြသူများလည်းရှိသည်။



နံနက်စောစောအိပ်ရာထချိန်တွင် သွေးတိုးတက်ပြီး လေဖြတ်သူများကိုလေ့လာကြည့်သောအခါ ညကအိပ်ချိန်တွင် အအေးပတ်ခြင်းအပြင် မနေ့ည အိပ်ရာမဝင်မီက စားသောက်ခဲ့သော အစားအသောက်ကြောင့် သွေးတိုးပြီး ဖြစ်ရသည်များလည်း ရှိသည်။

မနေ့က စားခဲ့သောအစာသည် နောက်တစ်နေ့ နံနက်တွင် အကျိုးပေးတတ်သည်ဟု ဆိုသည်။ ယနေ့အစာ မနက်ဖြန်ရောဂါဟုလည်း အဆိုရှိသည်။ မိမိစားသမျှ၏ ကောင်းကျိုး၊ ဆိုးကျိုးကို မိမိခံစားရမည်ဖြစ်သည်။ သွေးတိုးသောအစာကိုစား၍ ချက်ချင်း သွေးတိုးတက်လာသည် မဟုတ်ပါ။ အနည်းဆုံး ၂ နာရီမှ ၇ နာရီခြားပြီးမှ နှလုံးသွေးလှည့်အဖွဲ့သို့ ရောက်ရှိပြီး သွေးတိုးလာတတ်သည်။

ယမန်နေ့ညစာတွင် သွေးတိုးစေမည့်အစာများဖြစ်သည့် ဆားငန်သောအစာ၊ အထူးသဖြင့် ပုပ်၍ငန်သော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပဲငါးပိ စသည်များ၊ ငါးချဉ်၊ ပုစွန်ချဉ်၊ မျှစ်ချဉ်၊ မုံညင်းချဉ်၊ မုံလာချဉ်စသည့် လက်လုပ်ချဉ်များ စားသုံးမိလျှင် နောက်တစ်ရက်နံနက် အိပ်ရာထတွင် သွေးတိုး၍ သွေးပေါင်ချိန် တက်နေလေ့ရှိသည်။ အချို့အိမ်များတွင် ဟင်းလျာကို နံနက်တစ်ကြိမ်သာချက်ပြီး ညဘက်တွင် ပြန်နွှေးစားလေ့ရှိသည်။ ဤသို့ ပြန်နွှေးစားခြင်းကြောင့် သွေးတိုးရောဂါဖြစ်စေနိုင်သည်။ ဟင်းအသိုးစားလျှင် အတွင်းမှ အချဉ်ပေါက်နေသော ဓာတ်သည် ‘ဓာတ်ပျက်’ ဟုခေါ်သည်။ အငန်မဟုတ်ဘဲ သွေးတိုးစေနိုင်သည်။

ဟင်းများ ပြန်နွှေးစားလျှင် အချို့ဟင်းရည်ဆူသောအခါ အမြှုပ်ငယ်များထလာသည်ကို တွေ့ရသည်။ အထူးသဖြင့် ပဲဟင်း၊ ချဉ်ပေါင်ဟင်းများသည် နေကျော်လျှင် သိုးလွယ်သည်။ ပြန်နွှေးသောအခါ အမြှုပ်ထလာသည်ကို တွေ့ရသည်။ မစားသင့်သောဟင်းမျိုး ဖြစ်သည်။

တိုင်းရင်းမြန်မာဆေးဆရာကြီးများ၏ အလိုအရ လေစာများများစားမိလျှင်လည်း လေပွပြီး သွေးတိုးတတ်သည်။ ရှေးဆရာကြီးများ၏ အယူအဆမှာ သွေးတိုးဟူသည် လေတိုးပင်ဖြစ်သည်။ ဝါယောဓာတ်၏ တွန်းကန်လှုပ်ရှားမှုကြောင့် မနီခေါ် နှလုံးသွေးကြောကြီးမှ သွေးများကို ခန္ဓာကိုယ်သို့ တွန်းပို့သည်နေဟု ယူဆသောကြောင့် ဖြစ်သည်။

လေစာဟူသည်မှာ များသောအားဖြင့် အခါးအရသာရှိသောအစာများ ဖြစ်သည်။ ‘အခါးဟူသမျှ လေဓာတ်ကြွသည်’ ဟု ဆေးပညာဥပဒေသက ဆိုသည်။ လေပွခြင်းကြောင့် သွေးဖိအားတိုးလာပြီး သွေးတိုးရောဂါ ဖြစ်လာနိုင်သည်။

ခါးသောအရသာရှိသော အစာများမှာ အိမ်ရှင်မများ မီးဖိုချောင်သုံးဟင်းလျာများတွင် နေ့စဉ်ပါဝင်နေကျဖြစ်သော ခွေးတောက်ရွက်၊ တမာရွက်၊ တမာချဉ်၊ ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းကစော့သီး ၊ ဖန်ခါးသီး၊ တညင်းသီး စသည်များ ပါဝင်နေသည်ကို တွေ့ရသည်။

လေစာဖြစ်သော အသီးအနှံများကို သင့်ရုံစားလျှင်၊ ချင့်ချိန်စားလျှင် ဘာမျှမဖြစ်နိုင်ပါ။ အချို့မှာ အခါးအလွန်ကြိုက်ပြီး အလွန်အမင်းစားမိတတ်သည်။ ထို့ကြောင့် သွေးတိုးရောဂါဖြစ်လာရသည်။ ဝက်သားဟင်းသည်လည်း လေစာဟု ယူဆရသည်။ ကြက်ဟင်းခါးသီးကြော်နှင့် ဝက်သားဟင်းစားပြီး ဦးနှောက်သွေးကြောပြတ်သည်အထိ သွေးဆောင့်တိုးကာ အသက်သေဆုံးရသူကို ကိုယ်တွေ့ တွေ့ဖူးသည်။

ပူသောရာသီတွင် သွေးတိုးလွယ်သဖြင့် လေပူစာများ ရှောင်ကြဉ်သင့်သည်။ လေပူထစေသော အစာဟူသည်မှာ အရက်၊ ဘီယာနှင့် အလွန်အေးအောင်စိမ်ထားသော အအေးဘူးများ၊ ပုလင်းများဖြစ်ပါသည်။ အအေးတစ်ပုလင်းသောက်ရုံဖြင့် သွေးတိုးပြီး ခေါင်းအုံခေါင်းကိုက်လာတတ်သဖြင့် ပူသောရာသီတွင် အအေးသောက်ခြင်းကိုလည်း အထူးသတိပြု ဆင်ခြင်သင့်ပါသည်။

ရေချိုးလျှင် သွေးတိုးပြီး ဦးနှောက်သွေးကြောမပြတ်စေရန် ကာကွယ်နိုင်သည့်နည်းကို တင်ပြလိုသည်။

ရေမချိုးမီ လေ့ကျင့်ခန်းတစ်ခုခု ပြုလုပ်ပါ။ သို့မဟုတ် လမ်းလျှောက်ပါ။ ကြွက်သားနှင့် အာရုံကြောများ တစ်ညလုံးအိပ်ထားသဖြင့် ညောင်းနေသည်ကို လန်းဆန်းစေရန်ဖြစ်သည်။ ပြီးလျှင် ရေမချိုးမီ ရေအေး(ပုံမှန်အေးသောရေ) မတ်ခွက်တစ်ခွက်ခန့် သောက်ပါ။ ဝမ်းအတွင်း အစာအိမ်မှ အပူနှင့်လေပူများ ငြိမ်သွားမှ ရေချိုးလျှင် သွေးဆောင့်တိုးခြင်းမှ ကာကွယ်နိုင်ပါသည်။ ပူသောရာသီတွင် သတိပြုဆင်ခြင်ဖို့ လိုသည်။ ။

**ဝက်သားဟင်းသည်လည်း လေစာဟု ယူဆရသည်။ ကြက်ဟင်းခါးသီးကြော်နှင့် ဝက်သားဟင်းစားပြီး ဦးနှောက်သွေးကြောပြတ်သည်အထိ သွေးဆောင့်တိုးကာ အသက်သေဆုံးရသူကို ကိုယ်တွေ့ တွေ့ဖူးသည်။ ပူသောရာသီတွင် သွေးတိုးလွယ်သဖြင့် လေပူစာများ ရှောင်ကြဉ်သင့်သည်။ လေပူထစေသော အစာဟူသည်မှာ အရက်၊ ဘီယာနှင့် အလွန်အေးအောင်စိမ်ထားသော အအေးဘူးများ၊ ပုလင်းများ ဖြစ်ပါသည်။ အအေးတစ်ပုလင်းသောက်ရုံဖြင့် သွေးတိုးပြီး ခေါင်းအုံခေါင်းကိုက်လာတတ်သဖြင့် ပူသောရာသီတွင် အအေးသောက်ခြင်းကိုလည်း အထူးသတိပြု ဆင်ခြင်သင့်ပါသည်**

**ကြည်လွင်မြင့် (မုံရွာ)**

## ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီး

**ဗန်းမောက် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် လေးသီအုပ်စု နောင်မဲ့လုံကျေးရွာ၌ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ်သိန်း ၆၀၀ အကုန်အကျခံ၍ ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းက စတင်ဆောက်လုပ်ခဲ့သော ကျေးလက် ကျန်းမာရေးဆေးခန်း အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်တော့မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ကျေးလက်ကျန်းမာရေးဆေးခန်းသည် အလျား ၄၁ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၉ ပေရှိသော အာရ်စီကွန်ကရစ်သွပ်မိုး၊ တစ်ထပ်အဆောက်အအုံဖြစ်ကာ ဆေးခန်းအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့်အတူ ရေလောင်းအိမ်သာများကိုလည်း တစ်ပြိုင်တည်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

ကျေးလက်ကျန်းမာရေး အဆောက်အအုံများ ဖွင့်လှစ်ပြီးပါက လေးသီကျေးရွာအုပ်စုအတွင်းရှိ နောင်မဲ့လုံကျေးရွာ အပါအဝင် ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် များစွာအထောက်အကူပေးနိုင်တော့မည် ဖြစ်သည်။ **လှိုင်ဘွား(ဗန်းမောက်)**

## အလွတ်တန်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ပဲခူး မေ ၁၄**

စစ်တုရင်ကစားခြင်းကြောင့် စိတ်တည်ငြိမ်သည့်အပြင် မိမိ၏ အလုပ်ကို အာရုံစူးစိုက်နိုင်ခြင်း၊ အတွေးအခေါ်ဆင်ခြင်မှု ပိုမိုမြင့်မားနိုင်ခြင်းကြောင့် လူငယ်တိုင်း စစ်တုရင် ကစားရန်လိုအပ်ကြောင်း ပဲခူးမြို့တွင်ကျင်းပသည့် အလွတ်တန်းဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် တိုင်းဒေသကြီးစစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအေးသန်းက ပြောသည်။

တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီတို့၏ ကြီးကြပ်မှုဖြင့် ပဲခူးစစ်တုရင်ကလပ်နှင့် You & Me Cafe & Food Center တို့ပူးပေါင်းကာ အလွတ်တန်းစစ်တုရင်ဖိတ်ခေါ်ပြိုင်ပွဲကို ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဆံတော်တွင်းလမ်းမတန်း ဥသာ (၄)လမ်းထိပ်တွင် မေ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် နိုင်ငံတကာအဆင့်မီ စစ်တုရင်အားကစားသမား နှစ်ဦးအပါအဝင် မြန်မာ့လက်ရွေးစင်အဆင့်နှင့် လက်ရွေးစင်ဖြစ်ခဲ့ဖူးသူ ၂၀၊ တိုင်းဒေသကြီးအတွင်းမှ စစ်တုရင်အားကစားသမား ၃၂ ဦး စုစုပေါင်း ၅၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲတွင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး ဩဂုတ်လတွင် ကျင်းပြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် စစ်တုရင်ပြိုင်ပွဲ၌ တိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် တိုင်းဒေသကြီးအတွင်းမှ ဆုရရှိသူများနှင့် အခြားစိတ်ပါဝင်စားသည့် စစ်တုရင်အားကစားသမားများအား တိုင်းဒေသကြီးလက်ရွေးစင်အဆင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

**တင်စိုး(ပဲခူး)**

## ကျေးရွာများအရောက် သောက်သုံးရေများလှူဒါန်း

**လွိုင်ကော် မေ ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်နေသော ကယန်းကြခူကျေးရွာနှင့် နွားလဝိုးစံပြကျေးရွာများသို့ ကယားပြည်နယ် ရဲတပ်ဖွဲ့က သောက်သုံးရေများကို မေ ၁၃ ရက်က သွားရောက်လှူဒါန်းခဲ့ပြီး သောက်ရေသန့်ဘူး ၅၄၀ နှင့် ရေဂါလန် ၉၀၀၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်းသိရသည်။ **ကိုစိုင်း(လွိုင်ကော်)**



# ရုရှားကိုအရေးယူပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်သင့်ဟု အမေရိကန်နှင့် နော်ဒစ်နိုင်ငံများသဘောတူ

**ဝါရှင်တန်  မေ ၁၄**

အမေရိကန်သမ္မတ အိုဘားမားသည် သောကြာနေ့က ၎င်းနှင့်နော်ဒစ်နိုင်ငံ ငါးနိုင်ငံမှ ခေါင်းဆောင်များ သဘောတူညီထားသော ရုရှားကို အရေးယူပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်ရမည်ဟု ပြောဆိုခဲ့သည်။

နော်ဒစ်ဒေသဝန်းကျင်၌ ရုရှား၏ စစ်ရေးအရ ရန်လိုမှုများကြောင့် ဒိန်းမတ်၊ ဆွီဒင်၊ အိုက်စလန်၊ နော်ဝေနှင့် ဖင်လန်နိုင်ငံတို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ နိုင်ငံများပေါင်းစည်းညီညွတ်ရေး အစည်းအဝေးတစ်ရပ်အတွင်း သမ္မတအိုဘားမားက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

(ရိုက်တာ)

# ဘိုကိုဟာရမ်စစ်သွေးကြွများ အိုင်အက်စ်များနှင့်ဆက်နွယ်မှုရှိကြောင်း ကုလလုံခြုံရေးကောင်စီသတိပေး

**ယူနိုက်တက်နေးရှင်း  မေ ၁၄**

ဘိုကိုဟာရမ် စစ်သွေးကြွအုပ်စုသည် အိုင်အက်စ်များနှင့်ဆက်နွယ်မှုရှိနေပြီး အကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်နေကြောင်း သောကြာနေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြောကြားခဲ့သည်။

ချဒ်ရေအိုင်ကြီးအနီးဒေသရှိ ဘိုကိုဟာရမ်များကြောင့် ပဋိပက္ခများဖြစ်ပေါ်နေပြီး လူသားချင်းစာနာမှုအကူအညီများ လိုအပ်နေကြောင်း ဒေသတွင်းနိုင်ငံ ၁၅ နိုင်ငံမှ ခေါင်းဆောင်များက ပြောကြသည်။

ပဋိပက္ခများကြောင့် နိုင်ဂျီးရီးယားလူမျိုး ၂ ဒသမ ၂ သန်းခန့်မှာ ဒုက္ခရောက်နေကြရပြီး ဒုက္ခသည်ပေါင်း လေးသိန်းခွဲကျော်သည် အိမ်နီးချင်းများဖြစ်သော ကင်မရွန်း၊ ချတ်နှင့် နိုင်ဂျာဒေသများသို့ ဝင်ရောက်နေထိုင်ကြရသည်။ ချဒ်ရေအိုင်ကြီးအနီးဒေသတွင် ခန့်မှန်းခြေလူဦးရေပေါင်း ၄ ဒသမ ၂ သန်းခန့်သည် အစားအစာမလုံလောက်မှုနှင့် သန့်ရှင်းသောအစားအစာများမလုံလောက်သည့်ပြဿနာများနှင့်ရင်ဆိုင်နေကြရသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့မှ စတီဖန်အိုဘရီယန်သည် လာမည့်သီတင်းပတ်အတွင်း အဆိုပါဒေသရှိ လူသားချင်းစာနာမှုဆိုင်ရာ ပြဿနာများအတွက် ကူညီထောက်ပံ့ပေးရန် နိုင်ဂျာနှင့် နိုင်ဂျီးရီးယားသို့သွားရောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတက်ဖနီဒူဂျာရစ်က ပြောခဲ့သည်။

(ဆင်ဟွာ)

# ဗင်နီဇွဲလားသမ္မတ အရေးပေါ်အခြေအနေကြေညာ

**ကရာကတ်  မေ ၁၄**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုသည် ၎င်း၏လက်ဝဲယိမ်းအစိုးရကို အမေရိကန်နှင့် အိုပက်နိုင်ငံများက ဖြုတ်ချလိမ့်မည်ဟု ယူဆသောကြောင့် ရက်ပေါင်း ၆၀ ကြာ အရေးပေါ်အခြေအနေတစ်ရပ်ကို သောကြာနေ့က ကြေညာခဲ့သည်။

အသေးစိတ် အခြေအနေကိုမူ မာဒူရိုက ချပြခဲ့ခြင်းမရှိပေ။ ပြီးခဲ့သောနှစ်က ကိုလံဘီယာနယ်စပ်အနီး၌ လူ့အခွင့်အရေး တောင်းဆိုမှုများနှင့် ပတ်သက်ပြီး ဥပဒေမဲ့လုပ်ရပ်များဖြစ်ပေါ်ခဲ့သဖြင့် ယခင်က အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ခဲ့ဖူးသည်။



မာဒူရိုသည် ၎င်း၏သမ္မတသက်တမ်းကိုအဆုံးမသတ်စေလိုသည့် အကြောင်းရင်းအပြင် ဗင်နီဇွဲလား၌ စီးပွားရေးနှင့်နိုင်ငံရေး တည်ငြိမ်မှုများ ပျက်ပြားလာခြင်းအပေါ် စိုးရိမ်ပူပန်နေကြောင်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့မှ သောကြာနေ့အစောပိုင်းက ပြောကြားခဲ့သည်။

နိုင်ငံ၏ အတိုက်အခံများဘက်မှ ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်း၊ ဒုစရိုက်မှုများ များလာခြင်းနှင့် အစားအစာ၊ ဆေးဝါးများ၊ ပြတ်လပ်မှုတို့အပါအဝင် ဆိုးရွားလာသော အခြေအနေများနှင့်ပတ်သက်၍ ဦးဆောင်မှုအားနည်းသော ခေါင်းဆောင်အပေါ် တောင်းဆိုမှုများ ပြုလုပ်လာကြသည်။

ယခင်ခေါင်းဆောင်ဟောင်းသည် ၎င်း၏သက်တမ်းကာလကို အပြည့်ထမ်းဆောင်သွားနိုင်ပြီး ၎င်းကို ဆန့်ကျင်ရန် မသိမသာလှုံ့ဆော်ပေးနေသော အမေရိကန်နိုင်ငံကို စွပ်စွဲပြစ်တင်ခဲ့သည်။

ဝါရှင်တန်နှင့်ကရာကတ်သည် နှစ်ပေါင်းများစွာ ဆက်ဆံရေးမပြေမလည်ဖြစ်နေခဲ့ကြောင်း သိရသည်။

(ရိုက်တာ)

# ငလျင်ဒဏ်ကြောင့် ကူမာမိုတိုဒေသခံများ အထိနာဆဲဖြစ်

**တိုကျို  မေ ၁၄**

ဂျပန်နိုင်ငံ အနောက်တောင်ဘက်ပိုင်းရှိ ကူမာမိုတိုဒေသ၌ အင်အားပြင်းငလျင်လှုပ်ခဲ့ပြီး တစ်လကြာသည့်တိုင် လူပေါင်း ၁၀၀၀၀ ကျော်မှာ ၎င်းတို့၏ နေအိမ်အပြင်ဘက်၌သာ ရှိနေကြသေးသည်ဟု အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါငလျင်ကြောင့် မာဆာကီမြို့နှင့် အခြားဒေသများမှလူပေါင်း ၄၉ ဦးခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းဒေသများသည် ရစ်ချ်တာစကေး ခုနစ်ရှိ အင်အားပြင်းငလျင် နှစ်ကြိမ်တိုင်တိုင် လှုပ်ခတ်သည့်ဒဏ်ကို ခံရသော နယ်မြေများဖြစ်သည်။ ငလျင်လှုပ်ပြီးနောက် မြေပြိုမှုများ ဖြစ်ပွားရာ မီနာမီအာဆိုကျေးရွာမှ လူတစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ နေရပ် စွန့်ခွာပြေးလာသူများမှာလည်း ၎င်းတို့၏ ကားများအတွင်း နေထိုင်လျက်ရှိနေကြပြီး ယင်းအနေအထားများကြောင့် စွန့်ခွာပြေးလာသူများ၏ ကျန်းမာရေး အခြေအနေများကို သက်ဆိုင်ရာက စိုးရိမ်ပူပန်နေကြသည်။




ကားထဲတွင် အိပ်စက်ခြင်းကြောင့် အချို့မှာ သွေးကြောပိတ်ဆို့ခြင်း၊ သွေးခဲခြင်း စသည့်ရောဂါများ ဖြစ်နိုင်ခြေများကြောင်း ကျွမ်းကျင်သူများက ပြောသည်။ ကူမာမိုတိုဒေသ၌ အင်အားပြင်းငလျင်ကြောင့် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ခန့်မှန်းခြေဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့် နစ်နာခဲ့ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

# ဖင်လန်ရှိ ဒုက္ခသည်စခန်းကို ဗုံးဖြင့်ပစ်သူကို ထောင်ဒဏ်ချမှတ်

**ဟယ်ဆင်ကီ  မေ ၁၄**

ဒုက္ခသည်များ လက်ခံသည့်ဌာနကို ခဲတတ်ဆီဗုံးများပစ်လွှတ်ခဲ့သူအား ဖင်လန်ခရိုင်တရားရေးဌာနချုပ်မှ ထောင်ဒဏ်သုံးနှစ်ခွဲ ချမှတ်ခဲ့ကြောင်း ပြည်တွင်းရုပ်သံလိုင်းမှ သောကြာနေ့က ထုတ်လွှင့်ခဲ့သည်။

ဖေဖော်ဝါရီလက ဖင်လန်နိုင်ငံအလယ်ပိုင်း ပီတာဂျာဝေစီရှိ ဒုက္ခသည်များလက်ခံရာဌာနကို အဆိုပါပုဂ္ဂိုလ်က လက်လုပ်ခဲတတ်ဆီဗုံးငါးလုံးဖြင့် ပစ်ပေါက်ခဲ့ရာ အဆောက်အအုံ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားပြီး မကြာခင်အချိန်အတွင်း ၎င်းကိုဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရသူမရှိခဲ့ပေ။

အခင်းဖြစ်ပွားစဉ်အတွင်း အဆိုပါ ဒုက္ခသည်များလက်ခံရာ ဌာနသည် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ ၈၀ ကို လက်ခံနေချိန်လည်းဖြစ်ပြီး အများစုမှာ ကလေးများဖြစ်ကြသည်။

၂၀၁၅ ခုနှစ်က ဖင်လန်နိုင်ငံသို့ နိုင်ငံရေးခိုလှုံသူပေါင်း ၃၂၅၀၀ ကျော်ရောက်ရှိခဲ့ပြီး ယင်းနှစ်အတွင်း ၁၀ ဆတိုးလာခြင်းဖြစ်သည်။ ပြီးခဲ့သောနှစ်နှောင်းပိုင်းကာလနှင့် ယခုနှစ်အစောပိုင်းကာလများက ဖင်လန်ရှိ အဆိုပါဌာနကို သံသယဖြစ်ဖွယ်ဗုံးဖြင့် တိုက်ခိုက်ခံရမှုပေါင်းများစွာရှိခဲ့သည်။

(ဆင်ဟွာ)

# ပေကျင်းနှင့် ဒေလီအကြားမှ ယှဉ်ပြိုင်မှုများနှင့် ဆက်ဆံရေး

**သက်မွန်ဦး**

**ရာစုနှစ်ပေါင်းများစွာ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ခပ်တန်းတန်းအနေအထားတွင်သာရှိသည်။ အာဆီယံနိုင်ငံများတွင် အကြီးမားဆုံး လူဦးရေအထူထပ်ဆုံးနှင့် ကြာရှည်ခိုင်မြဲသော ဆက်ဆံရေးရှိသည့် ယင်းနှစ်နိုင်ငံသည် ရှည်လျားသော သမိုင်းကြောင်းလည်းရှိသည်။ ယဉ်ကျေးမှုအခြေအနေ၊ စီးပွားရေး၊ စစ်ရေးအနေအထား၊ မတူညီသည့် အလေ့အထများဖြင့် အတူတကွဘေးချင်းကပ်ယှဉ်လျက်ရှိနေကြသည်။ ကိုလိုနီနောက်ပိုင်းခေတ်ကတည်းက နှစ်နိုင်ငံသည် အပြောင်းအလဲအရွေ့များ တဖြည်းဖြည်းစတင်ခဲ့ပြီး တစ်ဖက်စောင်းနင်းအပြုအမူများ နောက်ချန်ရစ်ကာ ဆက်ဆံရေးခြေတစ်လှမ်းအဆင့်တက်ခဲ့သည်။**

သို့သော်လည်း မကြာသေးမီက ဖော်ပြသောသတင်းများတွင် ဒေလီ-ပေကျင်း စစ်ရေးအရ အရေးပေါ်ဖုန်းလိုင်းတည်ထောင်လိုက်ခြင်းသည် အိမ်ဖြူတော်နှင့် ကရင်မလင်အကြားရှိ 'red telephone' ကဲ့သို့ အစစ်အမှန်မဟုတ်သော အပေါ်ယံဆက်ဆံရေး ဆင်တူယိုးမှားဖြစ်ရပ်တစ်ခုမျှသာ ဖြစ်သည်ဟု ဖော်ပြကြသည်။ အဆိုပါ ဖြစ်ရပ်သည် မကြာသေးမီနှစ်များစွာကတည်းက တရုတ်-အိန္ဒိယဆက်ဆံရေးသည် ရင့်ကျက်တည်ငြိမ်လာသည်ဟု ဖော်ပြခဲ့သော်လည်း နီးနီးကပ်ကပ် အနေအထားမဖြစ်သေးသည်ကို ထင်ဟပ်စေသည်။



အိန္ဒိယနှင့်တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် ကမ္ဘာလုံးဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များကို ဖြစ်ပေါ်စေသည်။ ယင်းနှစ်နိုင်ငံသည် မတူညီသောပုံစံနှစ်မျိုးဖြင့် ကမ္ဘာ့အသုံးအဆောင်ဈေးကွက်၌ လွှမ်းမိုးမှုများရှိနေသည်။ တရုတ်နိုင်ငံ၏ စတော့ဈေးကွက်စက်ဝိုင်းသည် ကမ္ဘာတစ်ဝန်းအကျိုးသက်ရောက်မှုရှိလောက်အောင် ထိုးဖောက်နေရာယူလျက်ရှိသည်။ နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသော နှစ်နိုင်ငံသည် ကာလကြာရှည်စီးပွားရေးနယ်ချဲ့မှုများ ပြုလုပ်လာကြပြီး နှစ်နိုင်ငံအပြန်အလှန် သံသယဖြင့်စောင့်ကြည့်နေကြသည်။ သံတမန်ဆက်ဆံရေးထားရှိပြီး တစ်ယောက်ခြေလှမ်းအမှားကို တစ်ယောက်ကမျက်ခြည်မပြတ်စောင့်ကြည့်နေကြသည်။

မူလသမိုင်းအစ ပထဝီဝင်အနေအထားအရ နှစ်နိုင်ငံသည် ယင်းတို့၏အကျိုးစီးပွားခွဲဝေရေး၊ စီးပွားရေးဖလှယ်ဆောင်ရွက်ရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုရှိရေးတို့ကိုထိန်းသိမ်းပြီး သံတမန်နည်းအရလက်တစ်ကမ်းအကွာ ဆက်ဆံရေးကို ယခင်ကတည်းက လက်ကိုင်ထားခဲ့သည်။ ထို့အပြင် ခေတ်သစ်အဦးအစက တရုတ်နိုင်ငံသည် ပြည်တွင်း၌ ပရမ်းပတာအခြေအနေများနှင့် ကြုံတွေ့ခဲ့ရပြီး အိန္ဒိယနိုင်ငံသည်လည်း ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့ရသည်။ ၁၉၅၀ အစောပိုင်းနှစ်များဆီက တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် အနောက်နိုင်ငံများ၏ ထိုးဖောက်ဝင်ရောက်လွှမ်းမိုးလာသည့် ယခင်အတွေ့အကြုံများကို သင်ခန်းစာယူ၍ ခေတ်သစ်အစိုးရများအနေဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ စတင်ခဲ့သည်။ သို့သော်လည်း နက်ရှိုင်းသည့်ဆက်ဆံရေးမရှိသည့်အတွက် အငြင်းပွားမှုများ အရှိန်မြင့်လာကာ အဆုံးသတ်အနေဖြင့် ၁၉၆၂ ခုနှစ်တွင် တရုတ်-အိန္ဒိယစစ်ပွဲ ဖြစ်ပေါ်ခဲ့သည်။ ထိုအချိန်မှစ၍ ၁၉၉၀ အစောပိုင်းကာလများမတိုင်မီအထိ နှစ်နိုင်ငံကြားသံတမန်ဆက်ဆံရေးသည် ပျက်ပြားခဲ့ရသည်။

သို့သော်လည်း ဆက်ဆံရေးအခြေအနေသည် ရုတ်ခြည်းပြောင်းလဲခဲ့သည်။ ပြီးခဲ့သော ဆယ်စုနှစ်က တရုတ်-အိန္ဒိယ၏သံတမန်ဆက်ဆံရေး ကုန်သွယ်ရေး၊ ဖလှယ်ရေးနှင့် နှစ်နိုင်ငံကြား စစ်ရေးအခြေအနေများသည် တည်ငြိမ်သည့် အနေအထားဖြစ်လာသည်။ အခါအားလျော်စွာ နယ်စပ်ကိစ္စများနှင့်ပါကစ္စတန်နှင့်ဆက်ဆံရေးအပေါ် သဘောထားအမြင်ကွဲလွဲပြီး နှစ်နိုင်ငံကြားအစွန်းအထင်းရှိခဲ့သော်လည်း အိန္ဒိယနှင့်တရုတ်မဟာမိတ်ဆက်ဆံရေးအခြေအနေများ တိုးတက်ဖြစ်ပေါ်ခဲ့သည်။ တရုတ်နှင့်ပါကစ္စတန်၏ ရင်းနှီးစည်းလုံးမှုသည် အိန္ဒိယကို အမေရိကန်နှင့် ပို၍ နီးကပ်သွားစေရန် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ပြီး အပြန်အလှန်သံသယများဖြင့် ဒေသတွင်း အင်အားပြိုင်ဆိုင်မှုများ ဖြစ်ပေါ်စေပြန်သည်။

ယင်းနှစ်နိုင်ငံသည် ယခင်ရာစုနှစ်များစွာ၊ ဆယ်စုနှစ်များစွာကထက် လက်ရှိအချိန်တွင် နှစ်နိုင်ငံဆက်ဆံရေးအတွက် အဘက်ဘက်မှ စဉ်းစား သုံးသပ် ပြုမှုလျက်ရှိသည်ကို တွေ့ရသည်။

အလားတူ နှစ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာနှင့် အာရေဗျပင်လယ်အတွင်း အခြားမိတ်ဖက်နိုင်ငံများကို ကျားကန်ထားပြီး အပြိုင်အဆိုင် ယှဉ်ပြိုင်နေရာယူ နေကြသည်။ အမှန်တကယ် တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံလုံးသည် အစောပိုင်းကတည်းက ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအပေါ် သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်။ အိန္ဒိယအနေဖြင့် နဂိုကတည်းက အရှေ့အလယ်ပိုင်း၏တရုတ်အခြေချရာနေရာတစ်ခုဖြစ်သည့် အီရန်နိုင်ငံကို သံတမန်ဆက်ဆံရေးချဲ့ထွင်ရန် ဖြစ်သည်။

အလားတူ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုသည် အားကောင်းလာသည်။ ပြီးခဲ့သော ၁၅ နှစ်တာကာလက နှစ်နိုင်ငံကုန်သွယ်ရေးတန်ဖိုးသည် ၂ ဘီလီယံဒေါ်လာမျှသာရှိခဲ့သော်လည်း ပြီးခဲ့သောနှစ်က ၈၀ ဘီလီယံဒေါ်လာအထိရှိခဲ့သည်။ အိန္ဒိယအနေဖြင့် စီးပွားရေးဆက်နွှယ်မှုတွင် လိုငွေပြနေမှုအပေါ် အလေးအနက်ထားဆောင်ရွက်နေပြီး ဒေလီရှိစီးပွားရေးလုပ်ငန်းရှင်များသည် တရုတ်နိုင်ငံ၏ ဈေးနှုန်းသက်သာသည့်ထုတ်ကုန်ပစ္စည်းများ အကျိုးသက်ရောက်မှုအပေါ် စိုးရိမ်မကင်းဖြစ်နေကြသည်။ စက်မှုလုပ်ငန်းများ၌ အိန္ဒိယမှအနည်းငယ်အားသာမှုများရှိသော်လည်း လက်ရှိအချိန်တွင် တရုတ်သည် ၎င်း၏ရောမဈေးကွက်ကိုထိန်းထားနိုင်သည်ကို တွေ့ရသည်။ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ “အိန္ဒိယတွင်ပြုလုပ်သည်” ဆိုသည့် စက်မှုအားပြုမှုဝါဒကို တည်ငြိမ်အောင်ပြုလုပ်နိုင်လျှင် အိန္ဒိယနိုင်ငံသားတို့၏ ဂျီဒီပီတန်ဖိုးမြင့်တက်လာမည်ဖြစ်သည်။ အကြမ်းဖျင်းအားဖြင့် ဒေါ်လာတန်ဖိုး ၂ ထရီလီယံသည် တရုတ်နိုင်ငံ၏စက်မှုပြည်နယ်နှစ်ခုဖြစ်သော ကွမ်တုံနှင့်ကျန်းစုတို့၏ရလဒ်နှင့် တူညီသည့်အနေအထားတွင်ရှိသည်ဟု ဆိုနိုင်သည်။

စစ်ဘက်ရေးရာ၌လည်း အိန္ဒိယကို တရုတ်နိုင်ငံမှ စစ်ရေးအရည်အသွေးမြင့်မားစေရန် အခိုင်အမာပြုလုပ်ပေးထားသည်။ အိန္ဒိယသည် ဆယ်စုနှစ်နှစ်ခုအတွင်း စစ်အသုံးစရိတ်များကို လေးဆအထိ တိုးမြှင့်ခဲ့သည်။ သို့သော် အိန္ဒိယသည် အထူးသဖြင့်လေကြောင်းဆိုင်ရာ အစီအစဉ်များတွင် အတွေ့အကြုံပိုများသော တရုတ်နှင့်နှိုင်းယှဉ်လျှင် တိုးတက်မှုနောက်ကျနေသည်ကို တွေ့ရသည်။

ထို့ကြောင့် တရုတ်နှင့်အိန္ဒိယသည် ယခင်နှစ်များကနှင့်မတူ သံတမန်ရေး၊ ကုန်သွယ်ရေးနှင့် ကာကွယ်ရေးတို့တွင် အချင်းချင်းတွန်းတွန်းတိုက်တိုက် အနေအထားဖြင့် ကမ္ဘာတစ်ဝန်း ခြေဆန့်လျက်ရှိသည်။ ယင်းနှစ်နိုင်ငံသည် ယခင်ရာစုနှစ်များစွာ၊ ဆယ်စုနှစ်များစွာကထက် လက်ရှိအချိန်တွင် နှစ်နိုင်ငံဆက်ဆံရေးအတွက် အဘက်ဘက်မှစဉ်းစားသုံးသပ်ပြုမှုလျက်ရှိသည်ကိုတွေ့ရသည်။

၁၈ ရာစုနှောင်းပိုင်းကာလများနှင့်နှိုင်းယှဉ်လျှင် တရုတ်နှင့်အိန္ဒိယသည် လက်ရှိကာလ၌ အမှီခိုကင်းပြီး ကြွယ်ဝချမ်းသာလာကာ ဒေသတွင်းလုံခြုံရေးနှင့်ငြိမ်းချမ်းရေးကို ပိုမိုဇောင်းပေးလုပ်ဆောင်လာနိုင်ကြသည်။ ပေကျင်းနှင့်ဒေလီအကြားရှိ တိုးတက်လာသောဆက်ဆံရေးကို ယခင်ကတွေ့ဖူးကြုံဖူးခြင်းမရှိသဖြင့် ပြီးပြည့်စုံသည်ဟု မည်သူမျှသတ်မှတ်နိုင်မည် မဟုတ်ချေ။ ပူးပေါင်းဆောင်ရွက်ရေးကို အခြေခံ၍ ဖြစ်ပေါ်လာသောကြောင့် တရုတ်-အိန္ဒိယ ဆက်ဆံရေးတိုးတက်လာသည်ဟု မှတ်ယူတိုင်းတာနိုင်သည်။ သို့သော်လည်း နှစ်နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် ကျန်ရှိနေသေးသည့် တင်းမာမှုများကိုလည်း တွက်ချက်ဖြေလျှော့ရန် လိုအပ်နေသေးသည်။ ထို့ကြောင့် လတ်တလောတွင်နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေပြီး အချင်းချင်းဆန့်ကျင်မှုများရှိနေသေးသရွေ့ ယင်းတို့၏ဆက်ဆံရေးပုံစံကို အကောင်းဆုံးမိတ်ဆွေ-ရန်သူအနေအထားအဖြစ် မှတ်ယူနိုင်မည်ဖြစ်သည်။

**ကိုးကား-ရိုက်တာ**




## ကမ္ဘာ့အကြီးမားဆုံး ကုန်တင်လေယာဉ် တာမေနီစတန်မှ အိန္ဒိယသို့ရောက်ရှိ

**နယူးဒေလီ မေ ၁၄**

မေ ၁၃ ရက်က အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်ရှိ ရာဂျစ်ဂန္ဒီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ကမ္ဘာ့အကြီးမားဆုံး ကုန်တင်လေယာဉ် အန်တိုနော့ဗ် AN-225 Mriya သည် သောကြာနေ့ နံနက်အစောပိုင်းက တာမေနီစတန်မှ အိန္ဒိယသို့ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# လေပြင်းတိုက်ခတ်ခြင်းကြောင့် စာသင်ကျောင်းနှင့် နေအိမ်အဆောက်အအုံများပျက်စီး၊ တာဝန်ရှိသူများ ကူညီကယ်ဆယ်ဆောင်ရွက်ပေး

**ကနီ**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကျော်ရွာကျေးရွာအုပ်စုတွင် မေ ၁၃ ရက် ညနေ ၃ နာရီ၂၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျော်ရွာကျေးအုပ်စုအတွင်းရှိ ကျော်ရွာ၊ ဇီးဖြူကုန်း၊ အောင်သာယာ၊ ကျွဲတက်နှင့် ကံဇီဘကျေးရွာများမှ လူနေအိမ်နှင့် စာသင်ကျောင်းဆောင်၊ သာသနိက အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ပျက်စီးမှုများကို နယ်မြေခံတပ်မတော်သားများက မေ ၁၄ ရက် နံနက်ပိုင်းတွင် ကျော်ရွာကျေးရွာအုပ်စုသို့ လာရောက်၍ စာသင်ကျောင်းဆောင်၊ လူနေအိမ်များပျက်စီးမှုများကို ရှင်းလင်းဆောင်ရွက်ပေးပြီး မြို့နယ်တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်းကာ ကျော်ရွာကျေးရွာအုပ်စုအတွင်းရှိ ပျက်စီးဆုံးရှုံးခဲ့သော စာသင်ကျောင်းဆောင်များ၊ လူနေအိမ်များနှင့် သစ်ပင်များကို စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

ကျော်ရွာကျေးရွာအုပ်စုအတွင်းမှ ဇီးဖြူကုန်းကျေးရွာမှ ၁၂၅ အိမ်၊ ကျော်ရွာကျေးရွာမှ ၂၅ အိမ်၊ အောင်သာယာကျေးရွာမှ ၁၇ အိမ်၊ ကံဇီဘကျေးရွာမှ နေအိမ်အလုံး ၂၀ နှင့် ကျွဲတက်ကျေးရွာမှ ၁၈ အိမ် စုစုပေါင်း နေအိမ် ၁၈၅ အိမ်တို့မှ သွပ် ၃၄၇၄ ချပ်နှင့် ဘုန်းတော်ကြီးကျောင်း လေးကျောင်းတို့မှ သွပ်အချပ်ရေ ၂၅၀ တို့ ပျက်စီးဆုံးရှုံးခဲ့သည်။ အနောက်မြောက်တိုင်း စစ်ဌာနချုပ် မိသားစုများမှ သွပ်အချပ်ရေ ၂၀၀၀ နှင့် သွပ်ရိုက်သံပိဿာချိန် ၅၀ လှူဒါန်းထောက်ပံ့ပေးပြီး တိုင်းဒေသကြီးလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



**မြစ်ကြီးနား**

တနိုင်းမြို့နယ်အတွင်း မေ ၁၃ ရက် နံနက် ၃ နာရီခွဲခန့်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကင်ဆားရာရပ်ကွက် မြို့ဦးဘုန်းကြီးကျောင်းရှိ ဆွမ်းစားဆောင်တစ်ခန်းနှင့် ဆောက်လုပ်ဆဲမွှာရုံ အမိုးလန်ပျက်စီးခဲ့ကာ ခြံစည်းရိုးအုတ်တံတိုင်း ပြိုကျပျက်စီးခဲ့ပြီး ဒူးကောင်းရပ်ကွက်ရှိ ဘုန်းကြီးကျောင်းနှင့် နေအိမ် ၅၄ လုံးတို့မှာ အမိုးလန်ခြင်းနှင့် ပြိုကျပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်နေအိမ် ၅၄ လုံးအနက် နေအိမ်လေးလုံးမှာ လုံးဝပြိုကျပျက်စီးပြီး ကျန်အဆောက်အအုံများမှာ အမိုးများပျက်စီးခဲ့သဖြင့် အိမ်မိုးသွပ်ချပ်ရေ စုစုပေါင်း ၁၂၉၀ ခန့် ပျက်စီးခဲ့ရာ တပ်မတော်သားများက သွားရောက်ပြီး လုံးဝပျက်စီးခဲ့သည့်နေအိမ်များမှ မိသားစုများကို ယာယီ နေထိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကာ လိုအပ်သည့် ကူညီပံ့ပိုးမှုများနှင့် ရှင်းလင်းမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

**စဉ့်ကိုင်**

စဉ့်ကိုင်မြို့နယ်၌ မေ ၁၃ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ည ၇ နာရီ ၁၅ မိနစ်ခန့်အထိ မိုးသက်လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မိုးသီးများကြွေကျခြင်းကြောင့် စဉ့်ကိုင်မြို့ရန်အောင်မြင်ရပ်ကွက် အားကစားနှင့် ကာယပညာဦးစီးဌာန ပွဲကြည့်စင်အမိုးများပျက်စီးခြင်း၊ ဇော်ဂျီ အမက၊ သပြေရိုးအမကကျောင်းများ၌ အမိုးများပျက်စီးခြင်း၊ မုံပင်ကျေးရွာတွင် နေအိမ်တစ်လုံးပြိုကျပျက်စီးခဲ့ကြောင်း သိရ သည်။

ရန်နိုင်ရပ်ကွက်၌ နေအိမ်ရှစ်လုံး၊ ရန်အောင်မြင်ရပ်ကွက်တွင် နေအိမ်ကိုးလုံး၊ ကံကြီးကျေးရွာတွင် နေအိမ်တစ်လုံး၊ စံပြကျေးရွာတွင် နေအိမ်တစ်လုံး၊ သပြေရိုး ကျေးရွာတွင် နေအိမ် ၁၂ လုံး၊ ဆယ်ကတော်ကျေးရွာတွင် နေအိမ်အလုံး ၂၀၊ လက်ဝဲကျေးရွာတွင် နေအိမ်တစ်လုံး၊ ကုန်းနီ ကျေးရွာ၌ နေအိမ် ၁၀ လုံး၊ ကသဲကုန်းကျေးရွာ၌ နေအိမ်တစ်လုံး၊ မြောင်းဆုံငယ်ကျေးရွာတွင် နေအိမ်တစ်လုံး၊ တပ်ကြီးကျေးရွာ၌ နေအိမ်နှစ်လုံး၊ ညော့ဗျကျေးရွာ၌ နေအိမ်တစ်လုံး၊ မုံပင်ကျေးရွာ၌ နေအိမ် ၁၅ လုံး၊ အမိုးများပျက်စီးခြင်း၊ သစ်ပင်များပြိုလဲခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုများအား ကူညီကယ်ဆယ်ရေးနှင့် ယာဉ်များ သွားလာမှုလွယ်ကူစေရန်အတွက် မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည် ။

**တင်တင်ထွေး(စဉ့်ကိုင်)**

**ပင်လည်ဘူး**

ပင်လည်ဘူးမြို့၌ မေ ၁၃ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးများကြွေခြင်းတို့ကြောင့် အောင်ချမ်းသာရပ်ကွက်နှင့် ကျေးရွာခြောက်ရွာမှ လူနေအိမ် ၁၈လုံး စာသင်ကျောင်း သုံးကျောင်း၊ စည်ပင်သာယာရေးကားကွင်း အဆောက်အအုံတစ်ခုတို့၏ အမိုးနှင့် လမ်းမီးတိုင်နှစ်တိုင် ပျက်စီးသွားခဲ့သည်။ လျှပ်စီးများလက်၍ မိုးကြိုးပစ်ခြင်းကြောင့် နွားသုံးကောင် သေဆုံးခဲ့သည်။

အဆိုပါပျက်စီးဆုံးရှုံးမှုများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့်တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မိုင်းကိုင်**

မိုင်းကိုင်မြို့နယ်၌ မေ ၁၂ ရက် ညနေ ၅ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးများကြွေကျခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း ၊ လေပြင်းတိုက်ခတ်ခြင်း သစ်ပင်သစ်ကိုင်းများလဲကျခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ရာ ဆင်ခြေဖုန်းမြောက် ကျေးရွာအုပ်စု လွယ်မော်ကျေးရွာတွင် လွယ်မော်စာကြည့်တိုက် ပေါ်သို့ ညောင်ပင်တစ်ပင်လဲကျခြင်းကြောင့် စာကြည့်တိုက်နှင့် ပရိဘောဂ ပစ္စည်းများ ပျက်စီးခဲ့သည်။ ဆင်ခြေဖုန်းမြောက်ကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်းရှေ့ရှိ ညောင်ပင်မှ ညောင်ကိုင်းသည် အနီးအနားရှိ စားသောက်ဆိုင်တွင် လာရောက်နားနေသော ကားတစ်စီးကို မောင်းနှင်လာသည့် ဝိုင်းငင်းကျေးရွာနေ စိုင်းကုန်(၂၉ နှစ်)နှင့် စိုင်းသိန်းအောင် (၂၈ နှစ်)တို့ နှစ်ဦးအပေါ်သို့ ကျိုးကျခဲ့ရာ စိုင်းကုန်မှာ ဦးခေါင်းပေါ်သို့ ညောင်ကိုင်းပြုတ်ကျသည့် ဒဏ်ရာကြောင့် သေဆုံးခဲ့သည်။

ဆင်ခြေဖုန်းရှေ့ ကျေးရွာအုပ်စု ဖောင်းမိန်းကျေးရွာအနီး နွားစားကျက်တွင် မိုးကြိုးပစ်ခတ်မှုကြောင့် နွား အကောင်ရေ ၂၆ ကောင် မိုးကြိုးထိ၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။

မိုင်းကိုင်မြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ CDMA – 450 MHz မိုဘိုင်းဖုန်းမှ IP- star CB-Box အား လျှပ်စီးစီးဝင်မှုကြောင့် ပျက်စီးချွတ်ယွင်းသွားပြီး မိုင်းကိုင်မြို့နယ်သို့ CDMA – 450 MHz မိုဘိုင်းဖုန်းဆက်သွယ်မှု လက်ရှိမှာ ယာယီပြတ်တောက်သွားသဖြင့် တာဝန်ရှိသူများက ဖုန်းဆက်သွယ်မှု အမြန်ပြန်လည်ရရှိနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

**မြစ်သား**

မြစ်သားမြို့နယ်အတွင်း မေ ၁၃ ရက် ညနေပိုင်းက မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ရာ မြစ်သားအနောက်ခြမ်းရှိ အင်းရင်း၊ ဆင်ခြံ၊ ဝက်ထိန်း၊ ပေါက်မြိုင်၊ ရစ်ကန်နှင့် ကျားတွင်းကျေးရွာတို့တွင် နေအိမ် ၁၃ လုံး ပြိုကျ၊ ၃၁ အိမ် အမိုးလန်၊ နွားတစ်ကောင်သေဆုံး၊ ဆင်ခြံကျေးရွာ စာသင်ကျောင်းမျက်နှာကြက် ၁၇ ချပ် ပြိုကျ၊ ဘုန်းကြီးကျောင်း အုတ်တံတိုင်းပြိုကျနှင့် ဝက်ထိန်းကျေးရွာ စာသင်ကျောင်း မျက်နှာကြက် ၆၅ ချပ် ပြိုကျခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## သောက်သုံးရေများ လှူဒါန်းပေး

**ခရမ်း မေ ၁၄**

ခရမ်းမြို့နယ် ကျုံကန်ကျေးရွာ၌ သောက်သုံးရေကန်များ ခန်းခြောက်၍ ကျေးရွာနေပြည်သူများ သောက်သုံးရေအတွက် အခက်ကြုံနေကြသဖြင့် ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးအောင် ဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်စိုးနှင့် အရာရှိအရာခံ အကြပ်တပ်သားတပ်ဖွဲ့ဝင်မိသားစုများက မေ ၁၄ ရက်က ကျုံကန်ကျေးရွာနေ အိမ်ထောင်စုဝင် ၂၅၀ အတွက် ရေသန့် ၂၀ လီတာဝင် ရေသန့်ဘူး ၅၉၀ လှူဒါန်းပေးခဲ့သည်။

ဆက်လက်၍ သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသည့် ကျေးရွာများသို့ သောက်သုံးရေသန့်များကို ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

## ပေါက်မြို့ လေဘေးသင့်ကျေးရွာပြည်သူများအား ကူညီထောက်ပံ့



**ပေါက် မေ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း မေ ၁၂ ရက် ည နေ ၄ နာရီ မိနစ် ၅၀ ခန့်က တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော နံ့သာနှင့် ကျွန်းရင်းကျေးရွာအုပ်စုများမှ လေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများက ယနေ့ ပေးအပ်ခဲ့သည်။

နံ့သာကျေးရွာအုပ်စုတွင် ပြိုကျပျက်စီးသုံးအိမ်နှင့် ကျွန်းရင်းကျေးရွာအုပ်စုတွင် ပြိုကျပျက်စီး ငါးအိမ်အတွက် မိသားစုဝင်များကို ငွေကျပ်ငါးသောင်းစီနှင့် နံ့သာကျေးရွာအုပ်စုတွင် အမိုးလန် ၁၇ အိမ်၊ ကျွန်းရင်းကျေးရွာအုပ်စုတွင် အမိုးလန် ၁၉ အိမ်အတွက် မိသားစုဝင်များကို ငွေကျပ်နှစ်သောင်းစီ ပေးအပ်ပြီး ပေါက်မြို့နယ်အတွင်း ကျန်ရှိနေသော လေဘေးသင့် မိသားစုဝင်များကို ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

**ဉာဏ်တိုး(ပေါက်)**

## သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသည့်နေရာများသို့ ရဲတပ်ဖွဲ့ဝင်များ သွားရောက်ကူညီ



**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွား၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပိတ်ဆို့နေသည့်လမ်းများ ရှင်းလင်းရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၃ ရက်က မကွေးတိုင်းဒေသကြီး ကံမမြို့နယ်နှင့် ပေါက်မြို့နယ်တို့တွင် အမှတ်(၁၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ သရက်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ပေါက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က ပြန်လည်တည်ဆောက်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း ရေလှူ

**ရန်ကုန် မေ ၁၄**

ရန်ကုန်မြို့တွင် တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားသော မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar Japan Socio-Economic Development Association) က ဆာကူရာ ဦးဌေးအောင် ပံ့ပိုးသော ဂါလန်၂၄၀၀ ဆံ့ ရေသယ်ကားကြီး နှစ်စီးဖြင့် အသင်းအထွေထွေအတွင်းရေးမှူး ဦးစန်းမောင်မြင့် ဦးဆောင်ပြီး မေ ၄ ရက်တွင် ဒလဘက်ကမ်း အိမ်ခြေ ၆၀၀ ရှိ သပြေကုန်းရွာသို့လည်းကောင်း၊ မေ ၈ ရက်တွင် ဒလရခိုင်ချောင်မှ ငါးမိုင်ခန့်ဝေးသော လမ်းမရှိသော အိမ်ခြေ ၃၀၀ ခန့်ရှိ သက်ကယ်ကွင်းရွာသို့လည်းကောင်း သောက်ရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေလိုသည့် ကျေးရွာများအနေဖြင့် ဖုန်း-၀၉-၅၁၃၅၅၁၅ သို့ ဆက်သွယ် အလှူခံရယူနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**


ဒပ်(ဖ်) - ဆံကေသာကို ၁၀ ဆ
ပိုမိုသန်စွမ်းစေသည်
Dove
ပျက်စီးနေသော ဆံကေသာကို
ပြုပြင်ပေးမည့် No.1 ပညာရှင်
မြန်မာနိုင်ငံကို ရောက်ရှိနေပါပြီ။
Dove
Dove hairtherapy
DAMAGE SOLUTION
total damage treatment
conditioner
shampoo
total hair fall treatment

# မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း၏ လျှပ်စစ်ထုတ်လုပ်မှုအပိုင်း ပြည်သူ့အတွက် ပထမ ရက် ၁၀၀ အတွင်း လုပ်ငန်းများ ပြီးစီးရန် ရည်မှန်းချက်ထား

ကြီးမြင့်နိုင်(လှိုင်ကော်)

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးတွင် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ထုတ်လုပ်ဖြန့်ဖြူးရန်နှင့် စိုက်ပျိုးမြေဧက ၁၂၀၀၀ ကို ရေပေးဝေရန်ဟူသော ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း၏ လုပ်ငန်းများကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက်လုပ်ငန်းအစီအစဉ်များဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်သူ့အတွက် ပထမ ရက် ၁၀၀ အတွင်း တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်အဆောက်အအုံလုပ်ငန်းနှင့်မြစ်သာ- ဂန့်ဂေါ (၆၆) ကေဗွီဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းစသည့် လျှပ်စစ်ဓာတ်အားထုတ် လုပ်မှုအပိုင်းကို အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တမံတည်ဆောက်ခြင်းလုပ်ငန်းတွင် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဧပြီလကုန်တွင် အပြီးသတ်ဆောင်ရွက်ခဲ့ပြီး ကုန်းကျောတမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ်မေလကုန်တွင် ပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ရေအားလျှပ်စစ်အဆောက်အအုံများ တည်ဆောက်ခြင်း(မြို့ပြ) လုပ်ငန်းများကို ၂၀၁၆ ခုနှစ် မေလကုန်တွင် အပြီးဆောင်ရွက်ပြီးနောက် စက်များတပ်ဆင်ခြင်းလုပ်ငန်း၊ မြစ်သာ- ဂန့်ဂေါ(၆၆) ကေဗွီဓာတ်အားလိုင်း သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကာ ၂၀၁၆ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင်စတင်စမ်းသပ်လည်ပတ်တော့မည်ဖြစ်သည်။

ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းတွင်မူ မြေကြီးလုပ်ငန်း ၁၆ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် တူးမြောင်းအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ၃ ဒသမ ၅၄ ရာခိုင်နှုန်းတို့မျှသာ ပြီးစီးသေးသည်ဖြစ်၍ စိုက်ပျိုးမြေများအား ရေပေးဝေနိုင်ရန်မှာ အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းရဦးမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မကြာမီကာလတွင် နှစ်ပေါင်းအတန်ကြာအောင် အချိန်ယူတည်ဆောက်ခဲ့ရသော မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း၏ တမံတည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်းတို့ ပြီးစီးတော့မည်ဖြစ်၍ ရေအားလျှပ်စစ် ဓာတ်အား ၂၀ မဂ္ဂါဝပ်အားရှိ စက်နှစ်လုံးဖြင့်နှစ်စဉ်ပျမ်းမျှလျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ကိုထုတ်လုပ်ကာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများပါ ပြီးစီးအောင်မြင်ချိန်တွင် စိုက်ပျိုးသီးနှံများအထွက်တိုးကာ ဂန့်ဂေါမြို့နယ်အတွင်း မြစ်သာမြစ်အထက်ပိုင်းရှိ ကျေးရွာများ ဆင်းရဲမှုလျော့ကျလာမည်ဖြစ်သည်။ ဒေသတွင်းစိမ်းလန်းစိုပြည်ရေးကိုလည်း ဆည်ရေကဖြစ်ပေါ်စေလိမ့်မည်။ ယနေ့မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကြောင့်ခံစားရသော အကျိုးကျေးဇူးမှာရေလှောင်တမံကိုအကြောင်းပြု၍ လမ်း၊ တံတားများအဆင့်မြှင့်တင်သောကြောင့် မြစ်သာမြစ်အထက်ပိုင်းမှ ကျေးရွာများ သွားလမ်းသာ၍ လာလမ်းဖြောင့်လာကြခြင်းပင် ဖြစ်သည်။ ဆည်အတွင်းငါးမွေးမြူခြင်းဖြင့် ဂန့်ဂေါမြို့နယ်အတွင်း ငါးလည်းပေါလာနိုင်ပါသေးသည်။ တမံအနီးမှ ကျေးရွာများ တမံကိုအမှီသဟဲပြု၍ ဈေးဆိုင်၊ စားသောက်ဆိုင်များဖွင့်လှစ်၍ စီးပွားလည်းဖြစ်နိုင်ပါသေးသည်။ သို့ဖြစ်၍တမံဆည်တည်ဆောက်ခြင်းကြောင့်ဖြစ်ပေါ် လာသော ကောင်းကျိုးအဖြာဖြာတို့သည် တမံတည်ဆောက်ခြင်းကြောင့် ရေဝပ်ရေိယာအတွင်းကျရောက်သည့် ကျေးရွာများမူလနေရာမှရွာသစ်သို့ပြောင်းရွှေ့ရခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအချို့ဖြစ်ပေါ်ခြင်းစသည့် ဆိုးကျိုးအချို့အတွက် ရင်းစားရရုံမျှသာမက အမြတ်ပင် ထွက်ပေသေးသည်။

ယခုအခါရာသီဥတုကြောင့် မြစ်သာမြစ်ရေနည်းပါးမှု ဖြစ်ပေါ်နေသော်လည်း ရေလှောင်တမံအတွင်းရေသိုလှောင်ထားရှိပြီး လျှပ်စစ်ထုတ်လုပ်မှုအပိုင်းကို ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်လုပ်ငန်းအဖြစ်အကောင်အထည်ဖော်ဆောင်ရွက်ကာ မကြာမီကာလ၌ ရေအားလျှပ်စစ်စက်ရုံကြီးကို စမ်းသပ်လည်ပတ်စေတော့မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။



မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကို ဝေဟင်မှ တွေ့ရစဉ်



## မကွေးမြို့နယ် ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သော ညောင်ပင်သာကျေးရွာ ကျောက်ချောလမ်းခင်းလုပ်ငန်းဆောင်ရွက်

**မကွေး မေ ၁၄**

မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်တွင် ပါဝင်သည့် ညောင်ပင်သာကျေးရွာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မေ ၁၁ ရက်က တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆွေ ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါလမ်းပိုင်းသည် မီးဘေးသင့်သွားခဲ့သည့် ညောင်ပင်သာကျေးရွာနှင့် မကွေး-ရေနံချောင်းလမ်းမကြီးကို ဆက်သွယ်သည့် အရှည် ပေ ၆၅၀၀ ရှိသော လမ်းဖြစ်ပြီး ယခင်လမ်းအကျယ်မှာ ရှစ်ပေသာရှိသော နွားလှည်းလမ်းဖြစ်ခဲ့သည့်အတွက် မီးလောင်မှုဖြစ်ပွားချိန် မီးသတ်ကားများ ရောက်ရှိသော်လည်း ဝင်ထွက်ရန်ပင် ခက်ခဲသည့်အတွက် ရွာလုံးကျွတ်နီးပါး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ယခုအခါ လမ်းအကျယ် ပေ ၃၀ ချဲ့၍ အရှည်ပေ ၆၅၀၀၊ အကျယ် ၁၈ ပေ၊ထု ကိုးလက်မရှိသော ကျောက်ချောလမ်းခင်းပေးနိုင်ရေးကို ဧပြီ ၈ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊က ကျေးရွာသို့ရောက်ရှိစဉ် မှာကြားချက်အား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်လုပ်ငန်းများတွင် ခန့်မှန်း ကုန်ကျငွေကျပ် ၅၈ သန်းဖြင့် ထည့်သွင်းလျာထားခဲ့ခြင်းဖြစ်သည်။

ယင်းလမ်းကိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၂၄ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လမ်းအကျယ် ပေ ၃၀ ချဲ့၍ မြေပြင်ခြင်းလုပ်ငန်းမှာ အရှည် ပေ ၄၀၀၀ အထိ ဆောင်ရွက်ပြီးစီးမှုကို တိုင်းဒေသကြီး ဦးစီးမှူးက ကွင်းဆင်းစစ်ဆေးရာ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ အရည်အသွေး ကောင်းမွန်သော ကျောက်အမျိုးအစားကို အသုံးပြုရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

## မြို့နယ်ရဲတပ်ဖွဲ့အင်အားစု၏ ပထမရက် ၁၀၀လုပ်ငန်းစီမံချက် ပုန်းတလုတ်ရေကန် ဆည်ယူလုပ်အားပေး

**ပင်းတယ မေ ၁၄**

ရှမ်းပြည်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့မြို့နယ်ရဲတပ်ဖွဲ့အင်အားစု၏ ပြည်သူ့အတွက် ပထမ ရက် ၁၀၀ လုပ်ငန်းစီမံချက်အရ ပုန်းတလုတ်ကန်ဆည်ယူမှုကို မေ ၁၃ ရက် နံနက် ၈ နာရီက ပုန်းတလုတ်ရေကန်၌ လုပ်အားပေးဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ လုပ်အားပေးပွဲတွင် ပင်းတယမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အတူ ရဲတပ်ဖွဲ့ဝင် ၃၀ တို့က ရေကန်၏ အရှေ့တောင်ဘက်ရှိ ရွှံ့နွံများ ဖယ်ရှားခြင်း မြေသားများတူးဖော်ခြင်း လုပ်ငန်းများကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သမိုင်းဝင် ပုန်းတလုတ်ရေကန်ကြီးသည် ယခုနှစ်တွင် ရေများပိုမို ခန်းခြောက်လျက်ရှိရာ ပင်းတယမြို့နယ်ရှိ ဒေသနေပြည်သူများမှာ ရေခန်းခြောက်မည့်အရေးကို စိုးရိမ်လျက်ရှိပြီး ရေကန်ပြန်လည်တူးဖော်ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ရပ်ကွက်/ကျေးရွာများမှ အခါအားလျော်စွာ လုပ်အားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ

## လယ်ဝေးမြို့တွင် ရက် ၁၀၀ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**လယ်ဝေး မေ ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့်အဖွဲ့သည် ပြည်သူ့အတွက် ပထမ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မေ ၁၀ ရက် နံနက် ၈ နာရီက လယ်ဝေးမြို့ အထက(၁) ရွှေရတုခန်းမ၌ ယာဉ်စည်းကမ်း အသိပညာပေးသင်တန်းနှင့် ဟောပြောပွဲဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက လမ်းညွှန်၊ လမ်းအမှတ်အသား၊ အချက်ပြမျာ း ယာဉ်တိုက်မှုဖြစ်ပွားခတ်ပုံများ နေပြည်တော်အတွင်း ဂရုပြုလိုက်နာမောင်းနှင်ရမည့်နေရာများကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါ ပညာပေးသင်တန်းသို့ လယ်ဝေးမြို့နယ်မှ ပြည်သူများတက်ရောက်ခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အထက(၁) အတွက် ဥပဒေစာအုပ်များ လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန နေပြည်တော်ရုံးတွင် ပြည်သူ့အတွက် ပထမ ရက် ၁၀၀ လုပ်ငန်းစဉ်များဖြစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသင်တန်းနှင့် ဟောပြောပွဲဆောင်ရွက် ခြင်း Chip ပါသည့် Smart Card ယာဉ်မောင်းလိုင်စင် ပြောင်းလဲထုတ်ပေးခြင်း ယာဉ်စစ်ဆေးပြီးစီးမှု Vehicle Inspection Sticker ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တနင်္သာရီမြို့နယ်၌ အခမဲ့ကွင်းဆင်းဆောင်ရွက်

**တနင်္သာရီ မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ပြည်သူ့အတွက် ပထမ ရက် ၁၀၀ ကျန်းမာရေးစောင့်ရှောက်မှု စီမံချက် အကောင်အထည်ဖော်မှု အသွင်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း အခမဲ့ကွင်းဆင်း ဆောင်ရွက်မှု ပြည်သူ့အကျိုးပြု လုပ်ငန်းကို ချောင်းငယ်ရပ်ကွက် မြသီတာလမ်း မြသီတာဘုရားကျောင်းဝင်းအတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာဇော်အောင် ဦးဆောင်သော သူနာပြုဆရာမများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးတင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ချောင်းငယ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ငွေနှင့်အဖွဲ့ဝင်များပူးပေါင်းလျက် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးမိခင်များ၊ ကျန်းမာရေး



ကုသမှုပြုရန် လိုအပ်နေသော ဒေသခံပြည်သူ ကလေး လူကြီး ၁၀၀ တို့အား အခမဲ့ စမ်းသပ်ကုသပေးခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

### ပဲခူး

ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးနှင့် တာဝန်ရှိသူများသည် မေ ၁၀ ရက်က ပဲခူးတိုင်းအရှေ့ခြမ်းရှိ ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ဖြူးမြို့နယ်နှင့်အုတ်တွင်း မြို့နယ်များ၏ ပထမ ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းများ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး စီမံချက်ပါလုပ်ငန်းများ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အယ်နီညိုနှင့် လာနီညာရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကြုံတွေ့လာမှုအပေါ် လိုက်နာဆောင်ရွက်ရေးဆိုင်ရာ ဗဟုသုတများ၊ ဆုံးရှုံးမှုလျော့ပါးရေးဆိုင်ရာ လိုက်နာဆောင်ရွက်သင့်သည်များ၊ ငါးသယံဇာတထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ရေလုပ်သားအစုအဖွဲ့များစုဖွဲ့ဖော်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

### မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး မှုခင်းကျဆင်းရေး ပထမ ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာအသိပညာပေးရှင်းလင်းပွဲကို မေ ၁၃ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရေကြောင်း ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မြဝင်းနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်းတို့က ပထမ ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

### စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဦးစီးဌာန မွမ်းမံရန်ပုံငွေဖြင့် ပထမ ရက် ၁၀၀ အတွင်း အပြီးဆောင်ရွက်မည့် စလင်းမြို့နယ် ပန်းတော်ကျင်း-အင်ကြင်းပင်လှရွာလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ကြက်သကိုင်ရွာ၊ မင်းတဲရွာ မြေနီကျောက်စရစ်ခင်းခြင်းလမ်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်နှင့် ကျေးရွာလမ်းခင်းရေးကော်မတီများက ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်ကျေးလက်ဌာနမှူး ဦးဇော်မင်းထွဋ်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး မိုးမကျမီ တူးဖော်

**ပဲခူး မေ ၁၄**

ပဲခူးမြို့ပေါ်ရှိ ရေနုတ်မြောင်းများနှင့် အဓိကမြောင်းကြီးများအား ရေစီးရေလာကောင်းမွန်ရန် စက်ယန္တရားများနှင့် မိုးမကျမီ အပြီးတူးဖော်ဆောင်ရွက်လျက်ရှိကြောင်း ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာမှူး ဦးပြေကျော်က ပြောကြားသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပထမ ရက် ၁၀၀ အတွင်း မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ် အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများနှင့်အတူ ပေါင်းစပ်ကာ မြို့ပေါ်အဓိကရေနုတ်မြောင်းများဖြစ်သော ကသစ်ပင်ရိုး၊ ကုလားရိုက်ရိုး၊ အထက (၃) ကျောင်းဘေးကျုံး ရေနုတ်မြောင်းများအား စက်ယန္တရားများဖြင့် မေ ၁၀ ရက်မှ စတင်၍ တူးဖော်လုပ်ဆောင်နေပြီဖြစ်သည်။

ထို့အတူ လူနေထူထပ်သော နန်းတော်ရာရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ ပုဏ္ဏားစုရပ်ကွက်၊ ရုံးကြီးရပ်ကွက်နှင့် ဈေးပိုင်ရပ်ကွက်များတွင်လည်း စုပုံထားရှိသော အမှိုက်ပုံကြီးများအား ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို ရပ်ကွက်နေ ပြည်သူများနှင့်အတူ လူအင်အားဖြင့် လုပ်ဆောင်ကြမည်ဖြစ်သည့်အပြင် အခြားရပ်ကွက်များကိုလည်းတိုးချဲ့၍ အလှည့်ကျ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့သည် နှစ်စဉ်မိုးတွင်းကာလ၌ ရေနုတ်မြောင်းများ တိမ်ကောလာကာ မိုးရေလျှံသဖြင့် ရေကြီးခြင်းဖြစ်ပေါ် လျက်ရှိသည်။ ယခုနှစ်တွင် ထိုသို့မဖြစ်ပေါ်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း ရေနုတ်မြောင်းများ ပိတ်ဆို့ခြင်းမရှိအောင် အမှိုက်များ စည်းကမ်းမဲ့ ရေမြောင်းများအတွင်း မစွန့်ပစ်ကြရန်၊ သတ်မှတ်ထားသောနေရာတွင်သာ အမှိုက်များစုပုံ စွန့်ပစ်ရန်၊ မိမိအိမ်ခြံမြေအတွင်း ကျင်းတူး၍ အမှိုက်များစွန့်ပစ်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပဲခူးမြို့ပေါ်တွင် စွန့်ပစ်အမှိုက် တစ်နေ့လျှင် တန်ချိန် ၄၅ တန်ခန့် ထွက်ရှိပြီး ပဲခူးမြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက မြို့တွင်း မြို့ပြင်ခွဲ၍ ကားအစီးရေ ခုနစ်စီးဖြင့် လိုက်လံသိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## မြန်မာ့ရိုးရာအားကစား

ယနေ့ ကမ္ဘာ့နိုင်ငံအများစုက စိတ်ဝင်စားမှုရှိလာပြီး မြန်မာ့ရိုးရာလက်ဝှေ့သမားများကလည်း နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ဆံ့လာသည့်အတွက် ရိုးရာလက်ဝှေ့အားကစားမှာ ဒုတိယတန်းအဆင့်သို့ပင် အတော်အတန်ထိ ထိုးဖောက်လာမည်ဟု ပြောရမည်ဖြစ်သည်။ အာရှသာမက ဥရောပနိုင်ငံအချို့ကပင် စိတ်ဝင်စားမှုရှိလာသည့် မြန်မာတို့၏ ရိုးရာ ဗလာလက်သီးကို မျှားမကြာမီတွင် မြန်မာနိုင်ငံသို့ ကမ္ဘာ့လက်ဝှေ့ကျော်အများစု လာရောက်ယှဉ်ပြိုင်ထိုးသတ်မည့် ပထမဆုံးမြန်မာ့ရိုးရာ လက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ ကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည်ဖြစ်သည်။

# ကမ္ဘာ့လက်ဝှေ့ကျော်အများစု လာရောက်ယှဉ်ပြိုင်ထိုးသတ်မည့် ပထမဆုံး ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး

**သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို လာမည့် ဩဂုတ် ၂၁ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံ အားကစား ပြိုင်ပွဲရုံ(၁)၌ ကျင်းပသွားရန် စီစဉ်လျက်ရှိပြီး ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာ မီဒီယာဂရု(ပ်)၊ ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့၊ ဂျပန်နိုင်ငံမှ မျှားမကြာမီက ရေဘေးရန်ပုံငွေအတွက် လာရောက်ယှဉ်ပြိုင်ထိုးသတ်သွားသည့် စမက်ဒေါင်းပွဲကို စီစဉ်ခဲ့သည့် ဇီးရိုးဝမ်းအဖွဲ့တို့ ပူးပေါင်းကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲအတွက် ကုန်ကျငွေကို အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲအထိ သုံးစွဲရန် လျာထားသော်လည်း ရရှိသည့် အကျိုးအမြတ်ကိုမူ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းအားလုံးက ကိုယ်ကျိုးအတွက် အသုံးပြုသွားမည်မဟုတ်ဘဲ မြန်မာနိုင်ငံ မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပွဲ အားကစားသမားအသစ်များ ပေါ်ထွန်းရေးအတွက် မျိုးဆက်သစ်ရိုးရာ လက်ဝှေ့ပွဲများ ဆက်လက်ကျင်းပနိုင်ရေး အသုံးပြုရန် လေးပွင့်ဆိုင် သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲကြီးတွင် ဝိတ် တန်းအလိုက် တွဲဆိုင်း ကိုးဆိုင်း ထည့်သွင်းယှဉ်ပြိုင်ထိုးသတ်သွားရန် စီစဉ်လျက်ရှိပြီး ယခုလတ်တလောအနေဖြင့် မြန်မာဘက်မှ တွဲဆိုင်း ကိုးဆိုင်းကို သတ်မှတ်ချိတ်ဆက်အကြောင်းကြားပြီးဖြစ်သည်။ ပြိုင်ပွဲကြီးသည် နိုင်ငံတကာတွင် ကျင်းပနေသကဲ့သို့ မြန်မာ့ရိုးရာ လက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ ဖြစ်ခြင်းကြောင့် တွဲဆိုင်းအားလုံး၏ ယှဉ်ပြိုင်ထိုးသတ်မည့်သူများမှာ မြန်မာ့ရိုးရာလက်ဝှေ့သမားများ ဖြစ်သည်။ တစ်ဖက်မှ လာရောက်ယှဉ် ပြိုင်ထိုးသတ်မည့် သူများမှာလည်း ဝိတ်တန်းအလိုက် ကွာခြားမှုမရှိသည့် ကမ္ဘာ့နိုင်ငံများမှ မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားမှုရှိသည့် ပြိုင်ဘက်ကောင်း လက်ဝှေ့ကျော်များ လာရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဝိတ်တန်း


စောဂေါ်မူဒို (သတ္တိကလပ်)


ထွန်းထွန်းမင်း (ထွန်းထွန်းမင်းကလပ်)


သားအသည်းတစ်ပွင့် (ဗမာ့သွေး)

အလိုက် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် ရိုးရာလက်ဝှေ့ကျော်များမှာ ၈၀ ကီလိုတန်းတွင် ယခုလက်ရှိ မြန်မာပြည်အလွတ်တန်း ချန်ပီယံ ထွန်းထွန်းမင်း (ထွန်းထွန်းမင်း ကလပ်)၊ ၇၅ ကီလိုတန်းတွင် တူးတူး (နဂါးမာန် ကလပ်)၊ ၇၂ ကီလိုတန်းတွင် စောဂေါ်မူဒို (သတ္တိကလပ်)၊ ၆၇ ကီလိုတန်းတွင် ဖျံသွေး (ငြိမ်းချမ်းရေး)၊ ၆၃ ကီလိုတန်းတွင် သားအသည်းတစ်ပွင့် (ဗမာ့သွေး)၊ ၆၀ ကီလိုတန်းတွင် နဂါးမာန်ကလပ်မှ ထွန်းလွင်မိုး၊ ၅၇ ကီလိုတန်းတွင် တောင်ကလေးကလပ်မှ ရဲသွေးနီ၊ ၅၄ ကီလိုတန်းတွင် စောဖြိုးဝေ (အဖြူရောင်သွေးသစ်)နှင့် ၅၁ ကီလိုတန်းတွင် ထွန်းသွင် ရိုးရာလက်ဝှေ့ကလပ်မှ တိမ်တိုက်တို့က နိုင်ငံတကာမှ လာရောက်ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့သမားများကို မြန်မာ့ရိုးရာ လက်ဝှေ့သူရဲကောင်းများအဖြစ် လက်ခံယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

"ပထမအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို ပထမတော့ ဩဂုတ် ၇ ရက်မှာလုပ်ဖို့ပဲ။ ဒါပေမယ့် ဇူလိုင် ၃၁ ရက်မှာ ဂျပန်နိုင်ငံ တိုကျိုမြို့မှာလုပ်မယ့် ဂန်လျူဂျီးမားလို့ခေါ်တဲ့ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ ပြိုင်ပွဲက ထွန်းထွန်းမင်းကို ဝင်ပြိုင်မယ်ဆို ပြိုင်လို့ရတယ်လို့ သူတို့ကဖိတ်တယ်။ အဲဒါနဲ့ ဒီမှာလုပ်မယ့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို ရက်ရွှေ့လိုက်တာ။ ဒါကြောင့် ဩဂုတ် ၂၁ ရက်ကိုပြောင်းလိုက်တာဖြစ်တယ်။ ဂန်လျူဂျီးမားဆိုတာကတော့ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲပါပဲ။ မြန်မာနိုင်ငံအနေနဲ့ ထွန်းထွန်းမင်းကို နိုင်ငံကိုယ်စားပြုလွှတ်ပြီးတော့ လက်ဝှေ့ဆိုတဲ့ပညာရပ်နဲ့ ပထမဆုံးသွားရောက်ယှဉ်ပြိုင်မှာပါ"ဟု ပထမဆုံး မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို ဦးဆောင်ကျင်းပမည့် မြန်မာမီဒီယာဂရု(ပ်)မှ ဦးဝဏ္ဏ (မာဂျေ) က ပြိုင်ပွဲ နောက်ဆုတ်ဖြစ်ခဲ့ရမှုနှင့် ပတ်သက်၍ ရှင်းပြသည်။

ဩဂုတ် ၂၁ ရက်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် နိုင်ငံပေါင်း ကိုးနိုင်ငံမှ လာရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုင်ငံကိုယ်စားပြု အားကစားသမားတစ်ဦးလျှင် နည်းပြတစ်ဦးနှင့် အုပ်ချုပ်သူတစ်ဦးစီကို နေထိုင်စားသောက်စရိတ် ကအစ အိမ်ရှင်နိုင်ငံအနေဖြင့် စီစဉ်ပေးမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် လတ်တလော ပြည်ပနိုင်ငံများမှ စိတ်ဝင်စားစွာ လာရောက်ယှဉ်ပြိုင်မည့် နိုင်ငံအချို့နှင့် ချိတ်ဆက်လျက်ရှိသည်။ ပြိုင်ပွဲ၌ ၆၇ ကီလိုတန်းတွင် အီရန်မှ မာဆွတ်၊ ၇၅ ကီလိုတန်းတွင် ကနေဒါ၊ ၇၂ ကီလိုတန်းတွင် ရုရှားနိုင်ငံနှင့် ဂျပန်နိုင်ငံမှ လက်ဝှေ့သမားတို့ လာရောက်ယှဉ်ပြိုင်ရန် နှစ်ဖက်သဘောတူ အတည်ပြုခဲ့ပြီးဖြစ်သည်။ ကျန်နိုင်ငံများနှင့်လည်း ချိတ်ဆက်လျက်ရှိပြီး မျှားမကြာမီတွင် ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် ပြည်ပနိုင်ငံအချို့မှ လက်ဝှေ့သမားများနှင့် ပွဲစီစဉ်သူက မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကိုယ့်ရဲ့ ရိုးရာအားကစားကို ကမ္ဘာကိုပြချင်တယ်ဆိုရင်တော့ အိမ်ရှင်နိုင်ငံအနေနဲ့ ပြည်ပနိုင်ငံခြားသားကို ချန်ပီယံပေးရဲတဲ့ သတ္တိရှိရမယ်။ ကျွန်တော်တို့ မြန်မာ့ရိုးရာလက်ဝှေ့က အောင်မြင်သင့်သလောက် ဘာကြောင့်မအောင်မြင်ခဲ့ရသလဲဆိုရင် နိုင်ငံခြားသားကို ချန်ပီယံမပေးချင်ခဲ့လို့ပဲ။ ပြောရရင် ၂၀၁၂ ဒဂုံ ရွှေအောင်လံမှာ ပထမတန်းအောင်လံကို ရုရှား ရခဲ့ဖူးတယ်။ အဲဒီတုန်းက ပြောရမယ်ဆိုရင် ပထမတန်းအောင်လံရော၊ အလွတ်တန်းအောင်လံပါ ရုရှားကရမှာ။ ဒါပေမယ့် အလွတ်တန်းအောင်လံမှာ ရုရှားမှ ဒါဇစ်က အပေါ်စီး အကြိတ်အနယ် ထိုးသတ်နိုင်ပါလျက်နဲ့ အရှုံးပေးလိုက်တယ်။ ဒါတွေရှိတာပေါ့။ အခုတော့ နိုင်ငံရေးအရဖိအားပေးမှုတွေ မရှိတော့ဘူး။ အရင်တုန်းကဆိုရင် နိုင်ငံခြားသွားထိုးမယ်။ နိုင်ငံခြားသားခေါ်ထိုးမယ်ဆိုရင် မင်းတို့နိုင်မှာလား၊ မင်းတို့နိုင်မှာမို့လားကစ မေးတယ်။ ဒါတွေက မြန်မာ့အားကစားကို နိမ့်ကျစေမယ့် အချက်တစ်ချက်ပဲ။ ကျွန်တော်ကတော့ ကိုယ့်ဆီကထက် သာတဲ့လူကိုခေါ်တယ်။ ဥပမာ ဆိုင်းရပ်စ် ဝါရှင်တန်ကို ခေါ်သလိုပေါ့။ ဆိုင်းရပ်စ်ကို ခေါ်တုန်းက ထွန်းထွန်းမင်းထက်သာတယ်။ ဒါပေမယ့် နှစ်ပွဲ၊ သုံးပွဲ ထိုးပြီးတဲ့ အချိန်မှာ ထွန်းထွန်းမင်းက လက်ရည်တက်သွား ပြီးတော့ တတိယအကြိမ်တွေ့ဆုံတဲ့အခါမှာ ဆိုင်းရပ်စ်ကို အလဲထိုးသွားနိုင်ခဲ့တယ်။ ပြောရရင် ကိုယ့်ထက်လက်ရည်သာတဲ့ အားကစားသမားကို ရှာမှ ကိုယ့်ရိုးရာ လက်ဝှေ့ကတက်မှာ"ဟု ဦးဝဏ္ဏက ပြောသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပထမဆုံး မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးတွင် ရိုးရာလက်ဝှေ့ချစ်ပြည်သူများ လူလတ်တန်းစားမရွေး ကြည့်ရှုနိုင်ရန်အတွက် ရုံဝင်ကြေးကို ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၂၀၀၀၀ နှင့် ငွေကျပ် ၅၀၀၀ နှုန်း သတ်မှတ်ထားပြီးဖြစ်သည်။ ယင်းရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲသည် မြန်မာနိုင်ငံ၏ ပထမဆုံးပွဲဖြစ်၍ ပြည်ပနိုင်ငံခြားသားလက်ဝှေ့သမားများနှင့် ဝါသနာရှင်များ အများဆုံးလာရောက်ကြည့်ရှုအားပေးမည်ဖြစ်ရာ ကမ္ဘာ့အလယ်သို့ မြန်မာ့ရိုးရာလက်ဝှေ့အနေဖြင့် အဆင့်တစ်ခုသို့ အမှန်တကယ်ပင် ထိုးဖောက်ဝင်ရောက်နိုင်တော့မည်ဖြစ်ပါ ကြောင်း။ ။



**ပြိုင်ပွဲကြီးသည် နိုင်ငံတကာတွင် ကျင်းပနေသကဲ့သို့ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲဖြစ်ခြင်းကြောင့် တွဲဆိုင်းအားလုံး၏ ယှဉ်ပြိုင်ထိုးသတ်မည့်သူများမှာ မြန်မာ့ရိုးရာလက်ဝှေ့သမားများဖြစ်သည် . . .**

ခ ရီး သွား ဆော င်း ပါး

# စိမ်းညို့ရောင်သန်းသည့် ရှမ်းတောင်တန်းနှင့် အောင်ပန်းဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

**ယင်းမာပင်ကို ကျော်ဖြတ်လိုက်သည်နှင့် ရှမ်းတောင်တန်းများက ဆီးကြိုနေသည်။ ရာသီဥတုရော ပတ်ဝန်းကျင်မြင်ကွင်းပါပြောင်းလဲသွားရာ စိမ်းညို့နေသော တောင်တန်း၊ တောင်စွယ်များက စိတ်ကိုလန်းဆန်းသွားသလို အပူချိန်လျော့သွားမှုကြောင့် အေးမြမှုဖြစ်ပေါ်စေသည်။ အဆင်း အတက်၊ အကွေ့အကောက်များကြောင့် စိတ်ကမတည်ငြိမ်၊ တောလမ်း၊ တောင်လမ်းဖြစ်ရာ ပတ်ဝန်းကျင်အနီးတစ်ခွင်တွင် စိမ်းစိုသောသစ်ပင်ကြီးငယ်များက နေရာအနှံ့တွေ့မြင်ရသည်။ ကျွန်တော်တို့ ရှမ်းတောင်တန်းများကို ကျော်ဖြတ်ပြီး အောင်ပန်းမြို့ဆီသို့ ဦးတည်နေခြင်းဖြစ်သည်။**



အောင်ပန်းမြို့အနီးဝန်းကျင်ရှိ စိုက်ခင်းများအား တွေ့ရစဉ်။

သာစည်မှဘုရားငါးဆူအထိ မြေပြန့်ဖြစ်ပြီး ဘုရားငါးဆူမှ ယင်းမာပင်အထိလည်း မြေပြန့်ဖြစ်ရာ ခရီးတွင်သော်လည်း ယင်းမာပင်မှထွက်သည်နှင့် တောင်ပေါ်လမ်းသဖွယ်ဖြစ်သွားသည်။ ကတ္တရာလမ်းက ကောင်းမွန်သဖြင့်တောင်ပေါ်လမ်းဖြစ်သော်လည်း ကားကိုပုံမှန်မောင်း၍ရသည်။ သည်လမ်းကို ကတ္တရာလမ်းအဖြစ် စတင်ခင်းသည့်အချိန်က ပထမဆုံးတစ်ခေါက်ရောက်ခဲ့ပြီးနောက်ပိုင်း တောင်ကြီး၊ ကလောမြို့များသို့ တာဝန်ဖြင့်သွားရောက်သည့်အကြိမ်တိုင်း ဤလမ်းကပင်ဖြတ်သန်းသွားခဲ့ရသည်များကို ပြန်သတိရမိသည်။

ယခုအခေါက်လည်း အောင်ပန်းမြို့သို့ တာဝန်ဖြင့်သွားရောက်ရသည်ဖြစ်ရာ ကုန်းလမ်းခရီးသည် ကျွန်တော်နှင့်မစိမ်းတော့။ မစိမ်းသော်လည်း ရှမ်းတောင်တန်းတွေမြင်တိုင်း စိတ်ထဲဆွတ်ပျံ့ကြည်နူးကာ စိတ်လက်ပေါ့ပါးမှုဖြစ်စေသဖြင့် ပတ်ဝန်းကျင်ကို မပြတ်တမ်းကြည့်ရှုခံစားနေမိသည်။ တောင်စောင်းစိုက်ခင်းများ၊ တောင်ယာစပါးခင်းများ၊ ကားလမ်းဘေးကျေးရွာငယ်များက မြင်တွေ့နေကျရှုခင်းများ ဖြစ်သော်လည်း ဆန်းသစ်နေဆဲ။ သာစည်မှ အောင်ပန်းအထိကားလမ်းခရီး ၆၄ မိုင်ရှိရာ ယင်းမာပင်မှအထွက် ရှမ်းတောင်တန်းများကို ဖြတ်ကျော်လိုက်သည်နှင့်ကလောမြို့သို့ရောက်ရှိလာသည်။ မြေပြန့်တွင် အပူချိန်များမြင့်တက်နေသော်လည်း ကလောမြို့ရောက်ချိန်တွင် အပူရှိန်သိသိသာသာကျဆင်းကာ အေးမြမြဖြစ်နေသဖြင့်နေထိုင်၍ကောင်းသည်။ ကလောမြို့တစ်ခွင်တောင်တန်းများပေါ်တွင်မြူခိုးများ ဟိုတစ်စ သည်တစ်စ ရစ်သိုင်းနေသည်ကို တွေ့မြင်ရသည်။ ကလောမြို့ရာသီဥတုက အေးချမ်းပြီး နေချင့်စဖွယ်ပင်။

ကလောမြို့ကို ဖြတ်ကျော်လာခဲ့ပြီး မကြာမီအောင်ပန်းမြို့သို့ရောက်ရှိလာသည်။ ကလောနှင့် အောင်ပန်းသည် ခြောက်မိုင်ခန့်သာဝေးသဖြင့် ကလောမြို့က ထွက်လိုက်သည်နှင့် အောင်ပန်းမြို့သို့ရောက်ရှိသလို နီးစပ်နေသည်ဟု ခံစားရသည်။ ကတ္တရာလမ်းက ကျယ်ဝန်းပြန့်ပြူးလျက်ရှိရာ အောင်ပန်းမြို့အဝင်လမ်းက ကောင်းမွန်ကာ မော်တော်ယာဉ်တစ်စီးနှင့် တစ်စီးအသွားအပြန်လွတ်ကင်းစွာ မောင်းနှင်သွားလာ၍ရသည်ကို တွေ့ရသည်။ ကျွန်တော်တို့ အောင်ပန်းမြို့ကိုရောက်ခဲ့ပြီ။

အောင်ပန်းမြို့က ပင်လယ်ရေမျက်နှာပြင်အထက် ၄၂၁၉ ပေမြင့်သောနေရာတွင် တည်ရှိသောမြို့ဖြစ်သည်။ တောင်ကြီးခရိုင် ကလောမြို့နယ်အတွင်းပါဝင်ပြီး ၂၀၁၄ ခုနှစ် စာရင်းများအရ လူဦးရေ ၅၀၀၀၀ ကျော် နေထိုင်သော မြို့လည်းဖြစ်ကြောင်း သိရသည်။ ၁၉၉၂ ခုနှစ်က အောင်ပန်း-လွိုင်ကော်ရထားလမ်း ဖောက်လုပ်ခဲ့သဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း အောင်ပန်းမြို့မှ ကယားပြည်နယ်လွိုင်ကော်မြို့သို့ ရထားဖြင့်သွားလာနိုင်နေပြီဖြစ်သည်။

ကျွန်တော်တို့တည်းခိုရာနေရာတွင် ပစ္စည်းများချကာ ခေတ္တနားပြီးနောက် အောင်ပန်းမြို့မှ ဌာနဆိုင်ရာအချို့နှင့်တွေ့ဆုံကာ တာဝန်များဆောင်ရွက်ရသည်။ စိုက်ပျိုးတောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးသီးနှံထွက်ရှိမှုများကိုလည်း မေးမြန်းကြည့်မိသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်းကြောင်း၊ အဖျက်ပိုးများအန္တရာယ်ကိုလည်း နှိမ်နင်းရကြောင်း၊ ပိုးသတ်ဆေးယဉ်ပါးနေသော အဖျက်ပိုးများကြောင့် သီးနှံအထွက်နှုန်းများကျဆင်းရကြောင်း သိရသည်။ ရာသီဥတုဖောက်ပြန်မှု အကျိုးဆက်အဖြစ် စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံတစ်ဝန်းနေရာအနှံ့အပြားတွင် ထိခိုက်မှုများရှိနေသည်ကိုလည်း ကြားသိနေရသည်။

အောင်ပန်းမြို့ပတ်ဝန်းကျင်က စိုက်ခင်းများဖြင့် ဝန်းရံလျက်ရှိသည်ကိုတွေ့ရသည်။ စိုက်ပျိုးရေးအဓိကလုပ်ကိုင်ကြသည်ဖြစ်ရာ စိုက်ပျိုးသီးနှံများအောင်မြင်ဖြစ်ထွန်းရန် ဒေသခံများက လိုလားကြသည်။ ကျွန်တော်တို့ တာဝန်များပြီးဆုံးသည်နှင့် အောင်ပန်းဈေးဘက်သို့ ထွက်လာခဲ့သည်။ အောင်ပန်းဈေးက ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်။ အဝတ်အထည်များ၊ ဒေသထွက်လက်ဖက်ခြောက်နှင့် ရှမ်းအစားအစာများ၊ အနီးဝန်းကျင်ရွာများမှ စိုက်ပျိုးရေးထွက်ကုန်များ လာရောက်ရောင်းချကြသည်ကို တွေ့ရသည်။




ရှမ်းခမောက်များ ကိုယ်စီနီးပါးဆောင်းကာ ဈေးရောင်းဈေးဝယ်နေကြသော ဒေသခံတိုင်းရင်းသားများ၏ လှုပ်ရှားသွားလာမှုများက အမြင်ဆန်းသည်။ အနီးဝန်းကျင်တွင် ပအိုဝ်း၊ ပလောင်၊ ဓနု၊ ရှမ်း၊ တောင်ရိုးစသည့်တိုင်းရင်းသားရွာများက ဒေသထွက်ကုန်များဖြစ်သည့် မုန်ညင်း၊ ဂေါ်ဖီ၊ ပန်းမျိုးစုံ၊ ခရမ်းချဉ်သီး၊ ဂျုံးမြစ်၊ သရက်၊ သင်္ဘောသီး၊ ပဲတောင့်ရှည်၊ သပြေပန်းနှင့် ပန်းသီးစသည်တို့ကို ဈေးပေါပေါဖြင့်လာရောက်ရောင်းချကြသည်ကို တွေ့ရသည်။ ဈေးရောင်းပြီးပါက အိမ်အတွက်လိုအပ်သော အစားအစာ၊ အသုံးအဆောင်ပစ္စည်းများဝယ်ပြီးပြန်ကြသည်။

အောင်ပန်းဈေးကို လှည့်လည်ကြည့်ရှုလေ့လာပြီးနောက် ကျွန်တော်တို့ ပြန်ထွက်ခဲ့ကြသည်။ အောင်ပန်းမြို့သည် မျှတသောရာသီဥတုရှိပြီး ပတ်ဝန်းကျင်ရှိတိုင်းရင်းသားကျေးရွာများသို့ သွားရောက်လေ့လာနိုင်သဖြင့် ကမ္ဘာလှည့်ခရီးသွားများလာရောက်လေ့လာကြကြောင်း သိရသည်။ ထို့ကြောင့်ဖြစ်မည်။ အောင်ပန်းမြို့တွင် ဟိုတယ်များတည်ဆောက်လာကြသည်ကို တွေ့ရသည်။ အောင်ပန်းမြို့သည် အမှတ်(၄) ပြည်ထောင်စုလမ်းမပေါ်တွင်တည်ရှိပြီး ရွာသစ်ရပ်ကွက်ရှိ ပြည်ထောင်စုလမ်းပေါ်၌ မြတ်မနောဟိုတယ်၊ မင်္ဂလာရပ်ကွက် မင်္ဂလာလမ်းပေါ်တွင် ရှိုင်ရယ်ဇော်ကြီးဂါးဒင်း resort နှင့် (၃) ရပ်ကွက် ပင်းတယလမ်းတွင် ဗျူးပွိုင့်ဟိုတယ်စသည်တို့တည်ရှိနေရာ လာရောက်လေ့လာအပန်းဖြေလိုသူများအတွက် တည်းခိုရန်အဆင်ပြေလေသည်။

ကျွန်တော်တို့အောင်ပန်းမြို့အတွင်း လှည့်လည်ကြည့်ရှုနေရာမှ အောင်ပန်းဘူတာရုံဘက် ထွက်လာခဲ့သည်။ ဘူတာရုံတွင် သာစည်မြို့မှလာသော ရထားဆိုက်ရောက်ချိန်ဖြစ်ရာ ခရီးသည် အဆင်း၊ အတက်နှင့်လိုက်ပို့သူ၊ လာကြိုသူ၊ ဈေးရောင်းသူများဖြင့် လှုပ်လှုပ်ရှားရှား ရှိနေသည်ကို တွေ့ရသည်။ သာစည်-ကလော-အောင်ပန်း-ရွှေညောင်ရထားလမ်းနှင့် အောင်ပန်း-လွိုင်ကော်ရထားလမ်းဆုံရာမြို့လည်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်မြို့ဟု ဆိုနိုင်သည်။

အောင်ပန်းမြို့သည် ကားလမ်းဆုံရာမြို့လည်းဖြစ်ရာ အောင်ပန်းမှရပ်စောက်မြို့သို့ ၅၆ မိုင်၊ အောင်ပန်းမှပင်းတယသို့ ၂၄ မိုင်၊ အောင်ပန်းမှရွှာငံသို့ ၄၃ မိုင်၊ အောင်ပန်းမှအင်းလေးသို့ ၃၅ မိုင်ခရီးဝေးသည်။ အောင်ပန်း-တောင်ကြီးက ၃၆ မိုင်ခန့် ဝေးသော်လည်း အောင်ပန်းမြို့မှ ဟဲဟိုးအထိ ၁၅ မိုင်ကွာဝေးသည်။ အောင်ပန်းမှ ဟဲဟိုးလေဆိပ်အထိ ၁၅ မိုင်ခန့်ဝေးရာ စင်းလုံးငှားတက္ကစီဖြင့် ခရီးသွားဧည့်သည်များလာရောက်ကြောင်း သိရသည်။

အောင်ပန်းဘူတာရုံတွင် ရောက်ရှိလေ့လာနေစဉ် ငယ်စဉ်ကကြည့်ခဲ့ဖူးသော "ကလောအလွန်တစ်ဘူတာ" ရုပ်ရှင်ကားကိုစိတ်ထဲ အမှတ်ရနေမိပြန်သည်။ အောင်ပန်းဘူတာမှပြန်ထွက်လာခဲ့ပြီး အောင်ပန်းမြို့တွင် ကွယ်လွန်သွားခဲ့သော စာရေးဆရာကြီး ဒဂုန်တာရာ၏ ဂူဗိမာန်တည်ဆောက်ရာနေရာသို့ သွားရောက်ခဲ့သည်။ ငယ်စဉ်က ဦးလေးဖြစ်သူ ဦးတင်မြင့်၏ တိုက်တွန်းမှုဖြင့် နဝမတန်းကျောင်းသားဘဝမှာပင် ဒဂုန်တာရာ၏ စာအုပ်များစွာကို ဖတ်ရှုလေ့လာဖြစ်ခဲ့ရာ ဆရာကြီး၏ စာပေများဖြင့် ကြီးပြင်းခဲ့ရသည်ဟုပင် ဆိုရမည်ဖြစ်သည်။ အောင်ပန်းမြို့ မယ်ခိုတောင်တွင် တည်ဆောက်နေသော ဒဂုန်တာရာအထိမ်းအမှတ် ဂူဗိမာန်သို့ ရောက်ရှိခဲ့သည်။ အမိုးအုတ်ကြွပ်ပြားများ မိုးထားပြီး ဘေးပတ်လည် ကိုယ်ထည်နံရံများတွင် အုတ်တိုင်များ ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ အလျားနံရံအုတ်တိုင် ရှစ်တိုင်၊ အနံအုတ်တိုင် ခြောက်တိုင်ရှိသော ဒဂုန်တာရာဂူဗိမာန်က ကြမ်းခင်းများပြီးစီးနေပြီး ကြွေပြားများခင်းရန်သာ လိုတော့သည်ကို တွေ့ရသည်။ အနီးတွင် ထင်းရှူးပင်အချို့ရှိနေပြီး တောင်ကြော၊ တောင်ကုန်းပေါ်တွင်

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

တည်ရှိသော ဒဂုန်တာရာအထိမ်းအမှတ်ဂူဗိမာန်မြင်ကွင်းက တိတ်ဆိတ်ငြိမ်းချမ်းကာ လွမ်းမောစရာကောင်းနေသည်။ စာရေးဆရာကြီး ဒဂုန်တာရာကို ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ထိုင်ကူမြစ်တန်းရွာတွင် ၁၉၁၉ ခုနှစ် မေ ၁၀ ရက်က မွေးဖွားခဲ့ရာ လာမည့် ၂၀၁၉ ခုနှစ် မေလ ၁၀ ရက်နေ့၌ နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်သည်။ စာရေးဆရာကြီးဒဂုန်တာရာ ကွယ်လွန်သွားခြင်းမှာ မြန်မာ့စာပေလောကအတွက် အစားထိုးမရသော ဆုံးရှုံးမှုတစ်ရပ်ပင်။ ဆရာကြီးဒဂုန်တာရာ အထိမ်းအမှတ်ဆောက်လက်စဂူဗိမာန်ရှေ့တွင်ရပ်ကာ နှမြောတသကြေကွဲစိတ်များဖြင့် အတန်ကြာအောင် အတွေးများဝေနေမိသည်။



မြင်းမထိသဘာဝလိုဏ်ဂူတော်

ဆရာကြီးဒဂုန်တာရာအထိမ်းအမှတ်ဂူဗိမာန်တွင် အချိန်အတန်ကြာမျှ လေ့လာပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့သည်။ ထို့နောက် အောင်ပန်းမြို့တောင်ဘက် ငါးမိုင်ခန့်အကွာတွင်ရှိသော ရှေးဟောင်းမြင်းမထိဂူသို့ သွားရောက်ခဲ့သည်။ မြင်းမထိဂူသည် မြင်းမထိတောင်တွင်တည်ရှိရာ မြင်းမထိရွာအနီးတွင်တည်ရှိနေခြင်းဖြစ်သည်။ မြင်းမထိတောင်မှာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၁၀၇၅ ပေရှိသည်။ ကျွန်တော်တို့ မြင်းမထိဂူပေါ် တက်ရောက်ခဲ့ကြသည်။

မြင်းမထိဂူသည် ရှေးပုဂံခေတ်ကပင် တည်ရှိခဲ့ပြီး ဂူအဝမှ ထွက်ပေါက်အထိ အရှည် ၁၀၂၈ ပေရှိကြောင်း သိရသည်။ ဂူအပေါက်ဝ၌ "မြင်းမထိသဘာဝ လိုဏ်ဂူတော်အဝင်" ဟူသော စာတန်းကို နီညိုရောင်အောက်ခံပေါ် ရွှေရောင်အနားကွပ် ဆိုင်းဘုတ်ဖြင့် ရေးသားစိုက်ထူထားသည်ကို တွေ့ရသည်။ အဝင်ဘယ်ဘက်တွင် သတိပေးဆိုင်းဘုတ်ငယ်တစ်ခု တွေ့ရပြီး လိုဏ်ဂူတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်ကြောင်း၊ ဂူအတွင်း ဖိနပ်မစီးရ၊ အမွှေးတိုင်မထွန်းရ၊ အော်ဟစ်ခြင်းမပြုရ စသည်တို့ကို ရေးသားသတိပေးထားသည်။ အဝင်ညာဘက်တွင် ခြင်္သေ့ရုပ်တုရှိပြီး မြင်းမထိဂူအတွင်း ဝင်ရောက်လေ့လာဘုရားဖူးသူများက ခြင်္သေ့ရုပ်တုအနီး ဖိနပ်များချွတ်ကာ ထားခဲ့ကြသည်ကိုလည်း တွေ့ရသည်။

**မြင်းမထိလိုဏ်ဂူအတွင်းဝင်ရောက်ခဲ့ရာ ဗုဒ္ဓဆင်းတုတော်အမျိုးမျိုး၊ နဂါးရုံဗုဒ္ဓရုပ်ပွားတော်များ၊ မြတ်စွာဘုရားနှင့် နောက်ပါရဟန္တာများ ဒေသစာရီကြွချီဟန်မတ်ရပ်ရုပ်တုများ၊ ထူးခြားစွာဖြစ်တည်နေသော ဂူနံရံများကို တွေ့ရှိဖူးမြော်ရသည်။ ဂူအတွင်းသွားလာရသည်မှာ အနည်းငယ်ကျဉ်းသလိုဖြစ်နေရာ လျှပ်စစ်မီးမရပါက ဝင်ရောက်လေ့လာရန် အခက်ခဲရှိနိုင်**

မြင်းမထိလိုဏ်ဂူအတွင်း ဝင်ရောက်ခဲ့ရာ ဗုဒ္ဓဆင်းတုတော်အမျိုးမျိုး၊ နဂါးရုံဗုဒ္ဓရုပ်ပွားတော်များ၊ မြတ်စွာဘုရားနှင့် နောက်ပါ ရဟန္တာများ ဒေသစာရီကြွချီဟန် မတ်ရပ်ရုပ်တုများ၊ ထူးခြားစွာဖြစ်တည်နေသော ဂူနံရံများကို တွေ့ရှိဖူးမြော်ရသည်။ ဂူအတွင်း လာရောက်လေ့လာနေကြသည့် ပြည်တွင်းဘုရားဖူးအချို့ကိုလည်း မြင်တွေ့ရသည်။ တစ်နေရာတွင် အပေါ်အမြင့်သို့ တက်ရောက်သည့် လှေကားရှိသဖြင့် တက်ရောက်ခဲ့ရာ ထီးသုံးဆင့်ဆုတောင်းပြည့်ဘုရားကို ဖူးတွေ့ခဲ့ရသည်။ ဂူအတွင်းသွားလာရသည်မှာ အနည်းငယ်ကျဉ်းသလိုဖြစ်နေရာ လျှပ်စစ်မီးမရပါက ဝင်ရောက်လေ့လာရန် အခက်ခဲရှိနိုင်မည်ဟု တွေးမိသည်။

ဂူအတွင်း ဗုဒ္ဓဆင်းတုတော်များကို လိုက်လံဖူးမြော်ပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။ မြင်းမထိဂူမှ အောင်ပန်းမြို့သို့ပြန်လာခဲ့သည်။ အပြန်လမ်းတွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလအတွင်း ကျောက်ဆည်မှ အောင်ပန်းသို့ ချီတက်ရင်း ငှက်ဖျားရောဂါဖြင့် အောင်ပန်းမြို့ မြင်းကြားဒိုးရွာအနီး တယ်လူးစခန်း၌ ကွယ်လွန်သွားသော ဗိုလ်မှူးကြီးဗထူးကို အထူးသတိရစိတ်ဖြစ်နေမိသည်။ ၁၉၄၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ငှက်ဖျားရောဂါကြောင့် ဗိုလ်မှူးကြီးဗထူးနှင့် ရဲဘော် ၂၆ ဦးတို့ ကွယ်လွန်ခဲ့သည်။

မြင်းကြားဒိုးရွာအနီး တယ်လူးစခန်းနေရာတွင် ဗိုလ်မှူးကြီးဗထူး အထိမ်းအမှတ် ကျောက်တိုင်စိုက်ထူထားရာ ကျောက်စာတိုင် ၌ "မြန်မာနိုင်ငံတော် ရှမ်းပြည်နယ်တောင်ပိုင်း ဖက်ဆစ်ဂျပန်တော်လှန်တိုက်ခိုက်ရေးတွင် ဦးစီးခဲ့၍ ၁၃၀၇ ခုနှစ် နယုန် လဆုတ် ၈ ရက် ည ၈ နာရီ ၁၀ မိနစ်အချိန် တယ်လူးစခန်းတွင် ကျဆုံးရှာသော ဗိုလ်မှူးကြီးကာနယ်ဗထူးနှင့် ရဲဘော်နှစ်ဆယ့်ခြောက်ယောက်"ဟု ရေးထိုးထားကြောင်း အတူပါလာသူ အောင်ပန်းမြို့သား စိုင်းစံထွန်းကပြောပြသည်ကို ရင်ထဲစူးနစ်စွာခံစားရင်း သိရှိရသည်။ မြန်မာ့လွတ်လပ်ရေးအတွက် မမေ့သင့်သော သူရဲကောင်းတစ်ဦးပင်။

ကျွန်တော်တို့ အောင်ပန်းမြို့ပြန်ရောက်ချိန်မှာ မှောင်ရိပ်သမ်းနေပြီဖြစ်သည်။ အအေးဓာတ်က လွှမ်းခြုံစပြုနေပြီဖြစ်ရာ စောစောအနားယူအိပ်ရာဝင်ခဲ့သော်လည်း တော်တော်နှင့်အိပ်မပျော်။ အတွေးထဲ၌ စာရေးဆရာကြီး ဒဂုန်တာရာ၊ ဗိုလ်မှူးကြီးဗထူးတို့အကြောင်းများက တစ်ရစ်ဝဲဝဲဖြစ်လျက်။ ။



# အပြောအရေး ကွာဟမှုများ(၁၀)

မောင်ခင်မင်(ဓနုဖြူ)

"တစ်ခု စဉ်းစားမိလို့ပါ ဆရာ"

"ဘာပါလိမ့်"

" 'ငါး'နဲ့ 'ကင်'ကို တစ်ဆက်တည်းပြောရင် /ငါးဂင် //ငဂင်/ ဆိုပြီး နောက်က 'ကင်'ဟာ အသံပြောင်းသွားပေမယ့် 'ငါးကင်တယ်'၊ 'ငါးကင်နေတယ်'လို့ ပြောရင်တော့ နောက်က 'ကင်'ဟာ အသံမပြောင်းဘူးပေါ့နော်"

"ဟုတ်တယ်လေ။ အရင်အပတ်က ဆရာတို့ ပြောပြီးကြပြီပဲ"

"အဲဒီစကားနှစ်လုံးကိုကြည့်ရင် တစ်ဆက်တည်းပြောတဲ့ ငါးကင်/ငါးဂင်/က နာမ်စကားလုံးဖြစ်နေပြီး၊ ခြားပြီးပြောတဲ့ ငါးကင်တယ်က ကြိယာဖြစ်နေတယ်မဟုတ်လား ဆရာ"

"ဟုတ်တာပေါ့"

"ဒီလိုဆိုရင် တွဲသုံးတဲ့စကားလုံးချင်းအတူတူမှာ နာမ်အဖြစ်သုံးရင် နောက်ကစကားလုံးက အသံပြောင်းတယ်။ ကြိယာအဖြစ်သုံးရင် အသံမပြောင်းဘူးလို့ ပြောနိုင်မယ်ထင်လို့ပါ ဆရာ"

"ပြောနိုင်တာပေါ့။ ဟုတ်ပါတယ်။ စကားလုံးနှစ်လုံးကို တစ်ဆက်တည်းတွဲစပ်ပြီး နာမ်လိုသုံးရင် နောက်ကအသံပြောင်းပေမယ့် ကြိယာလို သုံးရင်တော့ နောက်က အသံမပြောင်းဘူးလို့ မှတ်လို့ရပါတယ်။ ကဲ---သားတို့ သမီးတို့ သာဓကလေးတွေ စဉ်းစားကြည့်စမ်းပါ"

" 'ပဲပြုတ်'ကို နာမ်လိုသုံးရင်/ပဲဗျုတ်/လို့ အသံ ပြောင်းသွားပေမယ့် 'ပဲပြုတ်တယ်'၊ 'ပဲပြုတ်ပါ'ဆိုတာမျိုး ကြိယာလိုသုံးရင်တော့ 'ပြုတ်'က အသံမပြောင်းပါဘူး ဆရာ"

" 'ပုလင်းကွဲတွေ'လို့ နာမ်လိုသုံးရင် /ပလင်းဂွဲ/လို့ အသံပြောင်းပေမယ့် 'ပုလင်းကွဲတယ်'လို့ ကြိယာလိုသုံးရင်တော့ 'ကွဲ'က အသံမပြောင်းပါဘူး ဆရာ"

"ကဲ---အလားတူ သာဓကတွေ စဉ်းစားကြည့်ကြပေါ့ကွယ်။ ဒီလို အသံပြောင်းတာမပြောင်းတာဟာ သားတို့၊ သမီးတို့၊ ဆရာတို့၊ ဘိုးဘွားအစဉ်အဆက်ကတည်းက သုံးခဲ့ကြတဲ့ အစဉ်အလာတစ်ခုပဲလေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုက အသံတူနှစ်ခါထပ်ပြီး ပြောတဲ့စကားလုံးတွေမှာလည်း နောက်ကအသံဟာ အရင်အပတ်ကပြောတဲ့ အသံပြောင်းတတ်တဲ့အသံအတွဲတွေဖြစ်နေရင် အသံပြောင်းတယ်ကွဲ့။ အဲဒီစကားလုံးတွဲတွေထဲ မပါရင်တော့ အသံမပြောင်းဘူး"

"ဘယ်လိုစကားလုံးမျိုးတွေပါလဲ ဆရာ"

"ဆိုပါတော့ကွယ်။ 'စောစောထ' လို့ပြောရင် ဘယ်အသံပြောင်းသွားသလဲ။ ပြောကြည့်ကြစမ်းပါ"

" /စောဇောထ/ လို့ အသံထွက်တာဆိုတော့ 'စောစော' ဆိုတဲ့ အသံတူနှစ်လုံးမှာ နောက်က 'စော'က အသံပြောင်းသွားတာပါ ဆရာ"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလို အသံတူနှစ်လုံးမှာ နောက်က အသံပြောင်းတဲ့သာဓကတွေ စဉ်းစားကြည့်ကြစမ်းပါ။ အသံထွက်ပါရေးပြနော်"

" ကောင်းကောင်းပြော/ကောင်ဂေါင်းပျော/

"ကျယ်ကျယ်ဖွင့်/ ကျယ်ဂျယ်ဖွင့်/

"အသားဖြူဖြူ/အသားဖျူဗျူ/

"ပါးပါးလေး/ပါးဗားလေး/

"ဟုတ်ပြီ။ ဟုတ်ပြီ။ တို့မြန်မာစကားမှာ အသံနှစ်သံပါတဲ့ အတွဲတွေကို နှစ်ခါထပ်ပြီး ပြောတဲ့စကားလုံးတွေလည်း အများကြီး ရှိတယ်။ နှစ်သံကို နှစ်ခါထပ်တော့ လေးသံဖြစ်သွားတာပေါ့"

" 'ထူးထူးဆန်းဆန်း' လို စကားလုံးမျိုးလား ဆရာ"

"ဟုတ်ပ့ါ။ အသံထွက်ကြည့်ရင် /ထူးဒူးဆန်းဇန်း/လို့ အသံထွက်ရတယ်မဟုတ်လား။ ဒီတော့ နှစ်သံတွဲထဲက နောက်အသံတွေက အသံပြောင်းသွားတာတွေမှာပေါ့။ /ထူး/က/ဒူး/ဖြစ်သွားတယ်။ /ဆန်း/က/ဇန်း/ ဖြစ်သွားတယ်လေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလို နှစ်သံတွဲရဲ့ နောက်အသံတွေပြောင်းတဲ့ သာဓကတွေ ရှိပါတယ်။ 'ကြီးကြီးကျယ်ကျယ်' ဆိုရင် /ကျီးဂျီးကျယ်ဂျယ်/လို့ ပြောင်းသွားတယ်။ 'စောစောစီးစီး' ဆိုရင် /စောဇောစီးဇီး/လို့ ပြောင်းသွားတယ်"

"ဆရာ 'ကြီးကြီးမားမား' ကျတော့ /ကျီးဂျီးမားမား/လို့ အသံထွက်တာမို့ ရှေ့က 'ကြီးကြီး' ပဲ အသံပြောင်းပြီး နောက်က /မားမား/က အသံမပြောင်းဘူးနော်"

"ဟုတ်တယ်လေ။ အရင်အပတ်က အသံပြောင်းတဲ့အတွဲတွေ ပြောထားပြီးပါပြီ။ 'မ' က အဲဒီအသံတွေထဲမှာပါသလား"

"မပါပါဘူးဆရာ"

" 'မ'က အသံပြောင်းတတ်တဲ့ အတွဲထဲမှာ မပါဘူးလေ။ အသံပြောင်းတယ်ဆိုတာက အသံပျော့တဲ့ဗျည်းကနေပြီး အသံပြင်းတဲ့ဗျည်းကို ပြောင်းတာလေ။/က/ဆိုတဲ့အသံကအသံပျော့၊ အဲဒီအသံက /ဂ/ဆိုပြီးအသံပြင်းကို ပြောင်းသွားတာ။ ကျန်တဲ့အတွဲတွေလည်း အဲဒီလိုပဲလေ။ 'မ'ကတော့ အဲ့ဒီလိုအသံပျော့နဲ့အသံပြင်းဆိုပြီး နှစ်မျိုးမှမရှိတာ။ ဒီတော့ အသံမပြောင်းဘူးပေါ့"

"အဲဒီလို အသံမပြောင်းတဲ့ ဗျည်းတွေက ဘယ်ဗျည်းတွေပါလဲ ဆရာ"

"သြော်...ဗျည်းတွေထဲက အဲဒီအသံပျော့နဲ့ အသံပြင်းအတွဲရှိတဲ့ ဗျည်းတွေဖယ်လိုက်ရင် ကျန်တဲ့ဗျည်းတွေက အသံမပြောင်းဘူးလို့ နားလည်ရမှာပေါ့"

"သမီးတို့ဖယ်ကြည့်ပ့ါမယ်။ 'င၊ ည၊ န၊ မ၊ ယ၊ ရ၊ လ၊ ဝ'ဆိုတဲ့ ဗျည်းတွေပါဆရာ"

"ဟုတ်တယ်။ 'ဟ'လည်း အာမေဍိတ်မှာသာ အသံပြင်း/ ဟှ/ဖြစ်တာမို့ အသံမပြောင်းတဲ့ ဗျည်းလို့ပဲ မှတ်တာရှင်းတယ်"

"ဟုတ်ကဲ့ပါ"

"ကြီးကြီးမားမားလိုပဲ 'ကောင်းကောင်းမွန်မွန်'၊ 'ခင်ခင်မင်မင်'၊ စုံစုံညီညီ'၊ 'ခမ်းခမ်းနားနား'၊ 'ပြုံးပြုံးရွှင်ရွှင်'၊ 'ပြောင်ပြောင်လက်လက်' 'သေသေဝပ်ဝပ်'ဆိုတဲ့စကားလုံးတွေကို အသံထွက်ပြီး ဆိုကြည့်စမ်းပါ။ ဘယ်အသံတွေပြောင်းသလဲ။ ဘယ်အသံတွေ မပြောင်းဘူးလဲ"

"ဟုတ်ကဲ့။ ရှေ့အသံတွဲမှာပါတဲ့ ဒုတိယအသံတွေပဲ ပြောင်းပါတယ်။ နောက်ကအသံတွေက မပြောင်းပါဘူး ဆရာ"

"ဟုတ်ပြီ။ ကဲ... 'မှန်မှန်ကန်ကန်'ကျတော့ရော၊ ဘယ်လိုလဲ"

"မှန်မှန်က အသံမပြောင်းတတ်တဲ့'မ'မို့ အသံမပြောင်းပါဘူး ဆရာ၊ ကန်ကန်ကတော့ /ကန်ဂန်/လို့ ပြောင်းပါတယ်"

"အဲဒီလိုရှေ့အသံတွဲကမပြောင်းဘဲ နောက်အသံတွဲပဲပြောင်းတဲ့ လေးသံတွဲစကားလုံးတွေ တခြားဘာရှိသေးသလဲ၊ စဉ်းစားကြည့်ပါ"

"ဟုတ်ကဲ့။ 'ညင်ညင်သာသာ၊ နာနာကျင်ကျင်၊ ယုံယုံကြည်ကြည်၊ ဝင်းဝင်းပြောင်ပြောင်'လို စကားလုံးတွေပါ ဆရာ"

"ဒီစည်းကမ်းဥပဒေသအတိုင်းပဲနော်။ ကဲ 'လေးလေးနက်နက်' ကျတော့ ဘယ်လိုအသံပြောင်းပါလိမ့်"

"လေးလေးနက်နက်...ဟာ၊ ဘယ်အသံမှ မပြောင်းပါဘူး ဆရာ "

"ဘာဖြစ်လို့ပါလိမ့်"

"'လ'ရော၊ 'န'ရောအသံပြောင်းတဲ့အတွဲထဲမှာမပါလို့ပါ ဆရာ"

"ဟုတ်တာပေ့ါ။ အဲဒီလိုပဲ'ညီညီညွတ်ညွတ်၊ မေ့မေ့လျော့လျော့၊ ယောင်ယောင်မှားမှား၊ ရဲရဲဝံ့ဝံ့၊ လိုလိုလားလား၊ ဝင်းဝင်းလက်လက်' ဆိုတဲ့လေးလုံးတွဲတွေလည်း အသံပြောင်းတတ်တဲ့ ဗျည်းတွေမဟုတ်လို့ အသံမပြောင်းဘူးလေ"

"ဟုတ်တယ်နော်ဆရာ။ ဒီစည်းကမ်းဥပဒေသအတိုင်းပြောကြတာပဲ။ သမီးတို့မှတ်ထားပ့ါမယ်"

"ပြီးတော့... လေးလုံးတွဲတွေထဲမှာ အသံပြောင်းတတ်တဲ့ အသံတွဲတွေပါနေပေမယ့် အရင်ပြောသလို အဲဒီအသံရှေ့မှာ ကသတ်၊ ခသတ်၊ တသတ်၊ ပသတ် တစ်ခုခုရှိရင်လည်း အသံပြတ်နေလို့ နောက်ကအသံအပေါ် သြဇာမသက်ရောက်ဘူးလေ။ အဲဒီတော့ အသံမပြောင်းဘူးပေ့ါ"

"ဟင်...ဘယ်စကားလုံးမျိုးပါလိမ့် ဆရာ"

"ကဲ...မြင်သာတဲ့သာဓကတစ်ခုပြမယ်။ 'ကောက်ကောက်ကွေ့ကွေ့' ကို ဘယ်လို အသံထွက်သလဲ။ အသံထွက်ရေးပြပါ"

" /ကောက်ကောက်ကွေ့ဂွေ့/လို့ အသံထွက်ပါတယ် ဆရာ"

"အဲဒီမှာ 'က' တွေချည်းပါတယ်နော် 'က' က 'ဂ'ကို အသံပြောင်းတတ်တာလည်း အသိပဲ။ ဒါပေမယ့် 'ကောက်ကောက်'က အသံမပြောင်းဘူး၊ 'ကွေ့ကွေ့'ကျမှ /ကွေ့ဂွေ့/လို့ ပြောင်းတာ ဘာကြောင့်လဲကွယ်"

"သမီးပြောပ့ါမယ်။ 'ကောက်ကောက်'မှာ နောက်စကားလုံးရှေ့မှာ 'ကသတ်' ရှိနေလို့အသံမပြောင်းတာပါ။ 'ကွေ့ကွေ့' ကျတော့ ကသတ်၊ ခသတ်၊ တသတ်၊ ပသတ် တွေရှေ့မှာမရှိလို့ အသံပြောင်းတာပါဆရာ"

"ဟုတ်ပါတယ်။ ဒီတော့ အပြောအရေးကွာဟမှုကို လေ့လာရာမှာ ခုပြောခဲ့တဲ့ နှစ်သံတွဲ၊ လေးသံတွဲ စကားလုံးတွေထဲမှာ အသံပြောင်းရင် ဘာကြောင့်ပြောင်းတယ်ဆိုတဲ့ စနစ်ကိုလည်း ကဏ္ဍတစ်ခုအနေ နဲ့ လေ့လာထားရမှာပေါ့ကွယ်။ ကဲ...သာဓကတွေထုတ်ပြီး လေ့လာကြပေတော့"

"ဟုတ်ကဲ့ဆရာ"

**တွဲသုံးတဲ့ စကားလုံးချင်းအတူတူမှာ နာမ်အဖြစ်သုံးရင် နောက်က စကားလုံးက အသံပြောင်းတယ်။ ကြိယာအဖြစ်သုံးရင် အသံမပြောင်းဘူး**

## ရန်ကုန် ရှေးဟောင်းအဆောက် အအုံများရဲ့ရာဇဝင်



ဂန္ထဝင်ဆန်သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုမှ တံခါးတစ်ချပ်သည် တစ်နေ့တာလုံးကို လူငယ်တို့ ဝင်ထွက်စေဖို့အတွက် သတ်မှတ်ပေးထားသကဲ့သို့ လူငယ်အများစု နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ လူငယ်များ ဝင်ရောက်လာသော်လည်း ဆူညံခြင်း အလျဉ်းမရှိသည့် တိတ်ဆိတ်အေးချမ်းသည့် အဆောက်အအုံသည် သီးခြားကမ္ဘာတစ်ခုသဖွယ် တည်ရှိနေသည်မှာ ရန်ကုန်မြို့လယ်ကောင် ကမ်းနားလမ်း အမှတ် ၈၀ တွင်ဖြစ်သည်။

# ရိုးစင်းလှသည့်အသွင်အပြင်ဖြင့် ယနေ့တိုင်ခံ့ညားသပ်ရပ်စွာ လူငယ်တို့ဝင်ထွက်သွားလာရာ နှစ်ပေါင်းတစ်ရာကျော်မှ အဆောက်အအုံ

ဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-ဗြိတိသျှကောင်စီ၊ ရန်ကုန်ဗိသုကာ

ယင်းအဆောက်အအုံသည် နှစ်ပေါင်း ၁၁၈နှစ် သက်တမ်းရှိမည်ဟု မည်သို့မျှ ပင် မထင်မှတ်ရသည့်အသွင်ဖြင့် သပ်ရပ်စွာ၊ ခမ်းနားစွာ၊ ကျက်သရေရှိစွာနှင့် ခိုင်ခံ့စွာ ကမ်းနားလမ်းမကြီးပေါ်တွင် တည်ရှိနေသည်။ လေးထပ်မျှပါဝင်သည့် ယင်းအဆောက်အအုံသည် အဖြူရောင်ရိုးစင်းလှသော်လည်း အတွင်းအပြင်များသည် အလွန်ပင် ပြုပြင်ထိန်းသိမ်းမှုအားကောင်းသဖြင့် ၂၀ ရာစုအဆောက်အအုံများကဲ့သို့ပင် ထင်မှတ်ရသည်။

ထိုအဆောက်အအုံသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံရုံးဖြစ်ပြီး သံရုံးနှင့်အတူ ဗြိတိသျှကောင်စီ စာကြည့်တိုက်နှင့် အခြားသော လူငယ်များအတွက် အခွင့်အလမ်းများကို ပေးအပ်နေသည့် ဌာနငယ်ကလေးများစွာကို ဖွဲ့စည်းထားသည့် နေရာတစ်ခုလည်းဖြစ်သည်။

သို့သော် ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်စဉ်က ယင်းအဆောက်အအုံပေါ်တွင် ဗြိတိန်သံရုံးအနေဖြင့် ဖွင့်လှစ်ရန် ရည်ရွယ်ခဲ့ခြင်းမဟုတ်ဘဲ သာမန်နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းတစ်ခု၏ အဆောက်အအုံအဖြစ်သာ ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

ကုန်သွယ်မှုပြုလုပ်ရန်အတွက် ရည်ရွယ်တည်ဆောက်ခဲ့သည့် ယင်းအဆောက်အအုံသည် ၁၈၉၈ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည်။ မူလပိုင်ရှင်မှာ စကော့တလန်နိုင်ငံသားပိုင် J & F.Graham ဖြစ်ပြီး ရုံးခွဲများသည် ဘုံဘေမြို့နှင့် ကာလကတ္တားစသည့် မြို့များတွင်လည်း တည်ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

အဆောက်အအုံ၏ ဗိသုကာနှင့် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့သည့် အဖွဲ့မှာ Robinson & Mundy ဖြစ်ပြီး အဆောက်အအုံသည် အလွန်ရိုးရှင်းလှပသည့် အနောက်တိုင်း အဆောက်အအုံတစ်ခုအဖြစ် ယနေ့တိုင် ဆန်းသစ်ဆဲအသွင်အပြင်ကို မြင်တွေ့ရသည်။

ယင်းအဆောက်အုံတွင် J & F.Graham ကုမ္ပဏီမှ တင်သွင်းသောနာမည်ကျော်အမှတ်တံဆိပ် Rowntree ချောကလက်ကို ဖြန့်ဖြူးရောင်းချပေးခဲ့သည်။ ထို့အပြင် အာမခံလုပ်ငန်းများဖြစ်သည့် မီးအာမခံ၊ ရေကြောင်းအာမခံနှင့် မတော်တဆထိခိုက်မှုအာမခံစသည့် ရန်သူမျိုးငါးပါးတို့၏ အာမခံအသီးသီးကို လက်ခံပေးသည့် နေရာတစ်ခုလည်း ဖြစ်ခဲ့သည်။

လွတ်လပ်ရေးရရှိပြီးချိန်တွင်မူ အဆိုပါအဆောက်အအုံကို ဗြိတိသျှတို့၏ မြန်မာနိုင်ငံဆိုင်ရာ သံရုံးအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ဗြိတိသျှကောင်စီနှင့် စာကြည့်တိုက်တို့ကိုလည်း နောက်ပိုင်းတွင် ယင်းနေရာနှင့်ကပ်လျက် အမှတ် ၇၈ တွင် ပြန်လည်ပြုပြင်မွမ်းမံကာ ၂၀၀၁ခုနှစ်က ဖွင့်လှစ်ထားခဲ့ခြင်းဖြစ်သည်။

ယနေ့အခါ များပြားလှသည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်တန်းများကို ဗြိတိသျှကောင်စီမှ ကြီးမှူးကာ လူငယ်များအတွက် ဖွင့်လှစ်သင်ကြားပေးခြင်း၊ ဗြိတိန်နိုင်ငံသို့ ပညာသွားရောက် သင်ကြားလိုသူများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် အခြားသော အင်္ဂလိပ်ဘာသာစကား၊ ကွန်ပျူတာ၊ ပန်းချီ၊ စီမံခန့်ခွဲမှု၊ ပေါင်းသင်းဆက်ဆံမှု အစရှိသည့် ပညာရပ်ပေါင်းများစွာကို မျှဝေဖလှယ်ရာ လူငယ်များ၏ကမ္ဘာတစ်ခုလည်း ဖြစ်သည်။

ထို့ပြင် ပန်းချီ၊ ဂီတ၊ ရုပ်ရှင် အစရှိသည့် အနုပညာပြပွဲများ၊ ပြိုင်ပွဲများ၊ နိုင်ငံတကာပညာရှင်များ၏ တင်ဆက်မှုများနှင့် အတွေ့အကြုံများမျှဝေရာနှင့် ဖော်ထုတ်ပြသရာ နေရာတစ်ခုလည်း ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ ရွက်ပုန်းသီးအရည်အချင်းရှိ လူငယ်များကိုလည်း ဖော်ထုတ်ပေးရာ နေရာတစ်ခုဖြစ်သည်။

ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် စာအုပ်ပေါင်း သုံးသောင်းကျော်၊ ဒီဗွီဒီပေါင်း ၃၀၀၀ ကျော်နှင့် လူကြိုက်များသော ဗြိတိန်သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် ဘီဘီစီအသံလွှင့်ဌာနမှ တိုက်ရိုက်ထုတ်လွှင့်သော ရုပ်သံသတင်းများနှင့်အတူ အင်တာနက်ဝန်ဆောင်မှုကိုလည်း အခမဲ့ရရှိမည်ဖြစ်ပြီး ကလေးငယ်များအတွက် ကလေးစာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ပေးထားသည်။

ဗြိတိသျှကောင်စီသည် ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာယဉ်ကျေးမှု ကူးလူးဆက်ဆံရေးအဖွဲ့အစည်းဖြစ်ပြီး ၁၉၃၄ ခုနှစ်တွင် တည်ထောင်ထားခြင်းဖြစ်ကာ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ခုနှစ်တွင် စတင်တည်ရှိခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှကောင်စီသည် ၎င်း၏ပရိုဂရမ်လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအနှံ့ ဖြန့်ကြက်၍ လုပ်ဆောင် ပို့ချပေးခဲ့ပြီး လူပေါင်းနှစ်သန်းကျော်ခန့်ဆီသို့ မျက်နှာချင်းဆိုင် ပို့ချပေးမှုများ၊ တီဗွီ၊ ရေဒီယိုနှင့် အွန်လိုင်းသတင်းဆက်သွယ်ရေးနည်းများနှင့် ပို့ချပေးမှုများမှတစ်ဆင့် သတင်းအချက်အလက်နှင့် သင်ကြားရေးအစီအစဉ်များကို ဖြန့်ဝေနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် စာပေဆိုင်ရာသင်ယူလေ့လာနေကြသည့် လူငယ်များကို တွေ့ရစဉ်



ကုန်သွယ်မှုပြုလုပ်ရန်အတွက် ရည်ရွယ်တည်ဆောက်ခဲ့သည့် ယင်းအဆောက်အအုံသည် ၁၈၉၈ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည်။ မူလပိုင်ရှင်မှာ စကော့တလန်နိုင်ငံသားပိုင် J & F.Graham ဖြစ်ပြီး ရုံးခွဲများသည် ဘုံဘေမြို့နှင့် ကာလကတ္တားစသည့် မြို့များတွင်လည်း တည်ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြထား

Dulux
let's colour




မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများနှင့် ဘာသာရေးအဆောက်အအုံ များအား ရွှေဆေးဖြင့် ပူဇော်နိုင်ရန် အတွက် **Dulux Brillance Gold** ရွှေဆေးကို နယ်သာလန်နိုင်ငံမှ **Dulux** အမှတ်တံဆိပ် အဆောက်အအုံ နှင့် အိမ်သုတ်ဆေး က ထုတ်လုပ်ဖြန့်ချိလိုက်ပါပြီ...

**Dulux Brillance Gold** ရွှေဆေးအား မိတ်ဆက်အထိမ်းအမှတ်အနေဖြင့် ပထမဆုံးအရောင်းကိုယ်စားလှယ် (၃၅) ဦးအား ရွှေသားစစ်စစ်လက်ဆောင်များဖြင့် အောက်ပါအတိုင်းကျေးဇူးတုံ့ပြန်မည်ဖြစ်ပါကြောင်း အသိပေး အပ်ပါသည်။

ဂါလန် (၅၀၀) နှင့် အထက်ဝယ်ယူသော အရောင်းကိုယ်စားလှယ် (၁၅) ဦး အတွက် ငါးမူးသားရွှေဒင်္ဂါး (၁၅) ပြား
ဂါလန် (၃၀၀) နှင့် အထက်ဝယ်ယူသော အရောင်းကိုယ်စားလှယ် (၂၀) ဦး အတွက် တစ်မတ်သားရွှေဒင်္ဂါး (၂၀) ပြား

မြန်မာနိုင်ငံတစ်ဝန်းရှိ အရောင်းကိုယ်စားလှယ်များအတွက် တစ်နှစ်တာရောင်းအားပေါ်မူတည်ကာ ငွေသားဆုများ ဖြင့်လည်း ကျေးဇူးတုံ့ပြန်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

**Dulux Authorized Distributors**

**Myanmar Golden Rock International Co., Ltd.**
အမှတ်(၇၉–ဒီ)၊ ဗိုလ်ချိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
**Ph : 09-420002156, 09-43140501, 09-420046552**

**ASTERISM INTERNATIONAL CO., LTD.**
အမှတ်(၉၂/ခ)၊ မဉ္ဇူလမ်း (ဂျပန်လမ်း)၊ ထန်းပင်ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
**Ph : 01-640649, 647814**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သုတေသနဓာတ်ခွဲခန်းသုံး စက်နှင့်စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာ ပစ္စည်းများနှင့် E Government အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ် ၅၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၁-၃၈၀၁၂၈ နှင့် ၀၉-၅၁၃၆၇၁၀တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် စက်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

**စတင်ရောင်းချမည့်ရက်** - ၁၉-၅-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီ

၄။ **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၂၄-၆-၂၀၁၆ ရက် မွန်းတည့် ၁၂း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## ဘိလပ်မြေစက်ရုံ (နေပြည်တော်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘိလပ်မြေစက်ရုံ (နေပြည်တော်)၏ ခွဲစက်ပတ္တားလိုင်းဌာနနှင့် မီးသင်းဖိုဌာနတို့တွင် အသုံးပြုရန်လိုအပ်သော Conveyor Belt (၂)မျိုးအား ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသည့် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(a) Rubber Conveyor Belt (NN 500) 312 Meters (650 mmWx5PlyxTop/Bottom Cover Thickness 5/1.5 mm)

(b) Heat Resistant Conveyor Belt(EP 400) 38 Meters (650mmWx4PlyxTop/Bottom Cover Thickness 5/1.5mm)

၂။ တင်ဒါပုံစံများကို ၁၆-၅-၂၀၁၆ ရက်မှ ၁၉-၅-၂၀၁၆ ရက်အထိ အောက်ဖော်ပြပါ နေရာများတွင် ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၇-၅-၂၀၁၆ ရက် ညနေ ၄း၀၀နာရီတွင် နောက်ဆုံးထားပေးသွင်းရမည်။

**ဘိလပ်မြေအရောင်းဌာနခွဲ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၃၂၃၁၂၊**
**ဘိလပ်မြေစက်ရုံ(နေပြည်တော်)၊ ဖုန်း-၀၉-၅၁၁၀၃၃၁၊ ၀၉-၂၅၀၆၉၅၂၂၁**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် ရှိသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) (၂၄'×၆၈') (၄)ခန်းတွဲ (၂)ထပ် R.C.C ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း

(ခ) သင်တန်းသားအိပ်ဆောင် (၂)ဆောင် အကြီးစားပြင်ဆင်ခြင်း

(ဂ) ဗဟိုဆောင် ပြုပြင်မွမ်းမံဆေးသုတ်ခြင်း

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်နှင့် အချက်အလက်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၇၀၇ သို့ စုံစမ်းမေးမြန်းနိုင်ပြီး ပြင်ဆင်/ဆေးသုတ်မည့် အဆောက်အအုံများအား မျက်မြင်ကြည့်ရှု တိုင်းတာတွက်ချက်နိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်နှင့်နေရာ** - ၁၆-၅-၂၀၁၆ ရက်မှ ၂၇-၅-၂၀၁၆ ရက်အထိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

(ခ) **တင်ဒါတင်သွင်းမည့်နေ့ရက် အချိန်နှင့်နေရာ** - ၆-၆-၂၀၁၆ရက် နံနက် ၉နာရီမှ ၁၂ နာရီအတွင်း ရုံးအမှတ်(၃၁)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်မည့်နေ့ရက် အချိန်နှင့်နေရာ** - ၆-၆-၂၀၁၆ရက် မွန်းလွဲ ၁နာရီ ရုံးအမှတ်(၃၁)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန နေပြည်တော်

**လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၆၉)၊ ဗိုလ်တထောင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ရှိ (၄)ခန်းတွဲ (၆)ထပ် ဝန်ထမ်းအိမ်ရာတွင် 250 KVA ထရန်စဖော်မာတစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၄-၅-၂၀၁၆ ရက် (အင်္ဂါနေ့) - နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ

(ခ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အမှတ်-၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၄-၅-၂၀၁၆ ရက် (အင်္ဂါနေ့) - မွန်းလွဲ ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးတွင် ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့) မှ ၂၀-၅-၂၀၁၆ရက် (သောကြာနေ့)အထိ ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာပုံစံ (၁) စောင်လျှင် ၂၀၀၀/- ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အမှတ်-၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၂၅၄၃ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ကြီး၊ လွိုင်လင်၊ လင်းခေး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ ကျောက်မဲ၊ လားရှိုး၊ ဟိုပန်၊ လောက်ကိုင်၊ မူဆယ်) ခရိုင်(၁၁)ခရိုင်အတွင်း မီးသတ်စခန်းများနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန် လုပ်ငန်း(၄၃)ခု အတွက် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို ၁၃-၅-၂၀၁၆ရက်မှစ၍ ရှမ်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့တွင် ဝယ်ယူနိုင်ပြီး ၁၃-၆-၂၀၁၆ ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီ မှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရှမ်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၈၁-၂၁၂၁၆၇၁၊ ၀၈၁-၂၀၆၈၁၀ တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကချင်ပြည်နယ်ဥပဒေချုပ်ရုံး
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် ဥပဒေချုပ်ရုံးမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ဥပဒေရုံး (၁)ရုံးတည်ဆောက်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- အင်ဂျန်းယန်မြို့နယ်ဥပဒေရုံးသစ် (၁)လုံး (ရေ၊ မီး၊ ခြံစည်းရိုးကာရံခြင်းအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် ဗီသုကာပုံစံများကို ကချင်ပြည်နယ် ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့တွင် ၁၆-၅-၂၀၁၆ ရက်မှ ၁၅-၆-၂၀၁၆ ရက်အထိ ရောင်းချသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၁၆-၆-၂၀၁၆ ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အသေးစိတ်သိရှိလိုပါက အတွင်းရေးမှူး(ပြည်နယ်ဥပဒေအရာရှိ)၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ၊ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၂၄၂၉၊ ၂၉၅၄၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ကယားပြည်နယ်၊ မီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၏ ကယားပြည်နယ်အတွင်း ဆောင်ရွက်မည့် ခရိုင်မီးသတ်စခန်း၊ မြို့နယ်မီးသတ်စခန်း၊ နယ်မြေ မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ မီးငြိမ်းသတ်ယာဉ်၊ အထောက်အကူပြုယာဉ်၊ ဆီမီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ အုပ်ချုပ်မှုယာဉ်၊ ဆိုင်ကယ်၊ မီးသတ်စက်ပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂတို့အား ဝယ်ယူရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများကို ၁၂-၅-၂၀၁၆ရက်မှစတင်ပြီး အောက်ပါအတိုင်း ဝယ်ယူတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့် တင်သွင်းရမည့်ရက်** - ၁၂-၅-၂၀၁၆ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၀-၆-၂၀၁၆ရက်

(ဂ) **တင်ဒါရောင်းချမည့်နေရာ** - ကယားပြည်နယ် အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ်မီးသတ် ဦးစီးဌာနမှူးရုံး

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကယာပြည်နယ် အစိုးရအဖွဲ့ရုံး၊ လွိုင်ကော်မြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၃-၂၄၀၀၃၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းသစ်များ (ပြည်ထောင်စု)နှင့် အဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးဖြည့်စွက်လုပ်ငန်းများ(မြို့ပြ/ရေသန့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၀၁၂၈ နှင့် ၀၉-၅၁၃၆၇၁၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **ရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၆ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၆-၂၀၁၆ ရက်၊ မွန်းတည့် ၁၂ နာရီ

(ဂ) **ရောင်းချမည့်နေရာ** - ဆေးသုတေသနဦးစီးဌာန

**တင်ဒါစိစစ်ရွေးချယ်ရေးနှင့် လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့**

## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနတွင် အောက်ပါဘွဲ့လွန်သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** - ဘွဲ့လွန်အသုံးချကွန်ပျူတာဒီပလိုမာသင်တန်း

၂။ **သင်တန်းအောင်လက်မှတ်** - ဘွဲ့လွန်အသုံးချကွန်ပျူတာဒီပလိုမာ (Post-Graduate Diploma in Computer Application-PGDCA)

၃။ **သင်တန်းဝင်ခွင့်အရည်အချင်း** - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

၄။ **သင်တန်းကာလ** - 2 Semester+Project

၅။ **သင်တန်းချိန်** - စနေ၊ တနင်္ဂနွေ နံနက် ၇း၀၀ နာရီမှ ညနေ ၅း၀၀နာရီထိ (သောကြာနေ့ နံနက် ၇း၀၀ နာရီမှ နံနက် ၉း၀၀နာရီထိ သင်တန်းချိန် ၁ ချိန်ပါရှိသည်။)

၆။ **လက်ခံမည့်သင်တန်းသားဦးရေ** - ၁၀၀ ဦး ကန့်သတ်

၇။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၁၆-၅-၂၀၁၆ ရက် (တနင်္လာနေ့)

၈။ **လျှောက်လွှာပိတ်မည့်ရက်** - ၃-၆-၂၀၁၆ ရက် (သောကြာနေ့)

၉။ **သင်တန်းစတင်ဖွင့်မည့်ရက်** - ၄-၆-၂၀၁၆ ရက် (စနေနေ့)

၁၀။ **ဆက်သွယ်ရမည့်လိပ်စာ** - အခန်းအမှတ် U 308 (ULB)၊ ရန်ကုန်တက္ကသိုလ်

**မှတ်ချက်** - အသေးစိတ် အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ရန်ကုန်တက္ကသိုလ်ကျောင်းသားရေးရာ၊ ဖုန်း-၅၃၄၃၉၀နှင့် ၇၀၃၂၃၀၊ ၅၀၃၅၉၉၊ ၀၉-၇၃၀၀၆၄၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့မီးရထား၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း (စစ်တွေ)တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|
| ၁။ | ရေချမ်းပြင်-ပါဒလိတ်လမ်းပိုင်း၊ ချိန်းအမှတ် ၄၂၄၀ မီတာတွင်(၂၀)ပေအမိုးဖွင့်တံတား ရေဆင်းပြုလုပ်ခြင်း | |
| ၂။ | ပြည်တော်သာ - ရေချမ်းပြင်လမ်းပိုင်း၊ ဇော့ပူဂျာဘူတာနှင့်ရေချမ်းပြင်ဘူတာကြား (၂/၂၀)ပေ အမိုးဖွင့် တံတား ရေဆင်းပြုလုပ်ခြင်း | |
| ၃။ | ကွမ်းတောင်-ကျောက်တော်လမ်းပိုင်း၊ အောင်ဖြူပြင်ဘူတာနှင့်ယိုးတရုတ်ဘူတာကြား (၁၀)ပေ တံတား (၃)စင်းတွင် ရေဆင်းပြုလုပ်ခြင်း | |

(က) **တင်ဒါရောင်းချမည့်ရက်နှင့်အချိန်** - ၂၀-၅-၂၀၁၆ ရက်မှ ၆-၆- ၂၀၁၆ ရက်ထိ ရုံးချိန်းအတွင်း

(ခ) **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၀-၆-၂၀၁၆ရက် ရုံးချိန်အတွင်း

(ဂ) **တင်ဒါရောင်းချမည့်နေရာ** - မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း (စစ်တွေ)၊ စစ်တွေဘူတာ

၂။ အသေးစိတ်သိရှိလိုပါသော အချက်အလက်များကို ရုံးဖုန်း-၀၄၃-၂၂၅၈၇ နှင့် ၀၉-၄၂၈၃၄၇၅၀၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ လက်အောက်ရှိ လားရှိုး၊ မိုင်းရယ်၊ သီပေါ၊ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်မြို့နယ်များမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော ကျောက်ရွယ်စုံ၊ကျောက်ရောမြေ၊ ဖြုန်း၊ သဲ၊ ဘိလပ်မြေ၊ သံချောင်းရွယ်စုံ၊ သစ်ရွယ်စုံ၊ ထင်း၊ ကီလိုမီတာတိုင်၊ အကာအကွယ်တိုင် စသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၁)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၅-၂၀၁၆ ရက် ၁၆း၃၀ နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၅-၂၀၁၆ ရက် ၁၃း၀၀ နာရီ

၄။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၆၁၉၊၀၉-၄၉၂၅၄၄၁၇၊ ၀၉-၄၇၃၀၆၅၄၀၊၀၉-၄၀၃၇၃၉၄၉၆၊ ၀၉-၂၅၀၁၂၉၄၁၂၊၀၉-၄၉၅၇၆၁၆၁၊ ၀၉-၄၇၂၂၀၁၆၀

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

မမယ်လီ ၁၃/ကတန(နိုင်)၁၈၇၄၀၅ (ဘ)ဦးအာဘေလှ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၅၃၄၄၉၂၅**

## ဖခင်အမည်မှန်

အထက(၃)စစ်တွေ၊ နဝမတန်းမှ မချိုမာနွယ်၏ ဖခင်အမည်မှန်မှာ ဦးကောင်းရွှေလှ ဖြစ်ပါကြောင်း။ **ဦးကောင်းရွှေလှ**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(၁)မှ (ဘ)ဦးအောင်သန်း၏ သမီး မဖူးငုံသင်းအား မခင်သီရိသူဟု ပြောင်းလဲခေါ်ပါရန်။

**မခင်သီရိသူ**

## အမည်ပြောင်း

WISDOM HILL ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ကျောင်းဝင်အမှတ် ၀၀၆ ဖြစ်သူ ပထမတန်းမှ မချစ်ခွန်းချိအား မဂျေမီကို ဟုခေါ်ပါရန် အမည်ပြောင်းလိုက်ပါကြောင်း။

**မဂျေမီကို**

## မိဘအမည်မှန်

လောင်းလုံးမြို့နယ်၊ ကြက်ယက်တွင်းရွာ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ တက္ကသိုလ်ဝင်တန်းမှ မချောယမုံ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမျိုးမင်းထွန်းနှင့် ဒေါ်အေးအေးရွှေတို့ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းထွန်း-ဒေါ်အေးအေးရွှေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တာချီလိတ်မြို့၊ မိုင်းကိုး ကျေးရွာအုပ်စု၊ ဟာကြားကျေးရွာနေ ဦးယလော်၏ သမီးဖြစ်သူ ဒေါ်ဘူးဖယ်(ခ)မာသ ၁၃/တခလ(နိုင်)၀၅၇၄၀၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဘူးဖယ် (ခ) မာသ**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး ဥဿျစ်ပင်မြို့ အထက ပထမတန်းမှ (ဘ) ဦးစိန်ဝင်းထွန်း၏သမီး မခိုင်ခိုင်ထွန်းအား မလှိုင်ရတနာစုဟု ပြောင်းလဲခေါ်ပါရန်။ **မလှိုင်ရတနာစု**

## အမည်မှန်

ဒိုက်ဦးမြို့ ဦးရဲထွန်းသိန်း ၇/ဒဥန(နိုင်)၀၈၉၅၈၂၏သားများမှာ အထက (ဖအောင်ဝဲ) အဋ္ဌမတန်း (A)မှ မောင်မြတ်မင်းဗိုလ်နှင့် ဒုတိယတန်းမှ မောင်နေရန်ရှင်းတို့ဖြစ်ပါကြောင်း။

**မောင်မြတ်မင်းဗိုလ်၊**
**မောင်နေရန်ရှင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၃/ကံဘဲ့)၊ မြေကွက်အမှတ် (၆၈/ခ)၊ ဧရိယာ ၀ဒသမ၂၇၉ဧက မရွှေခင် အမည်ပေါက် B.လ/န-၃(ခ)မြေအား ဒေါ်ပုမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၂၁၅၆/၁၉၉၂) ၁၂- ၁၁-၉၂ ဖြင့် ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်အမှတ် ၆၈/ခ၊ ဧရိယာ ၀ဒသမ၂၇၉ ဧကရှိ မြေကွက်အနက်မှ မြေကွက်ကြီး၏ အနောက်မြောက်ဘက်ရှိ အလျား×အနံ၇၅ပေ×၃၀ပေ အစိတ်အပိုင်းကို ဒေါ်ပုမှ အရောင်းအဝယ်စာချုပ် အမှတ် ၂၀၁၀/၁၉၉၆ (၇-၈-၉၆)ဖြင့် ဦးမြင့်သိန်း၊ ဦးကြူမင်းဖူး၊ ဦးရန်ကြီးရှုံသို့ ရောင်းချခဲ့ပြီး ဦးမြင့်သိန်း၊ ဦးကြူမင်းဖူး၊ ဦးရန်ကြီးရှုံတို့မှ အရောင်းအဝယ်စာချုပ် အမှတ် ၄၀၁၄/၁၉၉၆(၃၀-၁၂-၉၆)ဖြင့် ဦးတင်စိန်၊ ဒေါ်မြမြဦး၊ ဦးဝင်းငွေ၊ ဒေါ်အေးအေးမော်သို့ရောင်းချခဲ့ပြီးနောက် ဦးတင်စိန်၊ ဒေါ်မြမြဦး၊ ဦးဝင်းငွေ၊ ဒေါ်အေးအေးမော်ထံမှ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်းစာချုပ် ၂၅၆၇/၂၀၀၇(၉-၇-၂၀၀၇)ဖြင့် အဆိုပါမြေကွက်အမှတ် ၆၈/ခ၊ ဧရိယာ ၀ဒသမ ၂၇၉ဧကအနက်မှ မြေကွက်၏ အနောက်မြောက်ဘက်ရှိ တရားဝင်မခွဲမစိတ်ရသေးသည့် အလျား×အနံ ၇၅ပေ×၃၀ပေ၊ မြေကွက်တည်နေရာအမှတ် ၄၅/ဘီ၊ အောင်ဇေယျလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ကို ပိုင်ဆိုင်လာသူ ဒေါ်ဝတီစိန် ၁၂/ဥကတ(နိုင်)၀၃၄၀၈၉ [ကိုယ်စားအထူးကိုယ်စားလှယ်စာ ၁၅၁၇၈/ ၂၀၁၀(၂၇-၁၂-၂၀၁၀) ရသူ ဒေါ်နီနီခိုင် ၉/ပမန(နိုင်) ၀၂၅၆၈၀] က မိမိပိုင်ဆိုင်သည့် အစိတ်အပိုင်းကိုသာအရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း ဝန်ခံကတိတင်ပြကာ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

SWEETY HOME®
Living Mall (Hlaing)
စပရင်မွေ့ရာ၊ ပရိဘောဂနှင့်
မင်္ဂလာခန်းဝင် ပစ္စည်းအမျိုးမျိုး
UP TO 10% OFF
Promotion Date - 15th~31st May
အမှတ် (၈၂)၊ ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်
Hot Line - 09 9779 19555
NOW OPEN
— 15-5-2016 (SUN) —
ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်ဝယ်ယူသူတိုင်းအတွက်
အမှတ်တရလက်ဆောင်များ နှင့်
ဗလာမပါကံစမ်းမဲများ ပါဝင်ပါသည်။
• ဖွင့်ပွဲနေ့တွင် ဤကြော်ငြာဖြတ်ပိုင်းဖြင့် မည်သည့် ပစ္စည်းမဆိုဝယ်ယူပါက ဗလာမပါကံစမ်းမဲ တစ်ကြိမ်နှိုက်ခွင့် ရရှိမည်ဖြစ်ပါသည်။

## Grand Guardian Insurance Public Co., Ltd.
## ဂရင်းဂါးဒီးယန်းအာမခံအများပိုင်ကုမ္ပဏီလီမိတက်

Grand Guardian Insurance Public Co., Ltd. ၏ စတုတ္ထအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစည်းအဝေးသို့ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အစုရှယ်ယာရှင်များအား ဖိတ်စာနှင့်တကွ လိုအပ်သော စာရွက်စာတမ်းများကို သီးခြားပေးပို့မည်ဖြစ်ပါသည်။

**အစည်းအဝေးကျင်းပမည့်နေ့ရက်** - ၂၀၁၆ ခုနှစ်၊ ဇွန် ၄ ရက်(စနေနေ့)
**အစည်းအဝေးကျင်းပမည့်အချိန်** - ညနေ ၃း၀၀ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ** - ပင်လုံအစည်းအဝေးခန်းမ၊ ပထမထပ်၊အလုံတာဝါ၊ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

အစုရှယ်ယာရှင်များ လွှဲပြောင်းခြင်းကို မှတ်ပုံတင်ရန် မေ ၂၁ ရက်မှ ဇွန် ၄ ရက်အထိ အစုရှယ်ယာရှင်မှတ်တမ်းအား ခေတ္တပိတ်ထားမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Grand Guardian Insurance Public Co., Ltd.**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်နိုင်ဦး ၁၀/ပမန(နိုင်) ၁၅၃၇၄၃၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၀၁၁၀၁**

### ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့နယ်၊ မင်းကျောင်းကုန်းရပ်ကွက်၊အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်၁၄၂၊ဧရိယာ၀ ဒသမ ၀၇၄ဧကကို ဒေါ်သိန်းရင်ပိုင်ဆိုင်၍ ဦးပိုင်အမည်ရရှိထားပြီး အဆိုပါမြေကွက် ကို ဦးမြင့်သန်းက၆-၅-၁၉၉၉ရက်တွင်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ ဒေါ်သိန်းရင် အမည်မှ ဦးမြင့်သန်း BMO-၁၆၂၆၉၉ အမည်သို့ အမည်ပြောင်းမြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရွှေကူမြို့၊အမှတ်(၃)ရပ်ကွက်၊ ဆိုင်းကုန်းရပ်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၉၁)၊ ဧရိယာ ၀ဒသမ ၁၅၁ဧကကို ဦးသန်းအောင်မှ ပိုင်ဆိုင်၍ ဦးပိုင်အမည်ရရှိထားပြီး ၎င်း၏ခွင့်ပြုချက်အရ ကိုယ်စားလှယ် ဦးဌေးဝင်းအား ရောင်းချခဲ့ရာ ရွှေကူမြို့နယ် စာရွက်စာတမ်းမှတ်ပုံတင်ရုံး၌၉-၃-၂၀၁၆ရက်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဦးသန်းအောင် အမည်မှ ဒေါ်ဌေး ၁/ရကန(နိုင်) ၀၃၄၀၅၁ အမည်သို့ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါကအမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့် အညီဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ် ၂၂၉၁၊ မြေကွက်တည်နေရာအမှတ်၂၂၉၁၊၁၄လမ်း၊ ပေါင်းလောင်း(၂)၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့ရှိ မြေကွက်အား ဦးဇော်မင်းကျော် (ဘ)ဦးစိန်ဝင်း ၉/ပမန(နိုင်)၁၅၆၆၃၈က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီးမြေငှား စာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ်(၃၇)၊ ဧရိယာ ၀ဒသမ ၄၄၇ဧကရှိ ဦးအားရှုံးအမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်အား ဦးဝင်းနိုင်(ဦးစိုင်းခမ်းမွန်၏ အထွေထွေလွှဲစာရသူ) ၁၂/ဥကတ(နိုင်)၁၀၄၈၃၁(ဘ)ဦးသိန်းညွန့်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းမှပြန်လည်ရုပ်သိမ်းခြင်း

တောင်ငူမြို့၊ (၁၅)ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၁၅/၁၄၂နေ သားမောင်ရန်နိုင်ငြိမ်း ၇/တငန(နိုင်)၀၀၁၇၇၄အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာကို ၂၃-၄-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၉တွင် ထည့်သွင်းဖော်ပြခဲ့ရာ ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ကြေညာလိုက်ပါသည်။

**မိခင်ဒေါ်ခင်စိန်(တောင်ငူ)**
**၇/တငန(နိုင်)၀၅၁၆၄၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဝယ/၄၄၃၂၃၊ Honda Dream 125 ယာဉ် လက်ဝယ်ရှိသူ ဦးဇော်မြင့် ၈/တတက (နိုင်) ဝဝ၃၄၄၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် ၅ဝ၂၊ မြေကွက်တည်နေရာအမှတ် ၅ဝ၂၊ နွယ်နီ (၁၃)လမ်း၊ စောသာလွန်း(အေဒီ ဝဝ၆၅၆၈) အမည်ပေါက် နှစ် ၆ဝ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးစောသာလွန်း၊ မိခင် ဒေါ်ပွင့်တို့ကွယ်လွန်သဖြင့် ဒေါ်နော်ဂျေနီ(ခ)နော်ဂျီးနီ ၃/ဘအန(နိုင်)ဝဝ၆၈၄၆၊ ဒေါ်နော်လားရူ ၁၂/ဥကမ(နိုင်) ဝဝ၄၄၁၅၊ ဒေါ်နော်ပလဲစေး ၁၂/ဥကမ(နိုင်)ဝဝ၄၂၄၂၊ ဦးစောဖလိုးသာ ၁၂/မရက(နိုင်)ဝ၂၂၄၆၄တို့က သားသမီးများတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်၊ တရားရုံး ကတိသစ္စာပြုလွှာ သေစာရင်းတင်ပြ၍ ၄င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၅/၂ဝ၁၅) ဖြင့်လည်းကောင်း၊ (၁၂၉၈၆/၁၅) ဖြင့်လည်းကောင်းရရှိသူ ဦးသိန်းကျော် ၁၂/မဂဒ (နိုင်) ဝဝ၇ဝ၁၆ မှ ပုဇွန်တောင်မြို့နယ်တရားရုံးကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ပေါက်တော(ဂ)/မြို့သစ်(ဂ)၊ မြေကွက်အမှတ် ၁၆၃/က၊ ဧရိယာဝဒသမဝ၂၇၅ဧက၊ မြေကွက်တည်နေရာအမှတ် ၁၆၃(က)၊ ရွှေဝါ(၂)လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးထွန်းစိန် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးထွန်းစိန်ထံမှ အိမ်ခြံမြေ နှစ်ဦးသဘောတူအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူဒေါ်လှဲ့လှဲ့ဝင်း ၁၂/အစန(နိုင်)ဝ၃၄၃၃၄မှ ပါမစ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆ဝ) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ် (၆၄၃)၊ မြေကွက်တည်နေရာ (၆၄၃)၊ မင်္ဂလာလမ်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ ဦးထွန်းရီ (AD-ဝ၂၅ဝဝဝ)၊ အမည်ပေါက် နှစ်(၆ဝ)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရီ ကွယ်လွန်ကြောင်း ဒေါ်လှရီ ၁၂/မဂတ (နိုင်) ဝဝ၇၃၄၃မှ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ဒေါ်လှရီ ကိုယ်စား ဒေါ်ဟေမန်ဦး ၁၂/မဂတ(နိုင်) ဝ၈ဝ၂ဝ၈မှ ကိုယ်စားလှယ်လွှဲစာ (GP)၊ ကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ် ၇၄၄၊ မြေကွက်တည်နေရာအမှတ် ၇၄၄၊ စာဂ ၁၉ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ညွန့်ညွန့်ခင် ၁၂/ဥကတ(နိုင်)ဝ၅၁ဝ၅၆၊ ဦးဝင်းမင်းကို ၁၂/ဥကတ(နိုင်)၁၃၁၇၅၃ အမည်ပေါက် နှစ် ၆ဝ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ မိခင်(ဒေါ်ညွန့်ညွန့်ခင်)နှင့် ဖခင် (ဦးကိုကိုတင်)တို့ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဝင်းမင်းကို ၁၂/ဥကတ(နိုင်)၁၃၁၇၅၃ မှ တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်လှ (ဖောင်ကြီး)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ အမှတ် ၂၃၊ သခင်ဗစိန်လမ်းနှင့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ တိုက် ၂၄၈၊ အခန်း ၁၂နေ (ဒေါ်စောမြင့်)၏ ခင်ပွန်း၊ (ဦးနန္ဒကျော်)-ဒေါ်သီတာနွဲ့၊ ဦးလှထွန်း-(ဒေါ်ခင်မြမြ)၊ ဦးအောင်သန်း-ဒေါ်အေးဝင်း၊ ဒေါ်ချိုချိုပြုံး (ပြည်ထောင်စုရာထူးဝန်အဖွဲ့)၊ ဦးမြင့်ထွေး-ဒေါ်တင်တင်ထွေး၊ ဒေါက်တာစိုးနိုင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)၊ ဒေါ်သင်းသင်းလှိုင် (ငါးလုပ်ငန်းဦးစီးဌာန)တို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၁၃-၅-၂ဝ၁၆ရက် (သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ကောင်းသစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂ဝ၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃ဝနာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂ဝ၁၆ရက် နံနက် ၇ နာရီမှ ၁၁နာရီအထိ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ တိုက် ၂၄၈၊ အခန်း ၁၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာဦးမြဦး အသက်(၈၄)နှစ်

**ပညာ့ဗိမာန်အထက်တန်းကျောင်း(အင်းစိန်)**
**အောင်ထူး၊ အောင်သူ၊ ပွင့်သစ်ကိုယ်ပိုင်နည်းပြသင်တန်း(အင်းစိန်)**
**ဦးမြဦး အင်္ဂလိပ်စာကိုယ်ပိုင်နည်းပြသင်တန်း(အင်းစိန်)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ် ၂လမ်း၊ အမှတ် ၇ဝ၄နေ (ဦးထွန်းအောင်ကျော်-ဒေါ်သိန်းညွန့်)တို့၏သားကြီး၊ (ဒေါ်နော်ထရူးနာ) (စခန်းကြီး၊ မြောင်းမြမြို့နယ်)၏ချစ်လှစွာသောခင်ပွန်း၊ ကိုခွန်အောင်ကျော်သူ-မသီတာဦး၊ကိုရန်နိုင်ဦး-မအေးအေးမူ၊ကိုအောင်နိုင်ဦး၊ကိုဇော်နိုင်ဦး-နော်ဩဂုတ်စတီးနာ၊ မဖြူဖြူသင်းတို့၏ချစ်လှစွာသောဖခင်၊ နန်းတင့်တယ်၊ စောသူရဦးတို့၏ အဘိုးသည် ၁၃-၅-၂ဝ၁၆ရက်(သောကြာနေ့) နံနက် ၁ဝး၁ဝနာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၅-၂ဝ၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမီသိန်း (ထားဝယ်)

**အသက်(၇ဝ)**

ထားဝယ်မြို့နေ (ဗိုလ်ကြီး သိန်းအောင်-ဒေါ်စိန်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် ၆၇ နေ ဦးဇော်ဝင်း(တွဲဖက်တိုင်းတရားသူကြီး၊ ငြိမ်း၊ ရန်ကုန်တိုင်း)၏ဇနီး၊ ဦးဇော်သီဟ (M.D, Myanmar Geo Specialist Co.,Ltd.)-ဒေါ်စန္ဒာထွေး၊ ဦးတင်ကိုလတ်ဇော်၊ ဒေါ်ချောစုယဉ် (ခေတ္တ-UK )တို့၏မိခင်၊ မောင်အာကာမင်းမြတ်၊ မောင်အောင်ကောင်းမြတ်၊ မောင်ထူးဘုန်းမြတ်တို့၏အဘွားသည် ၁၃-၅-၂ဝ၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂း၂၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂ဝ၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂ဝ၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းထွန်းအောင် (ညောင်လေးပင်)**
**ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီ**
**အသက်(၆၂)နှစ်**

ဒေါ်ဝင်းမြင့်ဟန်၏ခင်ပွန်း၊ ကိုသန်းထွန်းအောင်-မသွယ်သွယ်အောင်၊ ကိုလင်းထက်အောင်၏ ဖခင် ဦးသန်းထွန်းအောင် အသက်(၆၂)နှစ်သည် ၁ဝ-၅-၂ဝ၁၆ ရက် (အင်္ဂါနေ့) ည၁ဝနာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ညီမလေး မငယ်၊ ကိုထက်တို့နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးညွှန့်မောင်-ဒေါ်ခင်ဆန်းဝေ**
**သား-ချစ်ဖို့ကောင်း(ခ)စိုးမြတ်ဟိန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းထွန်းအောင် (ညောင်လေးပင်)**
**ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီ**
**အသက်(၆၂)နှစ်**

ဒေါ်ဝင်းမြင့်ဟန်၏ခင်ပွန်း၊ ကိုသန်းထွန်းအောင်-မသွယ်သွယ်အောင်၊ ကိုလင်းထက်အောင်၏ဖခင်ဖြစ်သူ ဦးသန်းထွန်းအောင် အသက်(၆၂)နှစ်သည် ၁ဝ-၅-၂ဝ၁၆ ရက် (အင်္ဂါနေ့) ည၁ဝနာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အန်တီငယ်၊ ကိုထက်တို့နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တူမများ-ခင်လတ်ဦး၊ သန္တာခင်၊ အိအိခိုင်**

---

**ပျောက်ဆုံးကြောင်း**

မောင်အောင်ကိုကိုနိုင် ၁၂/ဗဟန(နိုင်)ဝ၉၉ဝ၅၆၏ နိုင်ငံသားကတ်နှင့်အတူ CDC-97569 ၏ သင်္ဘောသားဆိုင်ရာ စာရွက်စာတမ်းများ မေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-ဝ၉-၅၁၈၅၇ဝ၆**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၁၂၃နေ ဦးသက်နိုင်ထွန်း ၅/စကန(နိုင်)၁၄၇၄၄ဝ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်နိုင်ထွန်းနှင့် ဒေါ်ခင်သန္တာထွန်း တို့သည် ၄-၁-၁၉၉၇ တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး နောက်ပိုင်းတွင် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်နိုင်ထွန်းနှင့် ဒေါ်ခင်သန္တာထွန်း တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သည့်အတွက် ၂၆-၁-၂ဝဝ၉ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၌ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်သည့်အတွက် ဒေါ်ခင်သန္တာထွန်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်နိုင်ထွန်းနှင့်ပတ်သက်မှု၊ သက်ဆိုင်မှုမရှိတော့ကြောင်းနှင့် ဒေါ်ခင်သန္တာထွန်းနှင့် ပတ်သက်သော ကိစ္စအဝဝကို ဒေါ်ခင်သန္တာထွန်းနှင့်သာ ပြောဆိုရှင်းလင်းလုပ်ကိုင်ဆောင်ရွက်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးသော်ဇင် | ဦးငြိမ်းချမ်းထွေး | ဦးစွမ်းထက်ပိုင် |
|---|---|---|
| LL.B (၃၁၈၅၄) | LL.B (၂၉၃၃၉) | LL.B (၄ဝ၇၉၅) |
| ဖုန်း-ဝ၉-၄၃ဝ၆၄၂၈၁ | ဖုန်း-ဝ၉-၄၂၁ဝ၁၆၆၇၉ | ဖုန်း-ဝ၉-၄၃ဝ၉၄၆၇၂ |

**အထက်တန်းရှေ့နေများ**
**တိုက် ၄၆၊ အခန်း C-3၊ မဟာမြိုင်အိမ်ရာ၊ (၄၁) တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမို

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၄၈၊ အခန်း 7/Aနေ(ဦးမောင်မောင်-ဒေါ်ဒေါ်ကျော့) တို့၏သမီး၊ (ဦးဆယ်-ဒေါ်ဆွေ)တို့၏သမီးချွေးမ၊ [ဦးသက်ဖေ (အငြိမ်းစား တရားရုံးချုပ်တရား သူကြီး)]၏ဇနီး၊ (ဦးသော်-ဒေါ်ခင်ခင်ကြီး-ဒေါ်ယဉ်နွဲ့)တို့၏ညီမ၊ (ဒေါ်အေးကြည်)၊ ဦးမော်သိန်း-ဒေါ်အေးရီ၊ ပါမောက္ခဒေါက်တာဖလောရင့်မောင်မောင်တို့၏အစ်မ၊ ဒေါက်တာမျိုးမြင့်အောင်(NHN)-ဒေါ်ခင်စောနု၊ ဗိုလ်ကြီးတင်ထွန်းအောင်-ဒေါ်အေးအေးသက်၊ ဒေါက်တာဝင်းအောင်(UK)၊ ဦးမြင့်အောင်-ဒေါက်တာဒေါ်အေးလင်းဆက်၊ ဒေါက်တာအေးဖေတို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာချိုသဲဖြူ(UK)၊ အုပ်စိုးအောင်၊ လွှမ်းမိုးအောင်၊ ဖြိုးသူရကျော်-အိမြတ်ဖြူ၊ သက်ဝေလွင်-ခိုင်ဇာသွယ်၊ သဲသဲ၊ အောင်မျိုးသက်(သွားဆေးတက္ကသိုလ်)တို့၏အဘွား၊ မြစ် သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၅-၂ဝ၁၆ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂ဝ၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမောင်လှ အသက် (၈၇)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၏ဖခင် ဦးမောင်လှ အသက်(၈၇)နှစ်သည် ၁၃-၅-၂ဝ၁၆ရက် (သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ကောင်းသစ်ဆေးရုံ (နေပြည်တော်)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးမောင်လှ (ဖောင်ကြီး) အသက် (၈၇)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဧယျာသိဒ္ဓိရပ်ကွက်၊ မြရည်နန္ဒာလမ်း၊ အမှတ် (C537-A)နေ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၏ ဖခင် ဦးမောင်လှသည် ၁၃-၅-၂ဝ၁၆ရက် (သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း**
**အထွေထွေမန်နေဂျာများနှင့် အရာထမ်း၊ အမှုထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးငွေဝင်း (ဘရေ-ငြိမ်း)

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ(ဦးသောင်းညွန့်-ဒေါ်လှ သိန်း)တို့၏သား၊ (ဦးဉာဏ်-ဒေါ်စောရီ)တို့၏သားသမက်၊ (ဒုတိယဗိုလ်မှူးကြီးအောင်မြင့်)-ဒေါ်မေဝင်းကြူတို့၏မောင်၊ ဦးသိန်းလွင်-ဒေါ်သဲသဲလွင်(ခေတ္တ-AUS)၊ ဗိုလ်မှူးစိန်မြင့် (ငြိမ်း)-(ဒေါ်မေဝင်းမူ)၊ ဦးကိုကိုနိုင်-ဒေါ်မေဝင်းသူ၊ ဗိုလ်ကြီးမင်းဇော်ဦး(ငြိမ်း)-ဒေါ်မေဝင်းဖြူ၊ ဦးတင်ထွဋ်-ဒေါ်မေနှင်းကြူ၊ ဦးအောင်သက်-ဒေါ်စန္ဒာတင်အေး၊ (ဦးအောင်ထက်)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၇၆၊ အခန်း ၇နေ ဒေါ်နီနီ၏ချစ်လှ စွာသောခင်ပွန်း၊ ကိုရဲကျော်ငွေ(Master F.G)-မဇင်မာလွင်၊ ကိုငွေမင်းဇော်(3rd Engineer)တို့၏ချစ်လှစွာသောဖခင်သည် ၁၁-၅-၂ဝ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂ဝ၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂ဝ၁၆ရက်(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁ဝ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးပီတာသောင်းစိန်**
**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပါတီကော်မတီဝင်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ပြည်နယ်ပါတီကော်မတီဝင် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးပီတာသောင်းစိန် အသက်(၅၉)နှစ်သည် ၁၁-၅-၂ဝ၁၆ရက် နံနက် ၈း၂ဝ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်ပါတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ**
**ရှမ်းပြည်နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

---

ဝမ်းနည်းကြေကွဲခြင်း

**ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်**

## ဦးပီတာသောင်းစိန်

**အသက် (၅၉)နှစ်**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးပီတာသောင်းစိန် အသက် (၅၉)နှစ်သည် ၁၁-၅-၂ဝ၁၆ရက် နံနက် ၈း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးအုန်းပွင့်-ဒေါ်တင်မေထွန်း**
**ဦးဘိုလေး-ဒေါ်မေရီ**
**ဦးရစ်ချက်-ဒေါ်နန်းပီးယာရီ**

---

## ဦးအေးသိုက် အသက်(၆ဝ)

**MOT Second Class Part(A)Third Engineer**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်းနေ(ဦးခင်မောင်ကြီး-ဒေါ်ခင်တင့်တင့်)တို့၏သား၊ (ဦးမင်းသိုက်)၊ (ဦးစိုးသိုက်)တို့၏ညီ၊ ဦးအောင်သိုက်-ဒေါ်မိုးနှင်းဖြူ၊ ဒေါ်သဇင်သိုက်၊ ဦးစိုင်းလင်းမြင့်-ဒေါ်မိုးမမသိုက်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၁ (မြင့်မြင့်ခိုင်ဓာတ်ပုံတိုက်)နေ ဒေါ်သိန်းကြွယ်၊ ဒေါ်ယဉ်ကြည်၊ ဒေါ်မြင့်မြင့်ဆွေတို့၏ တူ၊ ဒေါ်မြင့်မြင့်ခိုင်၏ခင်ပွန်း၊ မောင်အေးချမ်းသိုက်၏ ဖခင်၊ မောင်ကျော်ဇင်သိုက်၏ ဦးလေးသည် ၁၂-၅-၂ဝ၁၆ရက်(ကြာသပတေးနေ့)ည ၉း၁၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂ဝ၁၆ ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကောဝိဒ

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ် ၆နယ်မြေ၊ ရွှေသူငွေးရပ်၊ မဟာလယ်တီစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြို့နယ်သြဝါ ဒါစရိယ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ (ဟောင်း)သည် (၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၆ ရက်) ၁၂-၅-၂ဝ၁၆ရက်(ကြာသပတေးနေ့)ည ၁ဝး၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။) **ဆရာတော်၏တပည့်၊ သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ**

---

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

## အစ်ကို (သို့မဟုတ်) ဆရာ

* ဦးကျော်စိန်ဝင်း
ဆရာကရှေ့နေ
ကျွန်တော်ကဘဝသမား
မိသားစုကိစ္စကြောင့် ဆုံကြတယ်ပေါ့ဗျာ။
ကျွန်တော့်ဘဝအတွက် အကြီးကျယ်ဆုံးတုန်လှုပ်မှု၊ အကြီးကျယ်ဆုံးရှုံးမှု။

* လိုအပ်လာလို့ဆက်သွယ်ချိန်
ကြားခဲ့၊ မြင်ခဲ့တဲ့ ရှေ့နေတွေမဟုတ်
လူမစွမ်းလို့ နတ်မသည်မသိ
ဘုရားပေးတဲ့ကံ၊ တရားပေးတဲ့
အဘရှေ့နေကြီး ဦးရွှေထွန်းနဲ့အဖွဲ့
နောက်တော့ဆရာပေါ့။

* ကျွန်တော်ဆိုတဲ့လူက ပွဲနိုင်ပြီးမှယုံသည့်လူ
အပိုကုန်စရာမလို၊ စာအုပ်ထဲက ဒီဥပဒေ
အဲဒီအတိုင်းပဲဆုံးဖြတ်ရမယ်ဟု အားပေးခဲ့တဲ့ဆရာ
တရားခွင်မှာ ရဲဝင့်သူ၊ ကျွမ်းကျင်သူ၊ ပြတ်သားသူ
ဟာကွက်မရှိ ဥပဒေအရ တိကျစွာ တိုက်ခိုက်နိုင်သူ
ကျွန်တော့်ဘဝ၊ ကျွန်တော့်မိသားစုအတွက်
တိုက်စစ်မှူးကြီးပေါ့။

* ပွဲတိုင်း နိုင်ခဲ့ပြီ အောင်ခဲ့ပြီ
ကျွန်တော်တို့ပြန်တွေ့ကြမည်
အခုတော့ ဆရာမရှိတော့ပြီ

* ၁၃-၄-၂ဝ၁၆ မနက်
ဒီနှစ်သင်္ကြန် အေးချမ်းစွာကျပြီပေါ့
ဒါပေမယ့်
ဆရာရယ် ဘာမှလည်း မှာမသွား
ဘာမှလည်း ကျေးဇူးမဆပ်လိုက်ရ
အခုအပြီးပြောင်း၍သွားခဲ့ပြီ
မြို့နယ် တိုင်း နိုင်ငံမဟုတ်
ဘဝတစ်ပါး။

* ကျွန်တော်လေ သင်္ကြန်ကိုပိုမုန်းသွား
ငွေရှာတာတွေလည်း အလကား
လူဆိုတာသေမျိုးပေမယ့် မဖြစ်တန်သေးတဲ့အချိန်
ဆရာကြွေလွင့်ခြင်းမို့ တန်ဖိုးမဖြတ်နိုင်တဲ့ဆုံးရှုံးမှု။

* ဆရာပြောခဲ့တယ်
"ဘုရင့်နောင် ရွှေကြည်သာ"ဟာ ဖောင်ဖျက်ပြီးတိုက်ခဲ့သလို
မြန်မာပြည်ကြီးရှိနေသရွေ့ "ရွှေကြည်သာရောဝတီ"ကလည်း ရှိနေရမယ်တဲ့။
အခုတော့လည်း အရာအားလုံးကို ထားရစ်ခဲ့ပြီ
ကျွန်တော့်ရင်ထဲမှာတော့ ဆရာဆိုသော "ဘကျော်"သည်
"ထာဝရ ဧရာဝတီ"အဖြစ် တည်ရှိနေမှာပါ။ ။
(ဆရာ ကောင်းရာသုဂတိလားပါစေ)

**ဦးသက်နိုင်ဦးမိသားစု**
**ဘုရင့်နောင်ရွှေကြည်သာနောင်မျိုးသစ်**

---

## တပ်ကြပ်ကြီးစံရွှေ (ငြိမ်း) (ကျောက်ဖြူ)

**အယ်ဒီတာချုပ်- Myanmar Mail ဂျာနယ်**
**အဖွဲ့ဝင်၊ Green Media Network**
**အသက် (၅၇)နှစ်**

ကျောက်ဖြူမြို့နယ်၊ ဂုံးချိန်ရွာနေ (ဦးလူနီ- ဒေါ်အေးနု)တို့၏သား၊ ဦးစံအေး၊ ဒေါ်လုံးသာ၊ ဒေါ်မခင်၊ ဗိုလ်ကြီးစံခင်(ငြိမ်း)တို့၏ညီ/မောင်၊ ဦးတင်မောင်၊ ဒေါ်ခင်ရွှေ၊ ဦးစံလွင်တို့၏အစ်ကို၊ ဦးကျော်မြင့်၊ ဒေါ်ခင်မြင့်ကြည်တို့၏ သားသမက်၊ ဒေါ်ယဉ်ယဉ်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထင်ကျော်လင်း၏ဖခင်သည် ၁၂-၅-၂ဝ၁၆ရက် နံနက် ၁ဝး၀၅နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆ -၅-၂ဝ၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၃(ခ)ရပ်ကွက်၊ သခင်ဘိုးလှကြီးလမ်း၊ အမှတ် ၂၈၊ (ပဲခူးမင်္ဂလာသိပ္ပံစာသင်တိုက်သွားလမ်း) နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြူလှူ့ကင်(ခ)ဒေါ်စိန်စိန်

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ် ၆၆(တတိယထပ်-ယာ)နေ ဦးကြူဖောင်းစိန်-(ဒေါ်ထောင်ကင်းဟာ)တို့၏သမီး၊ ဗိုလ်မှူးစိန်မောင်-ဒေါ်ခင်နှင်းရီတို့၏ သမီးချွေးမ၊ ဦးခင်မောင်စိုး၏ဇနီး၊ မသူဇာစိုး (B.E,Civil)၊ မခင်စန္ဒာစိုး(B.Arch Final Year,နည်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏မိခင်သည် ၁၂-၅-၂ဝ၁၆ရက် နံနက် ၆း၃ဝ နာရီတွင် စိန့်ဂျွန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂ဝ၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်မြင့် (အလိန်လည်)
**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အလိန်လည်ကျေးရွာနေ ဦးထွန်းမြိုင်-ဒေါ်ပန်းစိန်တို့၏သမီး၊ တာမွေမြို့နယ်နေ ဦးမြင့်ဦး-(ဒေါ်ညိုမာလာ) အိတုံစက်မှုလက်မှု၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ကန်တော်မွန်လမ်း၊ အမှတ် ၃၃၉/၃၄၀နေ ဦးခင်မောင်ဝင်း-ဒေါ်ဆွေဆွေအောင်၊ ဦးအေးထွန်း-ဒေါ်ရှုကျင်၊ ဦးသန့်ဇင်-ဒေါ်ခင်ညိုဝင်း၊ ဦးစန်းနိုင်-ဒေါ်မိုးမိုးအောင်တို့၏မိခင်၊ (ဦးလုံး)၏ဇနီး၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၁၄-၅-၂၀၁၆ရက် ည ၇း၁၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်မြင့် အသက်(၇၅)နှစ်
**(ရွှေဖားစည်ကုန်မျိုးစုံရောင်းဝယ်ရေး၊ ဘားအံမြို့)**

ဘားအံမြို့၊ (၃)ရပ်ကွက်နေ (ဒေါ်နော်စေးလာ)၏ခင်ပွန်း၊ နော်စန္ဒာမြင့်-စောညီညီဝင်းတို့၏ဖခင် ဦးအောင်မြင့်သည် ၈-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သတင်းထောက်-ဦးကျော်လှ (သား) ကိုဝင်းကျော်နှင့်
သမာဓိ-မိသားစု၊ ကုန်သည်ကြီးလမ်း၊ တောင်ငူမြို့

---

ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း)
**OTS (43)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သတ္တုတွင်းဝန်ကြီးဌာန**
**အသက်(၆၈)နှစ်**

ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း) အသက်(၆၈)နှစ်သည် ၉-၅-၂၀၁၆ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးသန်း-ဒေါက်တာမျိုးစန္ဒာဝေနှင့်မိသားစု
အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အသက်(၆၈)နှစ်သည် ၉-၅-၂၀၁၆ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးတင့်လွင်ဦး(ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်းမိသားစု
ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့

---

အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးပီတာသောင်းစိန်
**အသက်(၅၉)နှစ်**

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး(ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ ဦးပီတာသောင်းစိန် အသက်(၅၉)နှစ်သည် ၁၁-၅-၂၀၁၆ရက် နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် အာခါလူမျိုးများအတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်း ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

---

အထူးဝမ်းနည်းကြေကွဲခြင်း
ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးပီတာသောင်းစိန် အသက်(၅၉)နှစ်

တရားလွှတ်တော်ရှေ့နေ အာခါတိုင်းရင်းသားရေးရာဝန်ကြီး(ငြိမ်း) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ မေတ္တာလမ်း၊ အရှေ့အာခါရပ်နေ ဒေါ်ခင်ထွေး၏ခင်ပွန်း ဦးပီတာသောင်းစိန်သည် ၁၁-၅-၂၀၁၆ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒူဝါဇုတ်ဒေါင်
ကချင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်

---

ဝမ်းနည်းကြေကွဲခြင်း
### ရဲ ၄၉၇၃ ဒုတိယရဲမှူး သန်းဌေးဝင်း
**အသက်(၄၅)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ ရဲ ၄၉၇၃ ဒုတိယရဲမှူးသန်းဌေးဝင်း အသက်(၄၅)နှစ်သည် ၁၄-၅-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရဲချုပ်နှင့်တပ်ဖွဲ့ဝင်များ
မြန်မာနိုင်ငံရဲတပ်ဖွဲ့

---

### ဦးကြည်လွင် အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ် ၁၂၁၉/ကနေ (ဦးညွှန့်မောင်-ဒေါ်နှင်းရွှေ)တို့၏သား၊ ဒေါ်ခင်စန်းမြင့်-ဦးစိန်ဝင်း၊ ဒေါ်အေးအေးခိုင်၊ ဒေါ်နွဲ့နွဲ့ရီတို့၏မောင်၊ ဦးဝင်းမြင့်-ဒေါ်ဥမ္မာ၊ ဦးဇော်မင်း-ဒေါ်ကွား၊ ဒေါ်ခင်မျိုးအေး၊ ဒေါ်ခင်စုစုထွေး-ဦးကျော်ကျော်အောင်တို့၏အစ်ကို၊ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ မောင်သူရိန်လွင်၏ဖခင်သည် ၁၄-၅-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်နုနုခိုင်(စစ်တွေ) အသက်(၅၇)နှစ်
**အလယ်တန်းပြ၊ အမက(၂၄)ဒဂုံမြောက်**
**ယခင် အထက(၄)သဃ်န်းကျွန်း**

စစ်တွေမြို့၊ ရူပရပ်နေ[ဗိုလ်ကြီးရွှေထွန်းခိုင်(ငြိမ်း)-ဒေါ်သာနု]တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၉၈၁နေ ဒေါ်စန်းစန်းခိုင်(တရားလွှတ်တော်ရှေ့နေ)-ဦးစန်းလွင်(ကုန်းလမ်း၊ ငြိမ်း)၊ ဒေါ်ညွှန့်ညွှန့်ခိုင်(စာတိုက်မှူး၊ ငြိမ်း)၊ ဦးကျော်ဝင်းခိုင်(မြို့နယ်ဥပဒေအရာရှိ၊ ငြိမ်း)၊ (ဦးကျော်လှခိုင်)တို့၏ညီမသည် ၁၃-၅-၂၀၁၆ရက် (သောကြာနေ့) ည ၁၁း၄၀နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နှမတစ်စု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်ပန်းရွှေ(စစ်တွေ) အသက်(၈၂)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ရေတွင်းလမ်း၊ အမှတ် ၃၅၁နေ (ဦးသေန်မောင်-ဒေါ်ဒါလှဦး)တို့၏သမီး၊ (ဦးဘကျော်-ဒေါ်ဇီမ)တို့၏သမီးချွေးမ၊ (ဦးဦးထွန်းစိန်)၏ဇနီး၊ ဦးဘသိန်း(ညွှန်မှူး၊ မြို့ပြ၊ ငြိမ်း)-ဒေါ်စောယဉ်စိန်(အထက်တန်းပြ၊ ငြိမ်း)၊ ဒေါ်သိန်းယဉ်နု(အထက်တန်းပြ၊ အထက-၁၊ စစ်တွေ)၊ ဒေါ်သိန်းနု-ဦးမြတင်(Gt Battery ရောင်းဝယ်ရေး)၊ ဒေါ်သိန်းဟန်(ပြုံးချိုမိတ္တူ)-ဦးအောင်ကျော်သာ(AKT Engineer Group)၊ ဒေါ်မြအေး(အင်/ယာ၊ ဆည်မြောင်း၊ ရခိုင်ပြည်နယ်) - ဒုရဲအုပ်လှဝင်း (ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့)၊ ဒေါက်တာဒေါ်လှခင်(ကထိက၊ စစ်တွေတက္ကသိုလ်၊ သမိုင်းဌာန)-ဦးထွန်းထွန်းဦး(စက်မှုလက်မှု)၊ ဒေါ်လှလှရီ(နည်းပြ၊ အင်္ဂလိပ်စာဌာန၊ နည်းပညာတက္ကသိုလ်၊ စစ်တွေ)-ဦးသန်းရွှေ(တပ်မတော်အငြိမ်းစား)တို့၏မိခင်ကြီး၊ မောင်ကျော်ဝင်းသိန်း(မက္ကထရောနစ် အင်/ယာ၊လမ်းဦးစီး)၊ ဒေါက်တာရန်နိုင်သိန်း(အလုပ်သင်ဆရာဝန်၊မ/ဥဆေးရုံကြီး)၊မယဉ်ယဉ်မြင့်(Audit Supervisor,NCX Myanmar Co.,Ltd.)-မောင်အောင်ကျော်ကျော်မိုး(RTO Sedona Hotel)၊ ဦးထွန်းဝင်း(လ/ထညွှန်မှူး၊ အိုးအိမ်ဦးစီးဌာန၊ မော်လမြိုင်)၊ မနီနီခင်(Final Part II, ဆေး-၂)၊ မောင်အောင်ကျော်မြင့်(2nd MB ဆေး-၁)၊ မောင်ပြုံးချို(နဝမတန်း၊ အထက-၃၊ စမ်းချောင်း)၊ မောင်ပြုံးပြည့်ဟန်(Bright မူကြို)၊ မောင်ဟန်သူလင်း(Grade-7၊ ထ-၁၊ စစ်တွေ)၊ မောင်ရှိုင်းဝဏ္ဏအောင်၊ မဇူလိုင်ဝင်း(Grade-6၊ မူလွန်ကျောင်း၊ အိုးတန်း၊ စစ်တွေ)၊ မသဲစုလှိုင်တို့၏အဘောင်ရှင်၊ ရှန်းရွှေရည်မိုးမြင့်၏အဖီးရှင်သည် ၁၃-၅-၂၀၁၆ရက် (သောကြာနေ့) နံနက် ၂း၂၀နာရီတွင် ရန်ကုန်ပြည့်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၉၅၄/ခ၊ ရာဇသင်္ကြန်လမ်း၊ ၁၀မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးအောင်စံရ
**B.S.C Engg (Civil) 1963**
**အင်ဂျင်နီယာမှူး(ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၆၃၅နေ (ဦးစံကွယ်-ဒေါ်ကြိုင်)တို့၏သား၊ (ဦးစိုင်းခေ - ဒေါ်ချစ်တူး)တို့၏သားသမက်၊ ဒေါ်ဒေါရစ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းမြင့်-ဒေါ်တင်ရီတို့၏ညီ/မောင်၊ ဒေါ်မေမြင့်၏အစ်ကို၊ ဦးဖီးလစ်-ဒေါ်အယ်နီးထား၊ (ဦးညွှန့်သိန်း)-ဒေါ်ဖဲရီ၊ ဦးစောရတ်မိုး-နော်ဂရီးထာ၊ ဦးစောစတီဗင်-နော်မေးဗစ်မြ၊ ဒေါက်တာစောကွာလာ - ဒေါက်တာဒေါ်တင်ဝင်း(စောဟဲဖလိုး) - နော်အယ်စေးတို့၏အစ်ကိုကြီး၊ ကိုစိုးမိုးအောင်-နော်ဇင်မီညွှန့်ကြည်၊ ကိုသောင်းထိုက်-နော်လှမြတ်စံ၊ ကိုဆုမွန်ရတို့၏ချစ်လှစွာသောဖခင်၊ ကူးကူး၊ ဝိုင်းဝိုင်းချစ်၊ စောဝါးတို့၏ဘိုးဘိုးသည်၁၄-၅-၂၀၁၆ရက် (စနေနေ့) နံနက် ၄း၅၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ကသာခရိုင်အသင်း(ရန်ကုန်)
အသင်းဝင်
### ဒေါ်အေမီသိန်း
**အသက်(၇၀)**

ထားဝယ်မြို့နေ (ဗိုလ်ကြီးသိန်းအောင်-ဒေါ်စိန်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် ၆၇နေ ဦးဇော်ဝင်း(တွဲဖက်တိုင်းတရားသူကြီး၊ ငြိမ်း)၏ဇနီးသည် ၁၃-၅-၂၀၁၆ရက် မွန်းလွဲ ၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကသာခရိုင်အသင်း(ရန်ကုန်)

အမှုဆောင်အဖွဲ့

---

### ဒေါ်မြမြသန်း(ခ)မနီ
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ် ၉၊ ခြောက်လွှာ (B)နေ (ဦးငွေထွန်း-ဒေါ်ကျင်မွေး)တို့၏သမီး၊ ဦးစန်းနိုင်မြင့်၏ချစ်လှစွာသောဇနီး၊ ကိုဇော်လွင်-မတိုးတိုးအောင်၊ ကိုစိန်လှအောင်-မခိုင်ခိုင်စိုး၊ မမြမြအေး (ကမ္ဘောဇဘဏ်)တို့၏မိခင်၊ မကြည်ဖြူဆွေ၊ မဖြူစင်ခိုင်တို့၏အဘွားသည် ၁၃-၅-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### ဒေါ်တင်တင် (ရွှေလောင်း)
**အသက်(၇၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းကျေးရွာနေ(ဦးဟန်မက် - ဒေါ်သိန်းကြည်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁လမ်း၊ အမှတ် ၉၁ (ပထပ်-ဝဲ)နေ (ဦးတင်မောင်)၏ချစ်လှစွာသောဇနီး၊ ဦးသန်းစိုး-ဒေါ်မေသူလွင်၊ ဦးစိုးပိုင်-ဒေါ်အေးအေးမြင့်၊ ဦးသန်းဦး-ဒေါ်သန္တာ၊ ဦးဆန်းထွန်းဦး-ဒေါ်တင်တင်အေးတို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၃-၅-၂၀၁၆ရက်(သောကြာနေ့) ညနေ ၆နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသိန်းအောင်
**(မြေပုံ/ကျောက်ဖြူ)**
**အသက်(၆၅)နှစ်**

ရခိုင်ပြည်နယ်၊ မြေပုံမြို့၊တရုတ်တန်းရပ်ကွက်နေ ဦးမောင်နီ-ဒေါ်အနီလံတို့၏သား၊ ဒေါ်မချစ်သိန်း - ဦးထင်အောင်(USA)၊ ဦးလှအောင်(USA)၊ ဒေါ်မချစ်ငွေ-ဦးကောင်း(USA)တို့၏အစ်ကိုကြီး၊ မချမ်းငြိမ်းသူ၊ မောင်ဝင်းပြည့်အောင်တို့၏ဖခင်သည် ၁၃-၅-၂၀၁၆ရက် နံနက် ၁နာရီတွင် ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ရွာမလမ်း၊ အမှတ် ၁၂၁ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (တာမွေအဝိုင်းထိပ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

---

မြေပုံမြို့နယ်အသင်း(ရန်ကုန်)
ရာသက်ပန်အသင်းဝင်
### ဦးသိန်းအောင်
**အသက်(၆၅)နှစ်**

(ဦးမောင်နီ-ဒေါ်အနီလံ)တို့၏ သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း ၅လမ်းထောင့်၊ အမှတ် ၁၂၁၊ရွာမလမ်းနေ ဒေါ်ဝင်းပြည့်ဖြိုးအေး၏ခင်ပွန်း၊ မချမ်းညီမ်းသူ၊ မောင်ဝင်းပြည့်အောင်တို့၏ ဖခင်သည် ၁၃-၅-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်နှင့် တာမွေအဝိုင်းထိပ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

### ဦးလှိုင်(ခ)ဦးမောင်လှိုင်
**က·ပ·ရ (ကုန်စည်)**
**မင်းလှ-အင်းစိန်(ငြိမ်း)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အရှေ့ဈေးဟောင်းလမ်း၊ တိုက် ၁၂၊ (ပ)ထပ်နေ ဒေါ်ရီ၏ခင်ပွန်း၊ ဦးလှသန်း-ဒေါ်လှလှငွေ၊ ဦးတင်ထွန်း-ဒေါ်ခင်ခင်ရီ၊ ဦးစန်းလွင်-ဒေါ်တင်တင်သန်း၊ ဦးတင်ထွဋ်-ဒေါ်ရွှေပိုပို၊ ဦးဝင်းဖေ-ဒေါ်အေးအေးသင်း၊ ဦးအေးကျော်၊ ဦးအောင်လင်းဦး-ဒေါ်တင်တင်လှိုင်၊ ဦးစိုးစိုး၊ ဒေါ်နိုင်နိုင်မော်တို့၏ဖခင်၊ မြေး ၂၅ယောက်၊ မြစ် ၁၀ယောက်တို့၏အဘိုးသည် ၁၄-၅-၂၀၁၆ရက် နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးတိုးကြည်(ခ)ဦးတိုး
**(ပန်းချီ)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း၊ ဂမုန်းလမ်း၊(က)ရပ်ကွက်၊ အမှတ် ၄၅နေ ဒေါ်ချစ်သိန်း၏ခင်ပွန်း၊ မောင်နန္ဒအောင်၊ မကလျာအောင်၊ မောင်မင်းသူရအောင်၊ မောင်နေဝဏ္ဏအောင်တို့၏ဖခင်သည် ၁၄-၅-၂၀၁၆ရက် နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးအောင်သိန်း
**ဦးစီးအရာရှိ(ငြိမ်း)၊ MRTV**
**ကမာရွတ်မြို့နယ်စစ်မှုထမ်းဟောင်း**
**အသက်(၇၂)နှစ်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ ချိုင်ရွာနေ(ဦးထွား-ဒေါ်ခင်တင့်)တို့၏သား၊ (ဗိုလ်ကြီးမောင်သန်း - ဒေါ်အေးမြင့်)တို့၏သားသမက်၊ ကမာရွတ်မြို့နယ်နေ ကိုလင်းအောင်၊ ကိုကျော်သက်-မအိခင်ခင်(MRTV)၊ ကိုအောင်စည်သူ-မပွင့်ဖြူဦးရွှေ၊ မအိမွန်ခင်(MRTV)တို့၏ဖခင်၊ မောင်စွမ်းထက်အောင်၏အဘိုး၊ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၅-၂၀၁၆ရက် နံနက် ၆း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက် ၂/၁၊ မြန်မာ့အသံဝန်ထမ်းအိမ်ရာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသန်းထွန်း(ခ)ဦးထွန်းသန်း
**အသက်(၆၃)နှစ်**

ဝါးခယ်မမြို့နယ်၊ ထော်ကန္တတ်ကျေးရွာနေ (ဦးကျော်မြသန်း-ဒေါ်အုန်းခင်)တို့၏သား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ (ဦးအောင်ငြိမ်း)-ဒေါ်ငြိမ်းကျင်တို့၏သားသမက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၉၅၀/ကနေ ဒေါ်အုန်းညွန့်၊ ဦးခင်မောင်-ဒေါ်ခင်သွယ်တို့၏မောင်၊ ထော်ကန္တတ်ကျေးရွာနေ ဦးခင်ဦး-ဒေါ်အောင်မေစိန်၊ ဒေါ်သန်းသန်းငွေတို့၏အစ်ကို၊ ဒေါက်တာသိမ့်သိမ့်သူ (လက်ထောက်ဆရာဝန်၊ ပဲခူးပြည်သူ့ဆေးရုံ)မအိအိချို(Sealion Co., Ltd.)တို့၏ဖခင်၊ ဒေါ်ရင်မြ၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၅-၂၀၁၆ရက် (စနေနေ့) နံနက် ၉း၂၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၉၅၀/ကနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်နုနု(စစ်တွေ) အသက်(၈၈)နှစ်
**B.A, Dip E.d အထက်တန်းပြဆရာမ(ငြိမ်း)**
**(အထက-၂၊ စစ်တွေ)**

စစ်တွေမြို့နေ [ဦးသာဒိုးအောင်(အငြိမ်းစားအရေးပိုင်၊ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ၊ ငြိမ်း)-ဒေါ်သိန်း]တို့၏သမီး၊ ကျောက်တော်မြို့နေ (ဦးအောင်ကျော်-ဒေါ်ယဉ်နု)တို့၏သမီးချွေးမ၊ [ဦးကျော်ဇော (ပြည်နယ်တရားသူကြီး၊ ငြိမ်း)]၏ဇနီး၊ (ဦးသာစိန်)-ဒေါ်သိန်းယဉ်တို့၏ညီမ၊ ဒေါ်သိန်းမြ၊ ပါမောက္ခဒေါက်တာဦးအေးထွန်း(မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်စံနု၊ ဦးမြင့်ဆွေ-(ဒေါ်ခင်စု)တို့၏အစ်မ၊ Capt.ဦးစံဘော်အောင်-ဒေါက်တာညိုမီကျော်ဇောတို့၏မိခင်၊ မအေးမိမိစံဘော်[နောက်ဆုံးနှစ်အပိုင်း(က)၊ ဆေး(၁)]၊ မောင်ရဲမြတ်စံဘော်(တတိယနှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)တို့၏ အဘောင်ရှင်သည် ၁၄-၅-၂၀၁၆ရက် နံနက် ၆း၁၂နာရီတွင် ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ (ဝင်ဒါမီယာ)၊ အမှတ် 97(H)-1(B)နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်တင့်
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြင်တော်သာလမ်း၊ အမှတ် ၄၆၀နေ ဦးဖိုးရင် - ဒေါ်ကြွယ်တို့၏ သမီး၊ (ဦးဖိန်း)၏ဇနီး၊(ဦးခင်မောင်ကြီး)-ဒေါ်ငွေတင်၊ ဦးရီသိန်း-ဒေါ်မြင့်ရီ၊ (ဦးမျိုးမြင့်)-ဒေါ်ခင်နွဲ့၊ ဦးလှခိုင်-ဒေါ်အေးမြိုင်၊ (ဦးတင်ငွေ)၊ (ဦးခင်လှ)-ဒေါ်နု၊ ဦးစန်းဝင်း-ဒေါ်စိန်စိန်အေး၊ ဦးမြအေး-ဒေါ်သီတာ၊ (မောင်ဝင်းထွေး)၊ (မောင်စိုးဝင်း)တို့၏မိခင်၊ မြေး ၃၀၊ မြစ် ၂၈ ယောက်တို့၏အဘွားသည် ၁၃-၅-၂၀၁၆ရက် (သောကြာနေ့) ည ၁၀း၅၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်မေကြည်(ခ)မပူစီ
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၃၉၉နေ (ဦးဖိုးလှ-ဒေါ်စောခင်)တို့၏သမီး၊ (ဦးသန်းညွှန့်-ဒေါ်ကျင်မြ)တို့၏ချွေးမ၊ ဦးသိန်းထွန်း(B.Com AA 75)(အငြိမ်းစား၊ M.O.G.E ငွေစာရင်း)၏ဇနီး၊ ဦးကျော်နိုင်ဦး(GMP Co., Ltd)-ဒေါ်ခင်ညွှန့်ဆွေ၊ ဦးသူရမြတ်ခိုင်(ပြင်သစ်သံရုံး) - ဒေါ်ခင်ညွှန့်ရီ(ခ)အိုင်းရစ် (မြန်မာပို့စ်နှင့် မြန်မာပို့ဂလိုဘယ်ဂျာနယ်)တို့၏ချစ်လှစွာသောမိခင်၊ မောင်ဇော်ထွဋ်နိုင်၊ မောင်ထွန်းမင်းနိုင်၊ မောင်အေးချမ်းခေတ်တို့၏ အဘွားသည် ၁၄-၅-၂၀၁၆ရက် နံနက် ၅း၃၀နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးရဲမြင့်
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် ၁၂နေ (ဦးဘလှ-ဒေါ်ဒေါင်းလှ)တို့၏သား၊ ဒေါ်ဟန်တင်၏တူ၊ ရေနံချောင်းမြို့နယ်၊ ဒေါင်းနေရွာနေ ဦးသန်းလှိုင်-ဒေါ်ဒေါင်းမြတို့၏တူ၊ ရန်ကုန်မြို့နေ (ဒေါ်စန်းစန်းဝင်း)၊ (ဒေါ်ငွေငွေဝင်း)၊ ဦးအောင်ဇော်ဦး၊ ဒေါ်တင်တင်ဝင်းတို့၏မောင်၊ ဒေါ်သင်းသင်းစိုး၏ခင်ပွန်း၊ မလဲ့လဲ့ဝင်း၏ဖခင်၊ Mr. KWME BRONT SEFAH၊ မမြတ်သန္တာစိုး၊(မဇာခြည်ဝင်း)၊ ကိုမင်းသူဇင်၊ မောင်ဟန်မင်းသူ၊ မဖူးပွင့်သီရိခိုင်၊ မနန်းဆွဲခယ်၊ မနန်းအေးသော်တို့၏ဦးလေး၊ မြင်းခြံမြို့၊ ဈေးကြီးမြောက်ဘက်၊ (၇)ရပ်ကွက်နေ ဦးဇော်လင်း၊ ဒေါ်ဆွေဆွေတို့၏မောင်၊ ကိုအံ့ကြီးမောင်၊ ကိုအောင်ကျော်စိုး၊ မမေသန်းနွယ်တို့၏အစ်ကိုသည် ၁၁-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇း၄၀နာရီတွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ အပိုလိုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ကာလကတ္တားသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးစိုးတင့်
**(ပန်းတနော်-မင်းတစု)**
**ကျောင်းအုပ်ဆရာကြီး၊**
**အမကမင်းတစု(ငြိမ်း)**
**ပန်းတနော်မြို့နယ်တရားသူကြီး**
**အဖွဲ့ဝင်(ငြိမ်း)**
**အသက်(၇၇)နှစ်**

ပန်းတနော်မြို့နယ်၊ မင်းတစုနေ (ဦးသိန်းမောင်-ဒေါ်ကျင်ရီ)တို့၏ သား၊ (ဦးထွန်းတင် - ဒေါ်ကြွယ်)တို့၏သားသမက်၊ဒေါ်ခင်မေနွဲ့၏ခင်ပွန်း၊ ဦးသိန်းဇော် - (ဒေါ်ခင်အုံးမြင့်)တို့၏ အစ်ကို၊ ဦးအောင်သိန်းစိုး-ဒေါ်ညိုညို၊ ဦးသန်းစိုး-ဒေါ်ညွန့်ညွန့်စိုး၊ ဦးမင်းလွင်သိန်း-ဒေါ်မင်းမင်းစိုး၊ ဦးဇော်မင်းစိုး-ဒေါ်မင်းမင်းသက်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည်၁၃-၅-၂၀၁၆ရက်(သောကြာနေ့)တွင်မင်းတစုနေအိမ်၌ကွယ်လွန်သွားပါသဖြင့်၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မင်းတစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အရာခံဗိုလ်အောင်ဝင်း(ငြိမ်း)
**ကပအမှတ်-၂၄၁၂၁၅**
**အသက်(၇၂)နှစ်**

ရေးမြို့နေ (ဦးမောင်တင်-ဒေါ်လွှန်းအေး)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်မှူးဗထူးအိမ်ရာနေ ဗိုလ်ကြီးအောင်ရှိန်(ငြိမ်း)-ဒေါ်ခင်ဝင်းတို့၏မောင်၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန်းအောင်(ရေ၊ မီး)၊ ကိုသက်အောင်(တပ်စာရင်းကိုင်)၊မအေးအေးမွန်၊ မမူမူအောင် (INNO အထည်ချုပ်စက်ရုံ)၊ မနီနီအောင် (တပ်မတော်အထည်ချုပ်စက်ရုံ၊ ဝါယာလက်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃-၅-၂၀၁၆ရက်(သောကြာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
### ဒေါ်သန်းသန်းဦး
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ ၂လမ်း၊ အမှတ် ၉၆/ကနေ (ဦးပန်းချိန်-ဒေါ်တင်ကြည်)တို့၏သမီး၊ (ဦးအုန်းမောင်)၏ဇနီး၊ (ဦးမြကြိုင်)-ဒေါ်သန်းသန်းမြင့်၊ ဦးရွှေငွေး (လန်းပီ ပင်လယ်ရေကြောင်းကုမ္ပဏီ) - ဒေါ်လှလှနွယ်တို့၏အစ်မ၊ အရခဗ/၁၁ သိန်းငွေး (တပ်မတော်-ရေ) - ဒေါ်အေးအေးရီ၊ ဦးစီးအရာရှိ ငွေးဝင်း(လဝက/ထန်းတပင်မြို့)-ဒေါ်ခင်ငွေးမြင့်၊ ဒေါ်မြင့်မြင့်စိုး(အမက-၂၆ လခွဲ၊ လှိုင်သာယာ)၊ ဒေါ်ဥမ္မာစိုး (အမက-၂၆၊ လခွဲ၊ လှိုင်သာယာ)၊ ဒေါ်သင်းသင်းစိုး (အလက-၅၊ အင်းစိန်)၊ ဒေါ်ကြည်ကြည်စိုး၊ ရဲတပ်ကြပ်စန်းဝင်းလှိုင်(နရခ) - ဒေါ်မြင့်မြင့်ဝင်း (လခွဲ၊ ဇရပ်ကွင်း)၊ ဦးဇော်ဝင်းလှိုင် (E/O, Uniteam Marine)တို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၄-၅-၂၀၁၆ရက် (စနေနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ပြောင်းလဲလာသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**မြေပြိုဆည်တွေ ကျိုးပေါက်မှုမဖြစ်စေဖို့၊ ရေပိုလွှဲထွက်ပေါက်တွေ အမြန်ဆုံးဆောင်ရွက်နိုင်ဖို့နဲ့ ကျိုးနိုင်တဲ့အလားအလာရှိရင် ဘေးသင့်နိုင်တဲ့ရွာတွေကို ကြိုးမဲ့ဆက်သွယ်ရေးစနစ်နဲ့ ကြိုတင်အသိပေးနိုင်ဖို့ ဆောင်ရွက်သွားမယ်**

တွေ့ဆုံမေးမြန်း - ဟန်နီဝင်း၊ ဓာတ်ပုံ - ကျော်ရဲဆွေ စာ - ၁၆၊ ၁၇

# ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဆင့်ရောက်နိုင် မြန်မာ့ကမ်းရိုးတန်းဒေသ နေထိုင်လုပ်ကိုင်သူများ သတိထားသင့်

တွေ့ဆုံမေးမြန်း - မင်းမင်းဇော်(သတင်းစဉ်)၊ ဓာတ်ပုံ - (မိုး/ဇလ မှတ်တမ်း)

**ယနေ့ ကမ္ဘာ့နိုင်ငံအများအပြားတွင် ပုံမှန်မဟုတ် ပြင်းထန်သည့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကို ခံစား လာကြရသည်။ ထိုဖြစ်စဉ်များတွင် အယ်နီညိုနှင့် လာနီညာ ရာသီဥတုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံများ၌ တိုက်ရိုက် ကျရောက်ခြင်းဖြင့် တစ်မျိုး၊ သွယ်ဝိုက်ခြင်းဖြင့် တစ်သွယ် ခံစားကြရသည်။ သာမန်အားဖြင့် အယ်နီညိုရာသီ ဥတုဆိုသည်မှာ ပူပြင်းခြင်း၊ လာနီညာရာသီဥတုဆိုသည်မှာ အေးမြခြင်းဟု သိကြသော်လည်း အဆိုပါ ရာသီဥတု ဖြစ်စဉ်၊ အကျိုးသက်ရောက်မှုနှင့် မည်သို့ ပြန်လည်ထိန်းသိမ်းသင့်သည်တို့ကို သိရှိရန်လိုအပ်မည်ဖြစ်သည်။**

**ထို့ကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးကျော်မိုးဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**

**မေး။ ဘင်္ဂလားပင်လယ်အော်အတွင်းမှာ ဖြစ်ပွားနိုင်တဲ့ လေဖိအားနည်းရပ်ဝန်းနဲ့ အယ်နီညိုရာသီဥတုဖြစ်စဉ် ဘယ်လိုဆက်စပ်တယ်ဆိုတာကို သိပါရစေ။**

ဖြေ။ အယ်နီညိုရာသီဥတုဖြစ်တဲ့ နှစ်တွေမှာဆိုရင် ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ ပုံမှန်ထက် ပိုပူလာပါတယ်။ မုန်တိုင်းဖြစ်ဖို့ဆိုရင် ပင်လယ် ရေမျက်နှာပြင်ဟာ ပုံမှန်အပူချိန်ထက် ပိုရမှာဖြစ်တယ်။ မြန်မာနိုင်ငံမှာ ခံစားခဲ့ရတဲ့ အယ်နီညိုနှစ်တွေကို ပြန်ကြည့်ရင် လေဖိအားနည်း ရပ်ဝန်းတွေ၊ မုန်တိုင်းတွေဖြစ်ပွားခဲ့တယ်ဆိုတာ တွေ့ရမှာဖြစ်တယ်။ မေလအတွက် မိုးလေဝသ ခန့်မှန်းချက်ကို ထုတ်ပြန်မယ်ဆိုရင် မေလရဲ့ မိုးလေဝသပုံသဏ္ဌာန်နဲ့ညီတဲ့ ဦးစားပေးနှစ်ကို ရွေးချယ်ပါတယ်။ ရွေးချယ်တဲ့ သုံးနှစ်မှာ လေဖိအားနည်းရပ်ဝန်းနဲ့ မုန်တိုင်းတွေဖြစ်ခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ အယ်နီညိုနဲ့ မုန်တိုင်းဆက်စပ်မှုဟာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနဲ့ ဆက်စပ်တယ်လို့ ပြောလို့ရတယ်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻




မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် မေလအတွင်း ဖြစ်ပေါ်နိုင်သည့် မိုးလေဝသခန့်မှန်း ချက်အခြေပြပုံ

# ၂၀၁၆ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIC အသင်း အနိုင်ရဗိုလ်စွဲ

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်

**ရန်ကုန် မေ ၁၄**

၂၀၁၆ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းက အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ MIC အသင်း **(ယာပုံ)** က ချန်ပီယံဆု ဆွတ်ခူးရရှိသွားသည်။

နောက်ဆုံးပွဲစဉ်များတွင် ယူ-၁၉က UPTကို ငါးဂိုး-နှစ်ဂိုး၊ YZက ရန်ကုန်စီးတီးကို ခုနစ်ဂိုး - ငါးဂိုး၊ VUC က Winner ကို ကိုးဂိုး-ဂိုးမရှိ၊ PUက MICကို ငါးဂိုး-သုံးဂိုး တို့ဖြင့် အနိုင်ရရှိခဲ့သည်။ MIC မှာ ပွဲစဉ်မကုန်မီ ချန်ပီယံဖြစ်ခဲ့သော်လည်း

*စာမျက်နှာ ၈ ကော်လံ ၁* ✪




# စပိန်လာလီဂါဖလား ဘာစီလိုနာတို့ နှစ်နှစ်ဆက်တိုက်ဆွတ်ခူး

စာ - ၁၃

## တနင်္ဂနွေ ဖတ်စရာ

မြန်မာ့ရိုးရာအားကစား

**ကမ္ဘာ့လက်ဝှေ့ကျော်အများစု လာရောက်ယှဉ်ပြိုင် ထိုးသတ်မည့် ပထမဆုံး ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး**

စာ - ၁၉

ခရီးသွားဆောင်းပါး

**စိမ်းညို့ရောင်သန်းသည့် ရှမ်းတောင်တန်းနှင့် အောင်ပန်းဆီသို့**

စာ - ၂၀

ရန်ကုန်ရှေးဟောင်းအဆောက်အအုံများရဲ့ရာဇဝင်

**ရိုးစင်းလှသည့်အသွင်အပြင်ဖြင့် ယနေ့တိုင်ခံ့ညားသပ်ရပ်စွာ လူငယ်တို့ဝင်ထွက်သွားလာရာ နှစ်ပေါင်းတစ်ရာကျော်မှ အဆောက်အအုံ**

စာ - ၂၂




ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း

၁၄ - ၅ - ၂၀၁၆

| | | | |
|---|---|---|---|
| နေပြည်တော် | ၇ | ဒသမ | ၁ |
| ရန်ကုန် | ၉ | ဒသမ | ၉ |
| မန္တလေး | ၈ | ဒသမ | ၇ |

Myint Myat Maung Services Co.,Ltd.
Car Sales Center
Auction Data Form ပြ၍ရောင်းပေးခြင်း၊ ဈေးနှုန်းကပ်၍ရောင်းပေးနေခြင်းများကြောင့် ကီလိုမှန်၊ ဈေးနှုန်းမှန်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
အမှတ်(၈/၁၂)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ : 09-5012633, 09-965145313, 09-785145313 : 01-516156